မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၀ ပြည့်နှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၅ ရက်၊ ၂၀၀၈ ခုနှစ်၊ အောက်တိုဘာ ၁၉ ရက်၊ တနင်္ဂနွေနေ့၊ အတွဲ(၄၈)၊ အမှတ်(၁၉)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

- * နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- * အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
- * ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- * ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

- * စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- * ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- * ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- * နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

- * တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- * အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- * မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- * တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ တတိယနေ့ပြိုင်ပွဲများ စည်ကားသိုက်မြိုက်စွာဆက်လက်ကျင်းပ

နေပြည်တော် အောက်တိုဘာ ၁၈

(၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ တတိယနေ့ပြိုင်ပွဲများကို ယနေ့နံနက်ပိုင်းနှင့် မွန်းလွဲပိုင်းတို့တွင် နေပြည်တော်ရှိ သတ်မှတ်နေရာ အသီးသီးတို့၌ စည်ကားသိုက်မြိုက်စွာ ဆက်လက်ကျင်းပသည်။

ကြည့်ရှုအားပေး

အဆိုပါပြိုင်ပွဲအသီးသီးသို့ (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်နှင့် ဇနီး၊ ကျင်းပရေး ဦးစီးကော်မတီ ဒုတိယဥက္ကဋ္ဌ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့်နှင့်ဇနီး၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောလွှင်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်၊ အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်တင်ထွန်းအောင်၊ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြိုင်ပွဲကျင်းပရေးလုပ်ငန်းကော်မတီ အတွင်းရေးမှူးနှင့် လုပ်ငန်းကော်မတီဝင်များ၊ ဆပ်ကော်မတီများမှ ကော်မတီဝင်များ၊ ဗဟိုအကဲဖြတ်ပညာရှင်များ၊ ပြည်နယ်နှင့် တိုင်းများမှ အကဲဖြတ်ပညာရှင်များ၊ ကြီးကြပ်သူများနှင့် ပြိုင်ပွဲဝင်များ၊ မြန်မာ့ရိုးရာယဉ်ကျေးမှု အနုသုခုမပညာရပ်ကို လေးစားတန်ဖိုးထားကြသော ပြည်သူများ တက်ရောက်ကြည့်ရှု အားပေးကြသည်။ *စာမျက်နှာ ၈ ကော်လံ ၁* ❑

အခြေခံပညာအဆင့် အသက် (၁၀-၁၅)နှစ်အထိ (အမျိုးသမီး) မဟာဂီတအဆိုပြိုင်ပွဲ၌ ချင်းပြည်နယ်မှ မမေသူသူထွန်း ပါဝင်ယှဉ်ပြိုင်စဉ်။ ဓာတ်ပုံမှတ်တမ်း-တင်စိုး(မြန်မာ့အလင်း)

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ
ခွန်းဆိုလုစ်ဟ ပြောကြားကြသည့် ဆင်နွှဲသူတို့ ရင်တွင်းစကား

သတင်းခရီးသည်-မောင်မောင်မြင့်ဆွေ ဓာတ်ပုံမှတ်တမ်း-တင်စိုး(မြန်မာ့အလင်း)
စာမျက်နှာဖွဲ့စည်းမှု - သန်းဇော်

နေပြည်တော် အောက်တိုဘာ ၁၈ (ဖက်စ်)

ရှမ်းရိုးမတောင်တန်းကို နောက်ခံပြုထားသည့် အေးချမ်းသာယာသော နေပြည်တော် ရေဆင်းတက္ကသိုလ်များနယ်မြေ၌ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊အရေး၊အတီးပြိုင်ပွဲဝင်တို့၏ ယှဉ်ပြိုင်သံများဖြင့် ဖုံးလွှမ်းလျက်ရှိနေပေပြီ။ တိုင်းရင်းသားရိုးရာဝတ်စုံများဖြင့် ပြိုင်ပွဲခန်းမ အသီးသီးသို့သွားလာလှုပ်ရှားနေသည့်မြင်ကွင်းကားပန်းချီအကျော်အမော်တစ်ဦး၏လက်ရာမြောက် ပန်းချီကားတစ်ချပ်နှယ်....။

စုစည်းဖော်ပြ

(၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ ပတ္တလားတီးပြိုင်ပွဲကျင်းပရာ စိုက်ပျိုးရေးတက္ကသိုလ်(စာသင်ခန်းမ)သို့ မြန်မာ့အလင်း သတင်းအဖွဲ့ ရောက်ရှိချိန်၌ ပြိုင်ပွဲစတင်နေပြီ ဖြစ်သည်။ ထို့ကြောင့် ပတ္တလားတီး အကဲဖြတ်ဒိုင် အဖွဲ့ခေါင်းဆောင် ဦးမြစတင်းအပါအဝင် ပြိုင်ပွဲခန်းမအသီးသီးသို့ သွားရောက်ကာ အကဲဖြတ်ဒိုင်အချို့နှင့် ပြိုင်ပွဲဝင်အချို့တို့အား တွေ့ဆုံပြီး ပြိုင်ပွဲကြီးနှင့် ပတ်သက်သည့် ၎င်းတို့၏ ရင်တွင်းစကားများကို စုစည်းဖော်ပြလိုက်ပါသည်။ *စာမျက်နှာ ၆ ကော်လံ ၁* ✻

သီဆိုယှဉ်ပြိုင်

အခြေခံပညာအဆင့် အသက်(၁၀-၁၅)နှစ် (အမျိုးသမီး) မဟာဂီတ အဆိုပြိုင်ပွဲတွင် ပဲခူးတိုင်းမှ မခင်ဝတ်ရည် သီဆိုယှဉ်ပြိုင်ဟန်။ (မြန်မာ့အလင်း)

အကယှဉ်ပြိုင်

အခြေခံပညာအဆင့် အသက်(၁၀-၁၅)နှစ် (အမျိုးသမီး) အက ပြိုင်ပွဲတွင် မန္တလေးတိုင်းမှ မထက်ထက်စံ၏ ယှဉ်ပြိုင်ကပြဟန်။ (မြန်မာ့အလင်း)

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၈ ခုနှစ် အောက်တိုဘာ ၁၉ ရက်)

မြန်မာ–ဘင်္ဂလားဒေ့ရှ် ကုန်သွယ်မှု၊ ရင်းနှီးမှုများတိုးချဲ့ ချစ်ခင်ရင်းနှီးမှု၊ ပူးပေါင်းမှုဖြင့် စီးပွားရေးတိုးမြှင့်ဖော်ဆောင်

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်တို့ တွေ့ဆုံဆွေးနွေးပွဲကို အောက်တိုဘာ ၈ ရက်က ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ ဒါကာမြို့ရှိ ဘင်္ဂလားဒေ့ရှ်နိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ရုံး၌ ကျင်းပခဲ့ပေသည်။

နှစ်နိုင်ငံအကြား တည်ရှိဖြစ်ထွန်းနေသော ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းကောင်းများ တိုးချဲ့ရေးအတွက် အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

မြန်မာနိုင်ငံသည် မြေသယံဇာတ၊ရေသယံဇာတ ပြည့်စုံသည့်အလျောက် လယ်ယာထွက်ကုန်များ၊ သစ်တောထွက်ပစ္စည်း၊ ရေထွက်ပစ္စည်း၊ သတ္တုတွင်းထွက်ပစ္စည်းများနှင့် ပြည့်ဝလျက်ရှိသည်။ ပြည်တွင်း၌စားသုံးမှုအပြင် ပြည်ပနိုင်ငံများသို့ပါ တင်ပို့ရောင်းချနိုင်ခဲ့သည်။

မြန်မာ–ဘင်္ဂလားဒေ့ရှ်နှစ်နိုင်ငံသည် ကုန်သွယ်မှုလုပ်ငန်းများကို တိုးချဲ့ရန် အလားအလာကောင်းများရှိသည့်အလျောက် မြန်မာနိုင်ငံအနေဖြင့် ကုန်သွယ်မှုပမာဏ ဒေါ်လာသန်း ၅၀၀ အထိ တိုးမြှင့်လုပ်ကိုင်သွားရန် ရည်မှန်းထားသည်။

ကုန်သွယ်မှုလမ်းကြောင်း စည်းကမ်းတကျ ပုံမှန်ဖွံ့ဖြိုးတိုးတက်ရန်အတွက် မြန်မာနိုင်ငံ၏ စီးပွားရေးဖြစ်ပေါ်တိုးတက်မှု အခြေအနေနှင့် နှစ်နိုင်ငံအကြား ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှု တိုးချဲ့နိုင်သည့် အလားအလာများရှိသည်ကို ဆွေးနွေးခဲ့ပေသည်။

ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံ ကိုယ်စားလှယ်အဖွဲ့က နှစ်နိုင်ငံအကြား၌ ကူးသန်းရောင်းဝယ်ရေး အခွင့်အလမ်းများ များစွာရှိနေကြောင်း၊ မှန်ကန်မြန်ဆန်ရန်၊ ကြိုးပမ်းဆောင်ရွက်ရန် လိုလားကြောင်းကို ထုတ်ဖော်ဆွေးနွေးခဲ့သည်။

သို့ဖြစ်ပေရာ မြန်မာ–ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံတို့သည် စီးပွားရေးအကျိုးတူကိစ္စရပ်များ ညှိနှိုင်းဆွေးနွေး၍ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများကို ရှိရင်းစွဲချစ်ခင်ရင်းနှီးမှု၊ ပူးပေါင်းမှုတို့ဖြင့် တိုးမြှင့်ဆောင်ရွက်သွားနိုင်မည် ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

သတ္တုဗေဒအင်ဂျင်နီယာ ကျောင်းသား ကျောင်းသူဟောင်းများ မြှတ်ဆရာပူဇော်ပွဲနှင့် မိတ်ဆုံပွဲကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၁၈

ရန်ကုန်စက်မှုတက္ကသိုလ်နှင့် သက်ဆိုင်ရာ နည်းပညာတက္ကသိုလ်များမှ သတ္တုဗေဒအင်ဂျင်နီယာ ကျောင်းသားကျောင်းသူဟောင်းများက အငြိမ်းစား ဆရာကြီး၊ ဆရာမကြီးများအား မြှတ်ဆရာပူဇော်ပွဲနှင့် မိတ်ဆုံပွဲအခမ်းအနားကို မန္တလေးမြို့(သို့မဟုတ်) ပြင်ဦးလွင်မြို့၌ နိုဝင်ဘာလအတွင်း ကျင်းပသွားမည်ဖြစ်ရာ အကြိုညှိနှိုင်းအစည်းအဝေးကို မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း အဆောက်အအုံ၌ အောက်တိုဘာ ၂၆ ရက် မွန်းလွဲ ၂ နာရီတွင် ကျင်းပမည်ဖြစ်သည်။

ကျောင်းသား ကျောင်းသူဟောင်းများသည် အလှူငွေများကို ဗိုလ်မှူးကြီးဘဏ်ထွန်းဦး(ငြိမ်း) ဖုန်း–၀၉–၅၁–၉၂၀၆၂၊ ဦးညွန့်ဌေး ဖုန်း–၇၀၈၈၆၁၊ ဒေါက်တာအေးမြင့် ဖုန်း–၆၂၀၄၅၄၊ ဒေါက်တာကေသီလွင် ဖုန်း–၀၉–၅၀–၂၉၄၁၀၊ ဒေါက်တာခိုင်ခိုင်အေး ဖုန်း–၆၄၂၄၀၉၊ ဦးသန်းဌေး ဖုန်း–၀၉–၅၀–၃၈၄၆၅၊ ဦးကျော်စိုး ဖုန်း–၀၉–၅၁–၅၇၀၁၈၊ ဦးမြင့်စိုး ဖုန်း–၀၉–၅၃၁၂၄၈၊ ဒေါက်တာစွဲကြည်သာစိုး ဖုန်း–၀၉–၅၁–၈၄၄၇၈နှင့် ဒေါ်ညွန့်ညွန့်အေး ဖုန်း–၀၉–၂၀–၁၃၃၅၁ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား

၁၉–၁၀–၂၀၀၈ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၅ ၂။ အဖွင့်သီချင်း
- ၇း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇း၄၅ ၆။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
- ၇း၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇း၅၅ ၈။ အမျိုးသားရေးတေးကဗျာ
- ၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

နေ့လယ်ပိုင်း

- ၁၂း၀၀ ၁။ မြဝတီအဖွင့်
- ၁၂း၀၅ ၂။ အဖွင့်သီချင်း
- ၁၂း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၁၂း၃၀ ၄။ မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင်
- ၁၃း၅၀ ၅။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၅ ၂။ အဖွင့်သီချင်း
- ၄း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၄း၁၅ ၄။ ချိုမြလက်သံ ငြိမ့်ညောင်းဟန်
- ၄း၂၀ ၅။ စည်းကမ်းလိုက်နာ ဘေးကင်းကွာ
- ၄း၄၅ ၆။ မြန်မာသံစဉ်ချိုနားဝင်
- ၄း၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၅း၀၀ ၈။ သံစဉ်များနဲ့ကမ္ဘာ
- ၆း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၁၀ ၁၀။ နိုင်ငံတကာသတင်း
- ၆း၂၀ ၁၁။ အမျိုးသားရေးတေးကဗျာ
- ၆း၃၅ ၁၂။ ကမ္ဘာ့အံ့ဖွယ် မျက်လှည့်ပညာရှင်များ
- ၆း၄၅ ၁၃။ လျှပ်တစ်ပြက်
- ၇း၀၀ ၁၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **သံယောဇဉ်နှောင်ကြိုး** (အပိုင်း–၁၆)
- ၈း၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၆။ မိုးလေဝသသတင်း
- ၁၇။ အမျိုးသားရေးတေးကဗျာ
- ၁၈။ ပဟေဠိနန်းတော်
- ၁၉။ ကျန်းမာသုတ
- ၂၀။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
- ၂၁။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ရွှေမင်းသမီးရဲ့ဖူးစာ** (အပိုင်း–၁၆)

သွေးလှူရှင်များ ဂုဏ်ပြုပွဲကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၁၈

(၃၂)ကြိမ်မြောက်သွေးလှူရှင်များ ဂုဏ်ပြုပွဲကို ဒီဇင်ဘာ ၁၄ရက်တွင် သူနာပြုတက္ကသိုလ်(ရန်ကုန်)ခန်းမဆောင်ကြီး၌ ကျင်းပမည်ဖြစ်ရာ (၃၁)ကြိမ်မြောက်သွေးလှူရှင် ဂုဏ်ပြုပွဲနောက်ပိုင်း အကြိမ်(၅၀)နှင့်အထက် သွေးလှူရှင်များ၊ ၂၀၀၈ခုနှစ် ဇန်နဝါရီ ၄ရက်(လွတ်လပ်ရေးနေ့)တွင် နိုင်ငံတော်အစိုးရက ချီးမြှင့်သည့် လူမှုထူးချွန်(ပထမဆင့်၊ ဒုတိယဆင့်၊ တတိယဆင့်)ဆုရ သွေးလှူရှင်များသည် အောက်တိုဘာ ၂၁ရက် နံနက်ပိုင်းမှ စတင်၍ မိမိတို့၏ သွေးလှူရှင်ကတ်အပြည့်အစုံနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ယူဆောင်ပြီး ရန်ကုန်ပြည်သူ့ဆေးရုံကြီး ဗဟိုအမျိုးသားသွေးဌာနသို့ နိုဝင်ဘာ ၂၁ ရက် နောက်ဆုံးထား၍ ရုံးဖွင့်ရက်များတွင် နံနက် ၉နာရီခွဲမှ ညနေ ၃နာရီခွဲအတွင်း လာရောက် စာရင်းပေးသွင်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ-အိန္ဒိယ ကုန်သွယ်ရေးပူးတွဲကော်မတီအစည်းအဝေးကျင်းပ

ကုန်ပစ္စည်းအမယ်များ တိုးချဲ့တင်ပို့ခြင်းဖြင့် နှစ်နိုင်ငံကုန်သွယ်မှုမြှင့်တင် လျှပ်စစ်နှင့်စွမ်းအင်ဆိုင်ရာများ ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေး

ရန်ကုန် အောက်တိုဘာ ၁၈

တတိယအကြိမ် မြန်မာ - အိန္ဒိယ ကုန်သွယ်ရေးပူးတွဲကော်မတီ အစည်းအဝေး တက်ရောက်ရန် အိန္ဒိယ သမ္မတ နိုင်ငံ ကူးသန်းရောင်းဝယ်ရေးနှင့် လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနမှ Minister of State H.E.Dr.Jairam Ramesh ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် အောက်တိုဘာ ၁၄ရက် နံနက်ပိုင်းက ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ရောက်ရှိကြသည်။

ထို့နောက် အိန္ဒိယသမ္မတနိုင်ငံကူးသန်းရောင်းဝယ်ရေးနှင့် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ Minister of State H.E. Dr.Jairam Ramesh နှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များသည် မွန်းလွဲပိုင်းတွင် မန္တလေးမြို့သို့ ရောက်ရှိကြပြီး စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်းအား မန္တလေးတောင်ဟိုတယ်၌ လာရောက် တွေ့ဆုံကြသည်။

ရင်းနှီးပွင့်လင်းစွာဆွေးနွေး

တတိယအကြိမ် မြန်မာ - အိန္ဒိယ ကုန်သွယ်ရေးပူးတွဲကော်မတီ အစည်းအဝေးကို ညနေ သုံးနာရီခွဲတွင် မန္တလေးတောင်ဟိုတယ် အနော်ရထာခန်းမ၌ စတင်ကျင်းပရာ **(အပေါ်ယာပုံ)** စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်ထွန်း၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် အိန္ဒိယသမ္မတနိုင်ငံ ကူးသန်း ရောင်းဝယ်ရေးနှင့် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ Minister of State H.E.Dr.Jairam Ramesh နှင့် ကိုယ်စားလှယ်အဖွဲ့တို့ တက်ရောက်ကြပြီး နှစ်နိုင်ငံ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးညှိနှိုင်းကြသည်။

နှစ်နိုင်ငံကုန်သွယ်မှုမြှင့်တင်

ထိုသို့ဆွေးနွေးကြရာတွင် ရိဒ်–ဇိုခေါဒါနှင့် တမူး–မိုးရေး နှစ်နိုင်ငံနယ်စပ် ကုန်သွယ်ရေးကို နယ်စပ်ဖြတ်ကျော် ပုံမှန် ကုန်သွယ်ရေးသို့ မြှင့်တင်ဆောင်ရွက်ရေး၊ ထိုသို့ ဆောင်ရွက်ရန်လိုအပ်သည့် ဘဏ်အချင်းချင်းဆက်သွယ်မှု ပူးပေါင်းဆောင်ရွက်ရေး၊ ကုန်ပစ္စည်း အမယ်များ တိုးချဲ့တင်ပို့ခြင်းဖြင့် နှစ်နိုင်ငံကုန်သွယ်မှုမြှင့်တင်ရေး၊ လျှပ်စစ်ဆိုင်ရာ၊ စွမ်းအင်ဆိုင်ရာကိစ္စများ ပူးပေါင်းဆောင်ရွက်ရေးနှင့် စပ်လျဉ်းသည့် ကိစ္စရပ်များကို ဆွေးနွေးညှိနှိုင်းကြသည်။

လက်မှတ်ရေးထိုး

တတိယအကြိမ် မြန်မာ–အိန္ဒိယ ကုန်သွယ်ရေး ပူးတွဲကော်မတီအစည်းအဝေး ဒုတိယနေ့ အစီအစဉ်များကို အောက်တိုဘာ ၁၅ရက် နံနက်ပိုင်းတွင် မန္တလေးတောင်ဟိုတယ်၌ ဆက်လက်ကျင်းပရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်းနှင့် အိန္ဒိယသမ္မတနိုင်ငံ ကူးသန်းရောင်းဝယ်ရေးနှင့် လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနမှ Minister of State H.E.Dr.Jairam Ramesh တို့သည် မြန်မာ–အိန္ဒိယ တတိယအကြိမ် ကုန်သွယ်ရေးပူးတွဲကော်မတီအစည်းအဝေး မှတ်တမ်းကို လက်မှတ်ရေးထိုး လဲလှယ်ကြပြီး အစည်းအဝေးကိုရုပ်သိမ်းလိုက်သည်။

ပြန်လည်ထွက်ခွာ

အိန္ဒိယသမ္မတနိုင်ငံ ကူးသန်းရောင်းဝယ်ရေးနှင့် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ Minister of State H.E.Dr.Jairam Ramesh ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် အောက်တိုဘာ၁၆ရက် ညနေပိုင်းက ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာသွားကြသည်။

(သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာန စခန်းမှူးရုံး (၅၅)ကြိမ်မြောက် မိသားစုဘုံကထိန်ကျင်းပ

ကာကွယ်ရေးဝန်ကြီးဌာန စခန်းမှူးရုံး (၅၅)ကြိမ်မြောက် မိသားစုဘုံကထိန်တွင် အလှူရှင်များ လှူဒါန်းသည့် လှူဖွယ်ပစ္စည်းပဒေသာပင်များကို တွေ့ရစဉ်။ (သတင်းစဉ်)

နေပြည်တော် အောက်တိုဘာ ၁၈

ကာကွယ်ရေးဝန်ကြီးဌာန စခန်းမှူးရုံး(၅၅)ကြိမ်မြောက် မိသားစုဘုံကထိန်ကို ယနေ့နံနက်၉နာရီခွဲတွင် ကာကွယ်ရေးဝန်ကြီးဌာန ကန်ဦးပရိယတ္တိစာသင်တိုက် ဓမ္မာရုံ(ရေဆင်းရွာ)၌ကျင်းပရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အုန်းမြင့်နှင့် ဇနီး ဒေါ်နုနုဆွေ၊ ဗိုလ်ချုပ်မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့ တက်ရောက်၍ ကထိန်လျာသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

တက်ရောက်ကြည်ညို

အခမ်းအနားသို့ ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ဝိစာရိန္ဒာဘိဝံသ အမှူးပြုသော ကန်ဦးပရိယတ္တိစာသင်တိုက်မှ ဆရာတော် သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူကြပြီး ကာကွယ်ရေးဝန်ကြီးဌာန စခန်းမှူးရုံး စခန်းမှူး ဗိုလ်ချုပ်လှအောင်သိန်း၊ ဇနီး ဒေါ်အေမီခိုင်နှင့်စခန်းမှူးရုံးမှအရာရှိ၊ အရာခံ၊ အကြပ်၊စစ်သည်နှင့်မိသားစုများတက်ရောက်ကြည်ညိုကြသည်။ **(သတင်းစဉ်)**

ပညာရှိသည် သတိဖြင့် အမြဲကြည့်၏

ပညာရှိတို့သည် မမေ့မလျော့သော သတိတရား လက်ကိုင်ထားခြင်းဖြင့် စိုးရိမ်ကြောင့်ကြမှုကင်းသည်။ ထို့အပြင် သူမိုက်တို့၏အပြစ်ကိုပင် တွေ့မြင်ပါက ဆင်ခြင်သုံးသပ် ပြုပြင်ပေးလေ့ရှိသည်။

(ဓမ္မပဒ - ၂၈)

(၈၈)နှစ်မြောက် အမျိုးသားနေ့ ကျင်းပရေးဗဟိုကော်မတီ အစည်းအဝေးကျင်းပ

နေပြည်တော် အောက်တိုဘာ ၁၈

၂၀၀၈ခုနှစ် (၈၈)နှစ်မြောက် အမျိုးသားနေ့ ကျင်းပရေးဗဟိုကော်မတီ ပထမအကြိမ် အစည်းအဝေးကို ယမန်နေ့ နံနက် ၁၀နာရီက နေပြည်တော်ရှိ ပညာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ အမျိုးသားနေ့ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်း တက်ရောက်၍ အမှာစကားပြောကြားသည်။



၂၀၀၈ ခုနှစ် (၈၈) နှစ်မြောက် အမျိုးသားနေ့ကျင်းပရေး ဗဟိုကော်မတီ ပထမအကြိမ် အစည်းအဝေးတွင် အမျိုးသားနေ့ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်း အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

ဆွေးနွေးညှိနှိုင်း

အစည်းအဝေးသို့ အမျိုးသားနေ့ကျင်းပရေး ဗဟိုကော်မတီဝင် ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ အထူးဖိတ်ကြားထားသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ၂၀၀၇ခုနှစ် (၈၇)နှစ်မြောက်အမျိုးသားနေ့နှင့် စပ်လျဉ်းသည့် အစီရင်ခံစာကို ဗဟိုကော်မတီ တွဲဖက်အတွင်းရေးမှူး(၁) အမှတ်(၂) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးလွင်ကလည်းကောင်း၊ ၂၀၀၈ခုနှစ် (၈၈)နှစ်မြောက် အမျိုးသားနေ့အခမ်းအနား ကျင်းပရေးစီမံချက်ကို ဗဟိုကော်မတီ အတွင်းရေးမှူး ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဘိုဝင်းကလည်းကောင်း ရှင်းလင်းတင်ပြကြရာ ဗဟိုကော်မတီဝင်များက ဆွေးနွေးညှိနှိုင်းကြသည်။

ထို့နောက် ဝန်ကြီး ဒေါက်တာချမ်းငြိမ်းက နိဂုံးချုပ် အမှာစကားပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

ယခုအပတ် ဖလားဝါးနယူးစ်ဂျာနယ် သတင်းဆောင်းပါး ဝေဝေဆာဆာဖြင့် ဖြန့်ချိ

ရန်ကုန် အောက်တိုဘာ ၁၈

ယခုအပတ်ထုတ် ဖလားဝါးနယူးစ်ဂျာနယ် အတွဲ ၄၊ အမှတ် ၄၁၌ စုပေါင်းတာဝန်ယူစနစ်ဖြင့် မတ်ပဲစိုက်တောင်သူများကို အတိုးမဲ့ငွေချေးမည်၊ နို့မှုန့်ကြောင့် ဆေးရုံတက်ကုသရသော ကလေးများ မြန်မာနိုင်ငံတွင်မရှိသေး၊ အိန္ဒိယနှင့် တရုတ်တို့၏ စားနပ်ရိက္ခာအခက်အခဲကြောင့် မြန်မာ့စားသောက်ကုန်လုပ်ငန်းများ အမြန်ဖွံ့ဖြိုးလာမည်၊ ခရီးသွားလာမှုလုံခြုံရေးအတွက် ခရီးသည်တင်ယာဉ်များနှင့် တက္ကစီများကို စစ်ဆေးမှုတိုးမြှင့်၊ ဂျပန်အိုင်တီကုမ္ပဏီတစ်ခု မြန်မာနိုင်ငံတွင် ရုံးခွဲဖွင့်ရန်စီစဉ်နေ၊ အိုင်တီကျွမ်းကျင် မြန်မာလူငယ်များအတွက် အလုပ်အကိုင်အခွင့်အလမ်းသစ်များရရှိနိုင်၊ ရန်ကုန်မြို့တွင်း မျက်လှည့်ပြဆေးရောင်းချမှုများရှိနေ၊ မြန်မာ့သီဟိုဠ်စေ့အရသာ အိန္ဒိယပညာရှင်က ချီးကျူး၊ မြန်မာ့ဟင်းသီးဟင်းရွက်များ ကိုရီးယားကဝယ်တော့မည်၊ မယ်လမင်းပါ နို့မှုန့်ခုနစ်မျိုး ထပ်မံစစ်ဆေးတွေ့ရှိ၊ ခွင့်ပြုချက်မရရှိဘဲ သုံးစွဲထားသော ထန်းရွက်ပုတီးသီချင်းကိစ္စ ရွာစားကြီး(ဦး)စိန်တင်ဟန်၏ မိသားစုက ရှင်းလင်း၊ မုန်တိုင်းသင့်ဒေသအမျိုးသမီးများ ကိုယ်ပိုင်လုပ်ငန်းဖြင့် ရပ်တည်နိုင်ရန် ကူညီမည် စသည့် ပြည်တွင်းရေးရာသတင်းများနှင့်အတူ ဂျပန်ရှိဆွေမျိုးထံ အလည်သွားသူများ ဗီဇာလျှောက်ရာတွင် ဒါတွေသိစေချင်၊ **'တစ်ပတ်ထဲမှာပြောစရာ'** ကဏ္ဍ၊ မြောက်ပိုင်းချင်းတောင်ရဲ့ အမှတ်တရပုံရိပ်များ···· ခရီးသွားရသသုံးသပ်ဆောင်းပါးများ ဝေဝေဆာဆာဖြင့် ယနေ့ထွက်ရှိလာပြီဖြစ်သည်။

'ကျွန်တော်တို့ရဲ့လုပ်ဆောင်မှုတွေဟာ တရားနည်းလမ်းအတိုင်းသာဖြစ်ပါတယ်' အီရန်နိုင်ငံခြားရေးဝန်ကြီး မန်နူချာမော့တာကီနှင့် New Weeks မဂ္ဂဇင်းတို့ တွေ့ဆုံမေးမြန်းခြင်း နိုင်ငံတကာအင်တာဗျူးဆောင်းပါးနှင့်အတူ အီရန်က အမေရိကန်နှင့် ဆွေးနွေးရန် အကြောင်းနှစ်ချက်ရှိ၊ စင်ကာပူက အောင်မြင်မှုကို ဘယ်လိုယူခဲ့သလဲ၊ ငါးကလေးများဖြင့် ခြေထောက်သန့်ရှင်းအောင် ပြုစုကုသခြင်းတားမြစ်၊ ဖျားနာခွင့်ရက်ရှည်ယူတတ်သူများ အချိန်မတိုင်မီ သေဆုံးရတတ်၊ အသက် ၁၀၅နှစ်ရှိ အဘွားအိုက လိင်မှုကိစ္စကင်းရှင်းသောကြောင့် အသက်ရှည်ဟုဆို၊ ကမ္ဘာ့စီးပွားရေးကျဆင်း၍ တရုတ်သူဌေးမလည်း စည်းစိမ်သုံးပုံနှစ်ပုံဆုံး၊ အာဖဂန်သမ္မတ ကာဇိုင်း၏ကိုယ်စားလှယ်များနှင့် တာလီဘန်တို့က ဆော်ဒီဘုရင်၏ ညစာစားပွဲတွင် လျှို့ဝှက်ဆွေးနွေး၊ နေသည် စကြဝဠာတစ်ခုလုံး ပုံစံလုံးလုံးကြီးမဟုတ်ဟု သိပ္ပံပညာရှင်တို့ကဖော်ထုတ် စသည့် နိုင်ငံတကာထူးထူးဆန်းဆန်း သတင်းများ၊ စီးပွားရေးသုံးသပ်ဆောင်းပါးများ၊ ကျန်းမာရေး၊ ဖျော်ဖြေရေးကဏ္ဍများ စုံလင်စွာဖြင့် **e- Empire Media House** က မြန်မာတစ်ပြည်လုံး ဖြန့်ချိလိုက်ပြီ ဖြစ် သည်။ **(သတင်းစဉ်)**

လူငယ်အားမာန်မိုးယံဆီသို့ခေါင်းစဉ်ဖြင့် မကွေးတိုင်းပြဇာတ်အဖွဲ့ ယှဉ်ပြိုင်တင်ဆက်

နေပြည်တော် အောက်တိုဘာ ၁၈

(၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲ၏ ပြဇာတ်ပြိုင်ပွဲများကို ယနေ့ညနေ၆နာရီခွဲတွင် နေပြည်တော် ရေဆင်းတက္ကသိုလ်နယ်မြေရှိ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ဆက်လက်ကျင်းပရာ လူငယ်အားမာန်မိုးယံဆီသို့ ခေါင်းစဉ်ဖြင့် မကွေးတိုင်းပြဇာတ်အဖွဲ့က ဝင်ရောက်ယှဉ်ပြိုင်တင်ဆက်သည်။

ကြည့်ရှုအားပေး

အဆိုပါပြိုင်ပွဲသို့ ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီ ဒုတိယဥက္ကဋ္ဌ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့်၊ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဝင်းမြင့်၊ ဒုတိယရှေ့နေချုပ် ဒေါက်တာထွန်းရှင်၊ လုပ်ငန်းကော်မတီ အတွင်းရေးမှူးနှင့် ကော်မတီဝင်များ၊ ဗဟိုအကဲဖြတ်ပညာရှင်များ၊ ပြည်နယ်နှင့်တိုင်းများမှ အကဲဖြတ်ပညာရှင်များ၊တာဝန်ရှိသူများ၊မြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာကို ချစ်မြတ်နိုးကြသော ပြည်သူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ယှဉ်ပြိုင်တင်ဆက်

ပြိုင်ပွဲဝင် မကွေးတိုင်း ကိုယ်စားပြုပြဇာတ်အဖွဲ့တွင် စီစဉ်ကြီးကြပ်သူ ဦးခင်မောင်သန်း(မကွေး)၊ ဒါရိုက်တာ စိန်ငွေးဝင်း(မော်ကွန်းသဘင်)၊ ဂီတမှူး စိန်ငွေးဝင်း၊ ရွာစား စိန်ထွန်းထွန်း ဆိုင်းအဖွဲ့၊ ခေါင်းဆောင် မင်းသား အောင်ကိုကိုမင်း၊ ခေါင်းဆောင် မင်းသမီးနှင်းနုဝေနှင့် ဇာတ်ပို့ဇာတ်ရံများဖြစ်ကြသော မျိုးမင်းအောင်၊ လှရွှေစင်မင်းနှင့်အိအိဖြူတို့က မင်းဘူးခရိုင် စေတုတ္တရာမြို့နယ် နတ်ကြီးအာရောကျေးရွာမှ လူငယ်များ၏ အားမာန်နှင့် ရပ်ကျိုးရွာကျိုး၊တိုင်းပြည်အကျိုး စွမ်းစွမ်းတမံ ဆောင်ရွက်ကြပုံများကို အခြေခံ၍ အနုပညာ ပြောင်မြောက်စွာ ယှဉ်ပြိုင် တင်ဆက်ကြသည်။

(သတင်းစဉ်)

သင့်သွေးဖြင့် အသက်ကယ်ပါ

မြန်မာ့အလင်း မိုးလေဝသ ခန့်မှန်းချက်

သန်းသန်းနု ကိုးကားတင်ပြသည်

ဧရာဝတီတိုင်း၊ ရန်ကုန်တိုင်းနှင့် ပဲခူးတိုင်းတို့၌ မိုးထစ်ချုန်းရွာနိုင်

ရန်ကုန် အောက်တိုဘာ ၁၈

အောက်တိုဘာ၁၈ရက်က မြန်မာနိုင်ငံ၏ ရာသီဥတုအခြေအနေကို ဖော်ပြရပါလျှင် တနင်္သာရီတိုင်းတွင် နေရာကျဲကျဲ မိုးရွာခဲ့ပြီး၊ မန္တလေးတိုင်း၊ မကွေးတိုင်း၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့၌ နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့သည်။ ကျန်ပြည်နယ်နှင့် တိုင်းတို့၌ တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့သည်။

အောက်တိုဘာ၁၈ရက်က ရွာသွန်းခဲ့သော မိုးရေချိန်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

မိုးကုတ်	၁ဒသမ ၀၆လက်မ
ရေး	၁ဒသမ ၀၃လက်မ
ကော့သောင်း	၀ဒသမ ၇၅လက်မ

အောက်တိုဘာ၁၉ရက် **(ယနေ့)** ပြည်နယ်နှင့်တိုင်းများ၏ ရာသီဥတုကို ခန့်မှန်းရပါက မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့၌ နေရာကျဲကျဲ မိုးရွာနိုင်ပြီး၊ ရခိုင်ပြည်နယ်၊ ဧရာဝတီတိုင်း၊ ရန်ကုန်တိုင်းနှင့် ပဲခူးတိုင်းတို့၌ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ပြီး ရွာရန်ရာနှုန်း၆၀ဖြစ်သည်။ ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်ဖြစ်သည်။

မိုးထစ်ချုန်းရွာနိုင်

အောက်တိုဘာ၁၉ရက် **(ယနေ့)** နေပြည်တော်နှင့် မန္တလေးမြို့ အနီးတစ်ဝိုက် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း၈၀ဖြစ်သည်။

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။ မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည် ဖြစ်ကြောင်း ဖော်ပြလိုက်ရပါသည်။ ။

ကိုးကား-မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ထုတ်ပြန်ချက်

အရပ်သားများအား လေကြောင်းမှတိုက်ခိုက်နေမှု ရပ်တန့်ရန် အာဖဂန်သမ္မတက အမေရိကန်နှင့် နေတိုးတပ်များအား သတိပေး

ကန်ဒါဟာ (အာဖဂန်နစ္စတန်) အောက်တိုဘာ ၁၈

အာဖဂန်နစ္စတန်နိုင်ငံ၌ ဖြစ်ပွားခဲ့သော တိုက်ပွဲအတွင်း အနည်းဆုံး အရပ်သား ၁၇ ဦးသေဆုံးခဲ့ရခြင်းကို အာဖဂန်အာဏာပိုင်များက စုံစမ်းစစ်ဆေးနေကြောင်း တာဝန်ရှိသူတစ်ဦးက အောက်တိုဘာ ၁၇ရက်တွင် ပြောကြားလိုက်သည်။

လေကြောင်းမှတိုက်ခိုက်

နေတိုးတပ်ဖွဲ့ဝင်များက ဟယ်လ်မန်ပြည်နယ်၌ လေကြောင်းမှတိုက်ခိုက်ခဲ့မှုကြောင့် ကလေးများနှင့် အမျိုးသမီးများအပါအဝင် အောက်တိုဘာ ၁၆ရက်က အရပ်သားများ သေဆုံးခဲ့ရကြောင်း ကျေးရွာသားများနှင့် ရဲအရာရှိတစ်ဦးက ပြောကြားသည်။

သတိပေး

လေကြောင်း တိုက်ခိုက်မှုများကြောင့် အရပ်သားများသေဆုံးခဲ့ရခြင်းကို ရပ်တန့်အောင် လုပ်ရမည်ဖြစ်ကြောင်း အာဖဂန်သမ္မတဟာမစ်ကာဇိုင်း (ဝဲပုံ)က အမေရိကန်နှင့် နေတိုးတပ်များအား သတိပေးလိုက်သည်။

အရပ်သား ၉၀သေဆုံး

မကြာမီက အမေရိကန်တို့၏ လေကြောင်းမှ တိုက်ခိုက်မှုကြောင့် အပြစ်မဲ့အရပ်သား ၉၀သေဆုံးခဲ့ရကြောင်း အာဖဂန်အစိုးရက ပြောကြားသည်။

အကြမ်းဖက်

ယခုနှစ်အတွင်း အာဖဂန်နစ္စတန်၌ အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် လူပေါင်း ၄၈၀၀ ကျော်သေဆုံးခဲ့ပြီဖြစ်ကြောင်း အာဖဂန်တာဝန်ရှိသူများက ပြောဆိုသည်။

(အင်တာနက်)



အာဖဂန်နစ္စတန်နိုင်ငံ ကဘူးလ်မြို့အတွင်း အမေရိကန်နှင့် အပေါင်းပါတပ်များနှင့် အကြမ်းဖက်တပ်ဖွဲ့ဝင်များအကြား အပြန်အလှန် တိုက်ခိုက်မှုဖြစ်ပွားပြီးနောက် ပျက်စီးသွားသော အိမ်တစ်လုံးကို အောက်တိုဘာ ၁၇ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

အီရတ်နိုင်ငံအနှံ့ တိုက်ပွဲများဖြစ်ပွား တပ်ဖွဲ့ဝင်များပစ်ခတ်၍ အရပ်သား ၁၄ဦးသေဆုံး

ဘဂ္ဂဒက် အောက်တိုဘာ ၁၈

အီရတ်နိုင်ငံအတွင်း တိုက်ပွဲငယ်များ နေရာအနှံ့ဖြစ်ပွားလျက်ရှိသကဲ့သို့ တူရကီနှင့် အီရတ်နိုင်ငံ နယ်စပ်တစ်လျှောက်တွင်လည်း တူရကီတပ်ဖွဲ့ဝင်များနှင့် ပီကေကေ အကြမ်းဖက်တပ်ဖွဲ့များအကြား တိုက်ပွဲများ ဆက်လက်ဖြစ်ပွားလျက်ရှိသည်။ အောက်တိုဘာ ၁၆ရက်က အီရတ်နိုင်ငံအတွင်း ဖြစ်ပွားသော တိုက်ပွဲများ၌ အမေရိကန်တပ်ဖွဲ့ဝင်နှစ်ဦး အပါအဝင် ၁၄ဦးသေဆုံးကာ ၂၄ဦး ထိခိုက်ဒဏ်ရာ ရရှိသွားခဲ့သည်။

သေဆုံး

ဒီယာလာပြည်နယ်တွင် ဖြစ်ပွားခဲ့သော တိုက်ပွဲတစ်ခု၌ အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးခဲ့ပြီး တိုက်ပွဲမဟုတ်သည့် ဖြစ်စဉ်တစ်ခု၌လည်း အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးခဲ့သည်။

ရှာဖွေ

အမရာမြို့တွင်ဖြစ်ပွားသော တိုက်ပွဲ၌ ရဲတပ်ဖွဲ့ဝင် သုံးဦးသေဆုံးပြီး အရပ်သားလေးဦး သေဆုံးခဲ့သည်။ ရဲတပ်ဖွဲ့ဝင်များက အကြမ်းဖက်သမားများအား လိုက်လံရှာဖွေလျက်ရှိသည်။

ပေါက်ကွဲ

ဘဂ္ဂဒက်မြို့၌လည်း လမ်းဘေးဗုံး ပေါက်ကွဲမှုကြောင့် အီရတ်တပ်ဖွဲ့ဝင်နှစ်ဦး ဒဏ်ရာရရှိသွားကာ အနီးအနားရှိ ကားတစ်စီးကို ထိမှန်ခဲ့သဖြင့် ကားပေါ်တွင် လိုက်ပါလာသူ အရပ်သားသုံးဦး ဒဏ်ရာ ရရှိခဲ့သည်။

ဒဏ်ရာရ

ဘူဟစ်ဇ်မြို့အနီးတွင် သိုးကျောင်းနေသော ကလေးငယ်များအနီး လမ်းဘေးဗုံး ပေါက်ကွဲခဲ့ရာ ခြောက်နှစ်အရွယ် မိန်းကလေးတစ်ဦးသေဆုံး၍ ခုနစ်နှစ်အရွယ်သူမ၏ အစ်ကိုဖြစ်သူမှာ ဒဏ်ရာရရှိသွားခဲ့သည်။

ပစ်ခတ်

မိုဆူးလ်မြို့တွင်လည်း လမ်းဘေးဗုံးခွဲမှုနှင့် ပစ်ခတ်မှုများကြောင့် အီရတ်တပ်ဖွဲ့ဝင် ခုနစ်ဦး၊ ကလေးငယ်နှစ်ဦးနှင့် အရပ်သားနှစ်ဦးတို့ဒဏ်ရာရရှိသွားခဲ့သည်။ ထို့ပြင် အီရတ်တပ်ဖွဲ့ဝင်များ ပစ်ခတ်မှုကြောင့် အရပ်သားလေးဦး ထိခိုက်ဒဏ်ရာ ရရှိသွားခဲ့သည်။

(အင်တာနက်)

အမေရိကန်တပ်ဖွဲ့ဝင်ကို အာဖဂန်ရဲသတ်ဖြတ် တစ်လနီးပါးအတွင်း ဒုတိယအကြိမ်ဖြစ်ပွား

ကဘူးလ် အောက်တိုဘာ ၁၈

အာဖဂန်နစ္စတန်နိုင်ငံ၌ ခြေကျင်ကင်းလှည့်နေသည့် အမေရိကန်တပ်ဖွဲ့ဝင် တစ်ဦးကို အာဖဂန်ရဲတပ်ဖွဲ့ဝင်တစ်ဦးက သတ်လိုက်ကြောင်း အမေရိကန် စစ်ဘက်က အောက်တိုဘာ ၁၇ရက်တွင် ကြေညာသည်။

အာဖဂန် ရဲတပ်ဖွဲ့ဝင်က အမေရိကန်တပ်ဖွဲ့ဝင်ကို ပစ်သတ်ခြင်းမှာ ယခုအခါ တစ်လမပြည့်မီအတွင်း ဒုတိယအကြိမ် ဖြစ်သည်။

အရှေ့ပိုင်းပြည်နယ် ပက်တီယာရှိ တပ်စခန်းသို့ ပြန်လာသည့် အမေရိကန် တပ်ဖွဲ့ဝင်များကို သေနတ်ဖြင့်ပစ်၊ လက်ပစ်ဗုံးဖြင့် ထုခွဲတိုက်ခိုက်သည့် မျှော်စင်ပေါ်မှ ရဲတပ်ဖွဲ့ဝင်ကိုလည်း အမေရိကန် တပ်ဖွဲ့ဝင်များက ပြန်လည်ပစ်ခတ် သတ်ဖြတ်လိုက်သည်။

ထိုနေရာတွင် စက်တင်ဘာလအတွင်းကလည်း အလားတူ အာဖဂန် ရဲတပ်ဖွဲ့ဝင်တစ်ဦး၏လက်ချက်ဖြင့် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးခဲ့သည်။

(အင်တာနက်)

ကန်နှင့်အပေါင်းပါတပ်များ ဆောလျင်စွာ မဆုတ်ခွာရရေး အီရတ်တို့အား လုံခြုံရေးစာချုပ်ရန်တိုက်တွန်းထား

ဝါရှင်တန် အောက်တိုဘာ ၁၈

အီရတ်နိုင်ငံတွင် အမေရိကန်တို့၏အုပ်ချုပ်ပိုင်ခွင့် အခွင့်အာဏာမှာ ယခုနှစ်ကုန်ပိုင်း၌ ကုန်ဆုံးတော့မည်ဖြစ်၍ ဆက်လက်အုပ်ချုပ်ပိုင်ခွင့်ရှိသည့် မူကြမ်းကို သဘောတူညီရေးအတွက် အီရတ်နိုင်ငံရေးအသိုင်းအဝိုင်းမှ ထောက်ခံအားပေးကြရန် အမေရိကန်က တိုက်တွန်းထားသည်။

တပ်များရုပ်သိမ်းမည်

ယင်းသဘောတူစာချုပ် အသေးစိတ်ကို ထုတ်ပြန်ထားခြင်း မရှိသော်လည်း ၂၀၁၁ ခု နှစ်ကုန်ရောက်မှသာ အီရတ်မှ အမေရိကန်တပ်များ ရုပ်သိမ်းကြလိမ့်မည်ဟု တာဝန်ရှိသူများက ပြောကြားသည်။

နောက်ဆုံးသတ်မှတ်

လက်ရှိ ကုလသမဂ္ဂက အမေရိကန်ဦးဆောင်သောတပ်များ အီရတ်နိုင်ငံ၌ အုပ်ချုပ်ပိုင်ခွင့်ကို ဒီဇင်ဘာ ၃၁ရက် နောက်ဆုံးသတ်မှတ်ထားသည်။

ပြောကြား

အထက်ပါ သဘောတူစာချုပ်အရ ၂၀၀၉ ခုနှစ်အလယ်တွင် တိုက်ခိုက်ရေးတပ်ဖွဲ့ဝင်များ အီရတ်မြို့ကြီး၊ မြို့ငယ်များမှ ဆုတ်ခွာပြီး ၂၀၁၁ ခုနှစ်တွင် အပြီးရုပ်သိမ်းသွားရန် ဖြစ်ကြောင်း အမေရိကန်စစ်ဘက် တာဝန်ရှိသူများက ပြောကြားသည်။

အတိအကျ

သို့သော်လည်း အမေရိကန်တပ်များ အီရတ်မှရုပ်သိမ်းမည့် အချိန်အတိအကျကို ထုတ်ဖော်ပြောဆိုခြင်းမရှိဟု သိရသည်။

(အင်တာနက်)

အပျက်အစီးများ

အာဖဂန်နစ္စတန် ဟယ်လ်မန်ပြည်နယ်တွင် အကြမ်းဖက်တပ်ဖွဲ့ဝင်များ ဒုံးကျည်ဖြင့်ပစ်ခတ်တိုက်ခိုက်မှု ခံရပြီးနောက် အပျက်အစီးများကို အောက်တိုဘာ ၁၇ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တွင် လမ်းဘေးဗုံးပေါက်ကွဲမှု ဖြစ်ပွားပြီးနောက် အပျက်အစီးများကို အောက်တိုဘာ ၁၇ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

ဘဂ္ဂဒက်မြောက်ပိုင်းတွင် ဗုံးပေါက်ကွဲ သုံးဦး ပွဲချင်းပြီးသေဆုံး

ဘဂ္ဂဒက် အောက်တိုဘာ ၁၈

ဘဂ္ဂဒက်မြို့မြောက်ပိုင်းတွင် အောက်တိုဘာ ၁၇ ရက်က ဗုံးတစ်လုံး ပေါက်ကွဲခဲ့ရာ ရှီးယိုက်ဘုရားဝတ်ပြု ဆုတောင်းသူသုံးဦး ပွဲချင်းပြီးသေဆုံးသွားကြောင်း၊ ယင်းဗုံးပေါက်ကွဲမှုကြောင့် ခုနစ်ဦး ဒဏ်ရာရရှိသွားကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

သေဆုံးမှုတိုးပွားလာ

ယင်းဗုံးပေါက်ကွဲမှုကြောင့် အီရတ်နိုင်ငံ၌ အရပ်သားများသေဆုံးမှုတိုးပွားလာကြောင်း၊ ဗုံးမှာ ဗလီသို့သွားရာလမ်းပေါ်၌ ပေါက်ကွဲခဲ့ခြင်းဖြစ်ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

လုံခြုံရေးမူကြမ်း

အီရတ်ဝန်ကြီးချုပ် နော်ရီအယ်မာလီကီသည် ၂၀၁၁ ခုနှစ်အကုန်ပိုင်းအထိ တိုင်အောင် အီရတ်၌ လုံခြုံရေးမူကြမ်းတစ်ရပ်ထားရှိရန် ပြင်ဆင်လျက်ရှိသည်။ ဝန်ကြီးချုပ်က နောက်ဆုံးသဘောတူညီချက်အတွက် ပါလီမန်သို့ မူကြမ်းတစ်ရပ်တင်ပြရန် ပြင်ဆင်လျက်ရှိသည်။ အီရတ်နိုင်ငံတစ်ဝန်းတွင် အမေရိကန်တပ်ဖွဲ့ဝင်များ ၂၀၁၁ခုနှစ်အထိ တပ်စွဲချထားရေး မူကြမ်းတစ်ရပ်တင်ပြရန် ပြင်ဆင်နေကြသည်။

ဖြန့်ကြက်ချထား

အကြမ်းဖက်တိုက်ခိုက်ရေးသမားများအနေဖြင့် အမေရိကန်နှင့်အပေါင်းပါတပ်များ အီရတ်မှ အမြန်ဆုံးရုပ်သိမ်းရန် လိုလားလျက်ရှိသည်။ သို့သော် အီရတ်အစိုးရအနေဖြင့် အမေရိကန်တပ်ဖွဲ့ဝင်များကို ၂၀၁၁ခုနှစ်အထိ ဖြန့်ကြက်ချထားလိုသည်။

(အင်တာနက်)

နိုင်ငံတကာသတင်း စုစည်းဘာသာပြန်သူများ

တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုး၊ ချစ်စိုးနိုင်၊ တင်မာဝင်းနှင့် အေးသန္တာသိန်း

19-10 (04).pmd 1 10/19/2008, 4:19 AM

ကျောဖုံးမှ

လေဘေးသင့်ဒေသများ၏ ပြန်လည်ထူထောင် တည်ဆောက်ရေးလုပ်ငန်းများကို အဆင့်သုံးဆင့်ဖြင့် ကဏ္ဍအလိုက် ဆောင်ရွက်နေရာ ပထမအဆင့်ဖြစ်သည့် အရေးပေါ် ကယ်ဆယ်ရေးလုပ်ငန်းများဖြစ်သော လတ်တလော စားဝတ်နေရေး၊ ဆေးဝါးကုသစောင့်ရှောက်ရေးနှင့် အမိုးချည်းကျန်၊ အလံမလှဲသော စိတ်ဓာတ်တို့ကြောင့် ရောသားတို့ တစ်ကျော့ပြန်နိုးထလာခဲ့ချေပြီ။

ဖျာပုံမြို့ ပြန်လည်ထူထောင် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် အောင်မြင်နေမှုတို့နှင့် စပ်လျဉ်း၍ ဖျာပုံခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြကြိုင်နှင့် တွေ့ဆုံမေးမြန်းခဲ့ရာ-

“ဖျာပုံမြို့နယ် အသင်း အပါအဝင် ဖျာပုံခရိုင်အတွင်း အခု လယ်ယာကဏ္ဍ၊ ရေ လုပ် ငန်း ကဏ္ဍမှာ ပုံမှန် ပြန်လည် လည်ပတ်နေပါပြီ။

ဦးမြကြိုင်
ဖျာပုံခရိုင်(ဥက္ကဋ္ဌ)

အကာအောက် ရောက်ရှိရေးမှာ ပြီးစီးခဲ့ပြီး ဒုတိယအဆင့်ဖြစ်သော ပြန်လည်နေရာချထားရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများဖြစ်သည့် ပျက်စီးသွားသော မြို့ပြ၊ ကျေးရွာများ ပြန်လည် ထူထောင်ရေး၊ အသက်မွေးဝမ်းကျောင်း လုပ်ငန်းများ ပြန်လည် ပြုစုထူထောင်ရေး၊ လမ်းပန်းဆက်သွယ်မှုများ ပြန်လည်ကောင်းမွန်ရေးနှင့် တတိယအဆင့်ဖြစ်သော နောင်ကာလများ၌သဘာဝဘေးဒဏ်မှ ကာကွယ်နိုင်ရေးအတွက် အရံအတားများ၊ ခိုလှုံရာနေရာများ တည်ဆောက်ရေးတို့ကို အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိသည်။

အဆိုပါ လုပ်ငန်းများကို အကောင်အထည်ဖော်ရာတွင်လည်း အချိန်ကာလ သတ်မှတ်၍ အစီအစဉ်အလိုက် စီမံဆောင်ရွက်ပေးနေခြင်းဖြစ်သည်။

အနှောင့်အယှက်အမျိုးမျိုး

အဆိုးမြင်ဝါဒီတို့ကား လေဘေးသင့်ပြည်သူများ လမ်းဘေး တစ်လျှောက်နှစ်ပေါက်ထွက်၍ အလှူခံနေကြသည်သာ တွေ့လိုမြင်လိုကြ၏။ရေရှည် စားဝတ်နေရေးအတွက် မြို့ပြကျေးရွာများ ပြန်လည်ထူထောင်ပေးခြင်း၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြန်လည်ပြုစုထူထောင်ပေးခြင်းလုပ်ငန်းများ ဆက်လက် စီမံဖော်ဆောင်ပေးနေမှုကို လိုလားခြင်းရှိဟန်မတူကြပေ။ ကိုယ်တိုင် ပါဝင်ကူညီခြင်း မရှိရုံမျှမက လေဘေးသင့်ပြည်သူများအတွက် နိုင်ငံတော်က စီမံဖြည့်ဆည်း ဆောင်ရွက်နေမှုများကိုလည်း မလိုမုန်းထားပြီး အနှောင့်အယှက်အမျိုးမျိုး ပြုလျက်ရှိနေသည်။

နိုးထလာ

ယခုအခါ နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့် တပ်မတော်တို့၏ ပေါင်းစည်းညီညွတ်မှု၊ တိုင်းရင်းသား လုပ်ငန်းရှင်များ၏ ကူညီပံ့ပိုးမှုတို့အပြင် ရိုးသားကြိုးစား ရောဝတီသားတို့၏ လှေခွက်

စီစဉ်ဆောင်ရွက်

“ဖျာပုံမြို့နယ် အပါအဝင် ဖျာပုံခရိုင်အတွင်း အခု လယ်ယာကဏ္ဍ၊ ရေလုပ်ငန်းကဏ္ဍမှာ ပုံမှန်ပြန်လည် လည်ပတ်နိုင်ပြီး ဆန်စပါး အပါအဝင် ရေထွက်ပစ္စည်းတွေကို ရန်ကုန်နဲ့မြို့နယ်အရပ်ရပ်သို့ ပုံမှန်တင်ပို့နိုင်နေပါပြီ။ ဆားလုပ်ငန်းတွေလည်း သူ့ရာသီချိန်ရောက်ရင် လုပ်ငန်းပြန်လည်ပတ်နိုင်ဖို့ စီစဉ်ဆောင်ရွက်ထားပါတယ်။

ထုတ်ချေး

လယ်ယာကဏ္ဍ ပြန်လည်ထူထောင်ရေးအတွက် ဖျာပုံမြို့နယ်မှာ အထွက်ကောင်း နံ့ကား၊ ဆားငန်ခံနဲ့ ရာသီသက်ကြီးမျိုးစပါး ၂၄၅၇၂၅ တင်း၊ ထွန်ယက် ဆီဂါလန် ၅၆၈၀၀ နဲ့ လယ်ယာ ၂၂၊ လယ်ယာ ၁၆၊ ဧရာ-၁ စတဲ့ လက်တွန်းထွန်စက်စီးရေ ၃၂၀၊ ကျွဲ ၃၉၃ ကောင်၊ နွားကောင်ရေ ၁၃၀၊ ဓာတ်မြေဩဇာ အမျိုးမျိုးကို ဖြန့်ဖြူးပေးခဲ့ပါတယ်။ စိုက်ပျိုးစရိတ် ချေးငွေအနေနဲ့ တောင်သူ ၆၉၄၆ဦး၊ ဧကပေါင်း ၅၇၈၂၅ဧကအတွက် ငွေကျပ် ၄၆၂၆၀၀၀၀၀ ထုတ်ချေးပေးခဲ့ပါတယ်။

လည်ပတ်လျက်ရှိ

ဒါကြောင့်၂၀၀၈-၂၀၀၉ခုနှစ်မိုးစပါးလျာထားဧက ၂၀၃၈၃၀ အနက် ၁၉၇၇၆၁ ဧက စိုက်ပျိုးပြီးစီးခဲ့ပြီး ၉၇ ရာခိုင်နှုန်းကျော် စိုက်ပျိုးပြီးဖြစ်ပါတယ်။ ကျန်ဧကများကိုလည်း ဆက်လက်စိုက်ပျိုးလျက်ရှိပါတယ်။ ဆန်စက်များ ပြန်လည်လည်ပတ်နိုင်မှုအဖြစ် ၁၅တန် အထက်ဆန်စက် ၂၃လုံးနဲ့ ဟာလာစက် ၁၈၂ လုံးတို့ လည်ပတ်လျက်ရှိပါတယ်။

ရေလုပ်ငန်းအနေနဲ့ ဖျာပုံမြို့နယ်အတွက် လှေစင်းရေ ၁၀၀၀၊ စက် ၃၈၈ လုံး၊ ကျားပိုက်၊ ငါးသလောက်ပိုက်၊ဘောသီး၊ငါးပုတ်သင် သုံးထပ်ပိုက်၊ ဂေါ်ထိုးပိုက်၊ ကွင်းတားမီတာလေးရာ၊ သောင်ဆွဲပိုက်၊ ကွန်၊ ဘဝင်းပိုက်နဲ့ ငါးလက်မငါးမုတ်ပိုက်တို့ကို ဖြန့်ဖြူးပေးခဲ့ပါတယ်။

ဒါကြောင့် မြို့နယ်အတွင်းက လေဘေးသင့်ပြည်သူတွေ ပုံမှန်အသက်မွေးဝမ်းကျောင်းလုပ်ငန်းတွေကို ပြန်လည်လုပ်ကိုင်နိုင်ကြပါပြီ။ အခြားပြန်လည်ထူထောင် တည်ဆောက်ရေး လုပ်ငန်းတွေကိုလည်း အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့တဲ့အတွက် ဖျာပုံမြို့အပါအဝင် ကျေးရွာတိုင်းဟာ ပုံမှန်အခြေအနေကို ပြန်ရောက်နေကြပါပြီ။

နိုင်ငံတော်က တောင်သူတွေ စပါးပေါ်ချိန်မတိုင်မီ စားနပ်ရိက္ခာ အခက်အခဲမရှိအောင် လိုအပ်တာတွေ ထောက်ပံ့ပေးထားပါတယ်။ ဒါကြောင့် အခုကြားကာလမှာ စားနပ်ရိက္ခာအတွက် အခက်အခဲမရှိကြပါဘူး။ မကြာမီ စပါး ပေါ်တော့မှာဖြစ်ပါတယ်” ဟု ပြောကြားသည်။

မိမိတို့ သတင်းအဖွဲ့ဝင်များသည် ဖျာပုံမြို့ ကျုံကူကျေးရွာသို့ ရောက်ရှိကြပြီး လယ်သမားမောင်ဝကြီးနှင့် တွေ့ဆုံ မေးမြန်းခဲ့ရာ “လယ်ယာအလုပ်ကို ကျွန်တော် ၁၈ နှစ်သားကတည်းက စလုပ်ခဲ့ပါတယ်။ အခု ဆင်းသွယ်လတ်မျိုး ၁၀ ဧကနဲ့ ပေါ်ဆန်း ဘေးကျား ငါးဧက စိုက်ပျိုးထားပါတယ်။ အောင်မြင်ဖြစ်ထွန်းမှုကတော့ မြင်တဲ့အတိုင်း စပါးတွေသီးကင်းလိုက်နေကြပါပြီ။ လယ်မြေတွေ ထင်သလောက်မပျက်စီးခဲ့ပါဘူး။ နိုင်ငံတော်က ထောက်ပံ့တဲ့မျိုးစပါးတင်း၂၀နဲ့ ထွန်ယက်ဆီဂါလန်၃၀ ကျွန်တော် ရရှိခဲ့ပါတယ်။ ဓာတ်မြေဩဇာ၊ ထွန်စက်နဲ့ကျွဲ၊ နွားတွေလည်း ထောက်ပံ့ပေးပါတယ်။ ရွာနီးချုပ်စပ်က တောင်သူတွေလည်း လယ်ယာစိုက်ပျိုးရေးအတွက် အထောက်အပံ့တွေ အများကြီးရကြပါတယ်။ စိုက်ပျိုးတဲ့နေရာမှာလည်း အောင်မြင်ဖြစ်ထွန်းကြတယ်လို့ကြားသိရပါတယ်” ဟု ပြောကြားသည်။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ဖျာပုံအော်တိုအိတ်ချိန်းရုံးသို့ ကျွန်တော်တို့ ရောက်ရှိကြရာ ဖျာပုံခရိုင် တာဝန်ခံ လက်ထောက်အင်ဂျင်နီယာ ဦးမျိုးဇော်ဦးက “မေ၆ရက် နံနက်၁၀နာရီမှာ ဖျာပုံအိတ်ချိန်းကို ပြန်လည်ဖွင့်လှစ်နိုင်ခဲ့ပြီး တစ်လအတွင်း ဖုန်းလိုင်း အားလုံးနီးပါး ပြန်လည်ကောင်းမွန်အောင် ဆောင်ရွက်နိုင်ခဲ့ပါတယ်။ အခု ပြီးခဲ့တဲ့ရက်ပိုင်းအတွင်းက မြေအောက်ကေဘယ်လ် ကွဲအက်ပြီး ရေဝင်သွားတဲ့အတွက် ဖျာပုံမြို့ပေါ်မှာရှိတဲ့ ဖုန်းလိုင်း ၁၂၀ အနက် ၂၉ လိုင်း ချွတ်ယွင်းသွားခဲ့ပါတယ်။ အဲဒါကြောင့် ကေဘယ်လ် အစားထိုးဆက်သွယ်ခြင်း၊ အသစ်လဲလှယ်ပြုပြင်ခြင်းများ ဆောင်ရွက်ခဲ့ရတဲ့အတွက် အခုဆိုရင် ဖျာပုံမြို့နယ်အတွင်းမှာ ရှိတဲ့ ဖုန်းလိုင်း၇၅၀လုံးကောင်းမွန်စွာ ဆက်သွယ်နိုင်ပါပြီ” ဟု ပြောကြားသည်။

ရောင်းလို့ဝယ်လို့ကောင်း

မိမိတို့ဖျာပုံမြို့၌ တစ်ညတာ နားခိုခဲ့ရာ ညပိုင်းတွင် မြို့တွင်းရှိ ဈေးဆိုင်တချို့သို့ လိုအပ်သည်များ ထွက်ဝယ်ယူရင်း ရောင်းပန်းဝယ်ပန်း အခြေအနေနှင့် စပ်လျဉ်း၍ မေးမြန်းကြည့်ရာ ဆိုင်ရှင်များက “ကျေးရွာတွေက ဖောက်သည်တွေ မြို့ပေါ်ကို အရင်ကလောက် လာပြီး ဈေး မဝယ်ကြတော့ဘူး။ ဘာကြောင့်လဲဆိုတော့ နိုင်ငံတော်နှင့် ပြည်တွင်း ပြည်ပက စေတနာရှင်၊ အလှူရှင်တွေ ထောက်ပံ့လှူဒါန်းတဲ့ ပစ္စည်းတွေ အလုံအလောက်ရနေတော့ မြို့ပေါ်တက်ပြီး ဈေးဝယ်ဖို့ မလိုကြတော့ဘူးလေ။ မုန်တိုင်းမတိုက်ခင်ကဆိုရင်တော့ မြို့ပေါ် ခဏခဏတက်ပြီး ဈေးလာဝယ်ကြတဲ့အတွက် ရောင်းလို့ဝယ်လို့ ကောင်းခဲ့တယ်” ဟု ပြော ကြားသည်။

ပုံမှန်ပြန်ဖြစ်

မိမိတို့ ဖျာပုံမြို့မှ ပြန်လည်ထွက်ခွာခဲ့ကြရာ လမ်းတစ်လျှောက်ရှိ ဆန်စက်ကြီးများကို မီးခိုးတလူလူဖြင့် လှမ်းမြင်တွေ့နေရသည်။ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပုံမှန်ပြန်ဖြစ်လာသည်နှင့်အမျှ ရောဝတီတိုင်းမှ နာမည်ကျော် ဖျာပုံ ပေါ်ဆန်းမွှေးသည်လည်း အမြို့မြို့အနယ်နယ်သို့ရောက်ရှိပြီး နိုင်ငံအနှံ့ ဂုဏ်သတင်း ဆက်လက် သင်းပျံ့နေမည်သာဖြစ်ပါကြောင်း ယုံကြည်နေမိပါတော့သည်။ ။

ဖျာပုံတံတား

လမ်းပန်းဆက်သွယ်မှု လွယ်ကူချောမွေ့စေရန် များစွာအထောက်အကူပြုလျက်ရှိသည့် ဖျာပုံတံတားကြီးကို တွေ့ရစဉ်။

ရောဝတီတိုင်းကိုယ်စားပြု ရေလှိုင်းရုပ်စုံသဘင်အဖွဲ့ ဒုတိယနေ့အဖြစ် ဆက်လက်ယှဉ်ပြိုင်

နေပြည်တော် အောက်တိုဘာ ၁၈

(၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ ရုပ်စုံသဘင် အဖွဲ့လိုက်ပြိုင်ပွဲကို ယနေ့ည ၇နာရီက ဒုတိယနေ့အဖြစ် နေပြည်တော်ရှိ ရွာတော် အမှတ်(၇) တည်းခိုရေးစခန်းသင်တန်းခန်းမဆောင်၌ ဆက်လက်ကျင်းပရာ ရောဝတီတိုင်းကိုယ်စားပြု ရေလှိုင်းရုပ်စုံသဘင်အဖွဲ့က မဟာဗုဒ္ဓဝင်တောထွက်ခန်း ခေါင်းစဉ်ဖြင့် မနောဆန်းထွင်ကာ စေတနာအနန္တဖြင့် မဟာဗုဒ္ဓဝင် တောထွက်ခန်းကို ပြကွက် ၁၃ ကွက်နှင့် ယှဉ်ပြိုင်သည်။

ပြိုင်ပွဲဝင်

ရောဝတီတိုင်း ကိုယ်စားပြု ရေလှိုင်း ရုပ်စုံသဘင်အဖွဲ့ကို ဟင်္သာတ ဦးကိုကိုကြီး ဇာတ်ညွှန်းရေးသား စီစဉ်ကြီးကြပ်၍ စင်တင်ဒါရိုက်တာ ဟင်္သာတ ဦးသန်းဝင်းနှင့် ဦးခင်ဝင်းတို့က ဆောင်ရွက်သည်။ သရုပ်ဆောင် ကကွက်ကြိုးဆွဲအဖြစ် ဂျာမနီပြန် ဦးစိုးမြင့်ခေါင်းဆောင်သောအဖွဲ့၊ အသံအဖွဲ့ခေါင်းဆောင် ဦးအောင်စိုးမင်းနှင့်အဖွဲ့၊ သရုပ်ဖော်နောက်ခံဆိုင်းအဖွဲ့ ခေါင်းဆောင် ဦးစိန်ကျော်လွင်နှင့်အဖွဲ့တို့မှ ပံ့ပိုးဆောင်ရွက်ကြပြီး မိမိတို့ တာဝန်ကျရာအခန်းကဏ္ဍအား အကောင်းဆုံး ဆောင်ရွက် ပြိုင်ပွဲဝင်သည်။

အမှတ်ပေး

ယနေ့ညယှဉ်ပြိုင်သော ရောဝတီတိုင်း ကိုယ်စားပြု ရေလှိုင်းရုပ်စုံသဘင် အကဲဖြတ်ဥက္ကဋ္ဌ ဦးရဲခွေး၊ အတွင်းရေးမှူး ဦးရွှေကြည်နှင့် ရုပ်စုံသဘင် အကဲဖြတ်အဖွဲ့များက အမှတ်ပေးအကဲဖြတ်ကြသည်။

ကြည့်ရှုအားပေး

အဆိုပါ ရောဝတီတိုင်းကိုယ်စားပြု ရုပ်စုံသဘင်အဖွဲ့ကို ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကိုကိုနှင့် ဇနီး၊ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီ ဥက္ကဋ္ဌ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်နှင့်ဇနီး၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဦးဉာဏ်ဝင်းနှင့် ရုပ်စုံချစ်ပရိသတ်များက ကြည့်ရှုအားပေးကြသည်။ (သတင်းစဉ်)

မြန်မာ့ အာမခံလုပ်ငန်း အာစရိယပူဇော်ပွဲ

ရန်ကုန် အောက်တိုဘာ ၁၈

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန မြန်မာ့အာမခံလုပ်ငန်း၏ ပဌမအကြိမ်မြောက် သက်ကြီးအငြိမ်းစားဝန်ထမ်းများအား အာစရိယပူဇော်ပွဲအခမ်းအနားကို အောက်တိုဘာ ၁၆ရက်တွင် ရန်ကုန်မြို့ရှိ မြန်မာ့အာမခံလုပ်ငန်း(ရုံးချုပ်)စုပေါင်းခန်းမ၌ ကျင်းပရာ အသက် ၇၀နှင့်အထက် အငြိမ်းစား အရာထမ်းဝန်ထမ်းများ တက်ရောက်ကြပြီး မြန်မာ့အာမခံလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းလွင်နှင့် ဝန်ထမ်းများက အလှူငွေများဖြင့် သက်ကြီးအငြိမ်းစား အရာထမ်းဝန်ထမ်းများအား ကန်တော့ကြသည်။ ကန်တော့ခံ သက်ကြီးအငြိမ်းစား အရာထမ်းဝန်ထမ်း ၁၉၅ဦးတို့အတွက် အလှူငွေကျပ် ၂၁၈၅၀၀၀ကို လှူဒါန်းကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြရောင်၊ ရွှေရောင်လွှမ်းလျက်ရှိသော ဖျာပုံမြို့နယ်အတွင်းက စပါးခင်းများကို ဤသို့ တစ်မျှော်တစ်ခေါ် တွေ့ရသည်။

ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ စာသင်ကျောင်းများလည်း ဖွင့်လှစ် သင်ကြားနေပြီ ဖြစ်သည်။

✻ *ရှေ့ဖုံးမှ*

ဦးမြစတင်း (ပတ္တလားတီးအကဲဖြတ်ဒိုင်အဖွဲ့ခေါင်းဆောင်)

"ဒီပြိုင်ပွဲကြီးစတင်ကျင်းပကတည်းက နှစ်စဉ်မပျက် ဒိုင်အဖွဲ့ဝင်တစ်ဦးအဖြစ်တာဝန်ယူဆောင်ရွက်ပေးခဲ့တာပါ။ ဒီနှစ်မှာတော့ ပတ္တလားတီး အကဲဖြတ်ဒိုင်အဖွဲ့ခေါင်းဆောင်အဖြစ် ပထမဆုံးတာဝန်ယူရတာ ဖြစ်ပါတယ်။ ပြိုင်ပွဲဝင်တွေရဲ့ အနေအထားကို သုံးသပ်ရရင် ပြည်နယ်နဲ့တိုင်းက ပြိုင်ပွဲဝင်ကလေးတွေ သိပ်တော်ကြတယ်။

မပြတ်တမ်းကျင်းပသင့်

"ဒီလို ပြိုင်ပွဲတွေ မပြတ်တမ်းကျင်းပပေးသွားရင်အကောင်းဆုံးပါပဲ"

တေးသံရှင်ခိုင်ဝါ (အဆိုအကဲဖြတ်ဒိုင်အဖွဲ့ဝင်)

(၅-၁၀)နှစ် အတန်း ပြိုင်ပွဲဝင်ကလေးတွေဟာ သင်ကြားပေးတဲ့အတိုင်း တီးခတ်နိုင်သလို သူတို့ရဲ့ ဝါသနာပါမှု၊ စိတ်ဝင်စားမှုနဲ့ ကြိုးစားအားထုတ်မှုလေးတွေကြောင့် ထင်ထားတာထက် ပိုပြီးလက်စွမ်းပြနိုင်ကြတယ်။ ပညာရှင်တွေနဲ့ နှစ်စဉ်သင်ပြပို့ပိုးပေးနိုင်ရင်တော့ ထူးချွန်တဲ့ အနုပညာမျိုးဆက်သစ်တွေအဖြစ် လက်ဆင့်ကမ်းအမွေကို ရယူနိုင်မယ့်သူတွေအဖြစ် ထွက်ပေါ်လာမှာ သေချာပါတယ်"

အနုပညာမျိုးဆက်သစ်

"အနုပညာမျိုးဆက်သစ်တွေအဖြစ် လက်ဆင့်ကမ်း အမွေကို ရယူနိုင်မယ့် သူတွေ ထွက် ပေါ် လာ မှာ သေချာပါတယ်"

ဦးမြစတင်း (ပတ္တလားတီး အကဲဖြတ်ဒိုင် အဖွဲ့ခေါင်းဆောင်)

တေးသံရှင်ခိုင်ဝါ (အဆိုအကဲဖြတ်ဒိုင်အဖွဲ့ဝင်)

"ပြီးခဲ့တဲ့နှစ် ပြိုင်ပွဲတုန်းက မဟာဂီတအဆိုပြိုင်ပွဲမှာ အကဲဖြတ်ဒိုင်အဖွဲ့ဝင်အဖြစ်ဆောင်ရွက်ခဲ့ပေမယ့် ဒီနှစ်ပြိုင်ပွဲမှာတော့ ကာလပေါ်နဲ့ ခေတ်ဟောင်းအဆိုပြိုင်ပွဲတွေမှာ အကဲဖြတ်ဒိုင်အဖြစ် တာဝန်ယူဆောင်ရွက်ပေးနေပါတယ်။ ပြည်နယ်နဲ့ တိုင်းအသီးသီးက ပြိုင်ပွဲဝင်တွေဟာ မဟာဂီတမှာ အများကြီးတိုးတက်လာတာ တွေ့ရပါတယ်။ အထူးသဖြင့် ပြည်နယ်နဲ့တိုင်းက ကလေးငယ်တွေဟာ သင်ကြားရတာ လွယ်ကူပြီး အတတ်လည်း မြန်ကြတယ်။ အသံအနေအထားက သူတို့လေးတွေ ကြိုးစားပြီး လေ့ကျင့်ခဲ့ကြလို့ အမှားအယွင်းမရှိ ယှဉ်ပြိုင်နိုင်ကြတာတွေ့ရတယ်။ ပြိုင်ပွဲဝင်လူငယ်လေးတွေအနေနဲ့ မဟာဂီတနဲ့ ခေတ်ဟောင်းသီချင်းတွေကို ကျွမ်းကျွမ်းကျင်ကျင်၊ ပိုင်ပိုင်နိုင်နိုင် သီဆိုနိုင်ကြတာတွေ့ရတော့ လူငယ်တွေ မြန်မာ့ရိုးရာတေးသီချင်းတွေကို ဆက်လက် ထိန်းသိမ်းသွားနိုင်မယ်လို့ ယုံကြည်မိပါတယ်။ လူငယ်တွေအနေနဲ့ မြန်မာ့ရိုးရာယဉ်ကျေးမှုကို ထိန်းသိမ်းသွားနိုင်ဖို့အတွက် ဒီလိုပြိုင်ပွဲတွေ မပြတ်တမ်း ကျင်းပပေးသွားရင် အကောင်းဆုံးပါပဲ"

ပထမအကြိမ်ပြိုင်ရတာ

"ပထမအကြိမ် ပြိုင် ရ ပေ မယ့် သမီး က တော့ မကြောက်ပါဘူး ရှင့်"

ငြိမ်းငြိမ်းအိ (ကယားပြည်နယ်) အကပြိုင်ပွဲဝင်

အစွမ်းကုန်ကြိုးစားထား

"ဒီ နှစ် မှာ တော့ ဆုတံဆိပ် ရအောင် အစွမ်းကုန် ကြိုးစား ထားပါတယ်"

မောင်အောင်ပိုင်ထွေး (ကချင်ပြည်နယ်) စန္ဒရားအတီးပြိုင်ပွဲဝင်

မောင်အောင်ပိုင်ထွေး [အဆင့်မြင့်(ကျား)] စန္ဒရားတီးပြိုင်ပွဲဝင်၊ ကချင်ပြည်နယ်

"ပြိုင်ပွဲဝင်တာ နှစ်ကြိမ်ရှိပါပြီ၊ မနှစ်ကတော့ ဆုမရခဲ့ပါဘူး၊ ဒီနှစ်မှာတော့ ဆုတံဆိပ်ရအောင် အစွမ်းကုန်ကြိုးစားထားပါတယ်။ အချိန်ရသမျှ စန္ဒရားတီးလေ့ကျင့်ခဲ့လို့ ပြိုင်ပွဲမှာတော့ အမှားအယွင်းမဖြစ်ခဲ့ပါဘူး၊ ဒီလိုနိုင်ငံတော်အဆင့် ပြိုင်ပွဲကြီးကျင်းပတော့ တစ်နှစ်တစ်ခါ အချင်းချင်း ပြန်ဆုံရတာကလည်း စိတ်ထဲမှာပျော်ရပါတယ်။ ဒီလိုပြိုင်ပွဲကြီးသာ မကျင်းပဖြစ်ခဲ့ရင် ကျွန်တော်တို့လည်း ဝီရိယထားပြီး လေ့ကျင့်ဖြစ်မှာ မဟုတ်ဘူး။ အခုတော့ အချိန်ရသမျှ လေ့ကျင့်ပြီး တစ်နှစ်တစ်ကြိမ် ယှဉ်ပြိုင်ခွင့်ရတာကလည်း ဂုဏ်ယူစရာကောင်းပါတယ်"

အခြေခံပညာအဆင့် အသက်(၁၀-၁၅)နှစ် အမျိုးသမီး အကပြိုင်ပွဲတွင် ချင်းပြည်နယ်မှ မဇင့်လမ်းသျှောင် ပါဝင်ယှဉ်ပြိုင်စဉ်။ (သတင်းစဉ်)

ငြိမ်းငြိမ်းအိ (၅-၁၀)နှစ်အတန်း အကပြိုင်ပွဲဝင်၊ ကယားပြည်နယ်

"ပထမအကြိမ်အဖြစ် ပြိုင်ရပေမယ့် သမီးကတော့ မကြောက်ပါဘူး။ လွိုင်ကော်မြို့ သမီးတို့အိမ်မှာ အကလေ့ကျင့်ခဲ့တာ နေ့တိုင်းပါပဲ။ သမီးက အဲဒီလိုကနေရရင် ပျော်တယ်၊ နောင်နှစ်တွေလည်း ပြိုင်ဦးမှာပဲ။ ဒီမှာလာပြိုင်ရတာ ပျော်ဖို့ ကောင်းတယ်။ သမီးကတော့ ကိုယ်လေ့ကျင့်ထားသမျှ ကြိုးစားကခဲ့တာပါ"

မောင်ဟိန်းထက်(အဆိုပြိုင်ပွဲဝင်၊ ရှမ်းပြည်နယ်)

"ဒီပြိုင်ပွဲနဲ့ဆို ပြိုင်ပွဲဝင်ခဲ့တာ သုံးကြိမ်ရှိပါပြီ၊ ဘာဆုမှတော့ မရသေးပါဘူး။ အဆိုအနေနဲ့ ကာလပေါ်၊ မဟာဂီတ အဆိုပြိုင်ပွဲတွေမှာ ယှဉ်ပြိုင်ခဲ့ပြီးပါပြီ။ ဆုရသည်ဖြစ်စေ မရသည်ဖြစ်စေ ကျွန်တော်ကတော့ ကြိုးစားအားထုတ်မှုအပြည့်နဲ့ ယှဉ်ပြိုင်ခဲ့ပါတယ်။ နောင်နှစ်တွေမှာလည်း ကျွန်တော်ရွေးချယ်ခံရရင် လာရောက်ယှဉ်ပြိုင်မှာပါ။ ကျွန်တော့်အနေနဲ့ အခုလို နိုင်ငံတော်အဆင့်ပြိုင်ပွဲကြီးမှာ ပါဝင်ဆင်နွှဲခွင့်ရတာ ဂုဏ်ယူလို့ မဆုံးပါဘူး။ နောက်နှစ်တွေလည်း ပြိုင်ခွင့်ရအောင် ကြိုးစားသွားမှာပါ"ဟု အကဲဖြတ်ဒိုင်အချို့နှင့် ပြိုင်ပွဲဝင်အချို့က ရင်တွင်းစကားများကို ဖွင့်ဟပြောကြားသွားပါကြောင်း။ ။

(မြန်မာ့အလင်း)

(၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ

အောက်တိုဘာ ၁၉ရက် (ယနေ့)ယှဉ်ပြိုင်မည့် ပြိုင်ပွဲအစီအစဉ်များ

စဉ်	ရက်စွဲ	ပြိုင်ပွဲကျင်းပသည့်နေရာ	ပြိုင်ပွဲဘာသာရပ်	ပြိုင်ပွဲအဆင့်	အချိန်
၄	၁၉-၁၀-၂၀၀၈ (တနင်္ဂနွေနေ့)	စိုက်ပျိုးရေးတက္ကသိုလ် (စုဝေးခန်းမ)	အဆို၊ ကာလပေါ် အဆို၊ ကာလပေါ် အဆို၊ ကာလပေါ်	အဆင့်မြင့်ပညာ(အမျိုးသား) အခြေခံပညာ အသက်(၁၅နှစ်ပြည့်မှ၂၀နှစ်အတွင်း)(အမျိုးသမီး) အခြေခံပညာ အသက်(၅နှစ်ပြည့်မှ၁၀နှစ်အတွင်း)(အမျိုးသား)	၀၉၀၀ ၁၃၀၀
		မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ် (ဘွဲ့နှင်းသဘင်ခန်းမ)	အက အက ပြဇာတ် ပြဇာတ်	အခြေခံပညာ အသက်(၁၅နှစ်ပြည့်မှ၂၀နှစ်အတွင်း)(အမျိုးသား) အခြေခံပညာ အသက်(၅နှစ်ပြည့်မှ၁၀နှစ်အတွင်း)(အမျိုးသမီး) လူငယ်အားမာန်မိုးယံဆီသို့ (စစ်ကိုင်းတိုင်း) လူငယ်အားမာန်မိုးယံဆီသို့ (မွန်ပြည်နယ်)	၀၉၀၀ ၁၃၀၀ ၁၈၃၀ ၂၁၀၀
		သစ်တောသုတေသနဌာန (စုဝေးခန်းမ)	အတီး(စန္ဒရား) အတီး(စန္ဒရား)	ဝါသနာရှင်(ဒုတိယတန်း)(အမျိုးသား) အခြေခံပညာ အသက်(၅နှစ်ပြည့်မှ၁၀နှစ်အတွင်း)(အမျိုးသမီး)	၀၉၀၀ ၁၃၀၀
		စိုက်ပျိုးရေးတက္ကသိုလ် (စာသင်ခန်းမ)	အတီး(ပတ္တလား) အတီး(ပတ္တလား)	ဝါသနာရှင်(ဒုတိယတန်း)(အမျိုးသား) အဆင့်မြင့်ပညာ(အမျိုးသမီး)	၀၉၀၀ ၁၃၀၀
		စိုက်ပျိုးရေးသုတေသနဦးစီးဌာန (စုဝေးခန်းမ)	အတီး(ဒိုးပတ်) အတီး(ဒိုးပတ်)	ဝါသနာရှင်(ဒုတိယတန်း)(အမျိုးသား) အခြေခံပညာ အသက်(၁၅နှစ်ပြည့်မှ၂၀နှစ်အတွင်း)(အမျိုးသား)	၀၉၀၀ ၁၃၀၀
		စိုက်ပျိုးရေးတက္ကသိုလ် (ဘွဲ့နှင်းသဘင်ခန်းမ)	အတီး(ဆိုင်းတစ်ဦးချင်း) အတီး(ဆိုင်းတစ်ဦးချင်း)	ဝါသနာရှင်(ပထမတန်း)(အမျိုးသား) အခြေခံပညာ အသက်(၁၀နှစ်ပြည့်မှ၁၅နှစ်အတွင်း)(အမျိုးသား)	၀၉၀၀ ၁၃၀၀
		အမှတ်(၇)တည်းခိုရေးစခန်း (သင်တန်းခန်းမဆောင်)	အဆို(ခေတ်အကြိုက်) အဆို(ခေတ်အကြိုက်) ရုပ်စုံသဘင်အဖွဲ့လိုက်	အခြေခံပညာ အသက်(၁၅နှစ်ပြည့်မှ၂၀နှစ်အတွင်း)(အမျိုးသမီး) အဆင့်မြင့်ပညာ(အမျိုးသား) မဟာဗုဒ္ဓဝင်တောထွက်ခန်း(မန္တလေးတိုင်း)	၀၉၀၀ ၁၃၀၀ ၁၉၀၀

ရိုးရာလက်ဝှေ့ပြိုင်ပွဲ သန်လျင်၌ ကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၁၈

ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဖလား မြို့နယ်ပေါင်းစုံ မြန်မာ့ရိုးရာလက်ဝှေ့ ပြိုင်ပွဲကို အောက်တိုဘာ၂၅ရက်နှင့် ၂၆ရက်တို့တွင် နေ့စဉ် မွန်းတည့် ၁၂နာရီမှစ၍ သန်လျင်မြို့ သီဟဒီပ အားကစားခန်းမ၌ ကျင်းပမည်ဖြစ်ပြီး ဝင်ကြေးမှာ ငွေကျပ် ၂၀၀၀၊ ၁၀၀၀ သတ်မှတ်ထားရာ မြန်မာ့ရိုးရာ လက်ဝှေ့ ဝါသနာရှင်များ ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

မြန်မာ့အခြေခံ ဓာတိမာန် မူမှန်ရေးရှု ယဉ်ကျေးမှု

မြန်မာ့ရုပ်မြင်သံကြား

၁၉-၁၀-၂၀၀၈ရက် (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော် - ယောဆရာတော်ကြီး၏ ဥပ္ပါတသန္တိပါဠိတော်
၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇း၅၀ ၅။ လှုပ်ရှားပုံပြင် စိတ်ပျော်ရွှင်
၈း၀၀ ၆။ အာစရိယဩဝါဒပဋိသမ္ဘိဒါ မင်္ဂလာမေတ္တာပို့ဓမ္မတေး(အထက-၄၊ တာမွေကျောင်းသူများ)
၈း၁၅ ၇။ တေးဂီတအစီအစဉ်
၈း၃၀ ၈။ International News
၈း၄၀ ၉။ **သတိနဲ့ယှဉ်အသိနဲ့ပြင်**(အပိုင်း-၂) ဝါးခယ်မရဲမောင်၊ ဘုန်းလှျံ၊ မြတ်ကေသီအောင်၊ ရတနာခင်၊ ဟန်နီထွန်း၊ ပြည့်ဖူးခိုင်၊ နီနီရွှေရည်၊ ဆောင်းနှင်းဝေ၊ ဝိုင်းစုခိုင်သိန်း၊ အိုင်းရစ်လေပြေဦး (ဒါရိုက်တာ-မင်းအုပ်စိုး)
၈း၅၀၁၀။ အဆိုပြိုင်ပွဲ
၉း၀၀၁၁။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁း၀၀ ၁။ စစ်သည်တေး
၁၁း၁၀ ၂။ တေးဂီတအစီအစဉ်
၁၁း၂၀ ၃။ ထက်မြက်ပျော်ရွှင်အိမ်ထောင်ရှင်
၁၁း၅၀ ၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **မေမေ့မေတ္တာ ကုဋေကုဋာ** (အပိုင်း-၁၄)
၁၂း၄၀ ၅။ Golf Magazine TV
၁၃း၀၀ ၆။ မြန်မာရုပ်ရှင် **ဘယ်ရပ်ဌာနေ** ရဲအောင်၊မို့မို့မြင့်အောင် (ဒါရိုက်တာ-မောင်နန္ဒ)
၁၄း၅၀ ၇။ International News.
၁၅း၀၀ ၈။ အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄း၁၀ ၂။ တေးဂီတအစီအစဉ်
၄း၂၀ ၃။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၄း၂၅ ၄။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄း၃၀ ၅။ **အသိစိတ်ကလေး အရင်းတည်၍** ဖြိုးငွေစိုး၊ ထက်ရှား၊ မိုးပြည့်ပြည့်မောင် (ဒါရိုက်တာ-ကြည်စိုး)
၄း၄၀ ၆။ အဆိုပြိုင်ပွဲ
၄း၅၀ ၇။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ တတိယနှစ်(ရုက္ခဗေဒအထူးပြု) [ရုက္ခဗေဒ]
၅း၀၀ ၈။ မြူးမြူးကြွကြွယဉ်ကျေးမှုအက
၅း၁၀ ၉။ တေးဂီတအစီအစဉ်
၅း၂၀ ၁၀။ ဆိုကြမယ် ပျော်ကြမယ်
၆း၀၀ ၁၁။ ညနေခင်းသတင်း
၆း၃၀ ၁၂။ မိုးလေဝသအခြေအနေ
၆း၃၅ ၁၃။ ကာတွန်းအစီအစဉ်
၆း၅၅ ၁၄။ တစ်မျက်နှာ တစ်ကွက်စာ
၇း၁၅ ၁၅။ နိုင်ငံခြားဇာတ်လမ်းတွဲ **သံယောဇဉ်နှောင်ကြိုး** (အပိုင်း-၆)
၈း၀၀ ၁၆။ ပြည်တွင်းသတင်း
၁၇။ နိုင်ငံတကာ သတင်းများ
၁၈။ မိုးလေဝသအခြေအနေ
၁၉။ နိုင်ငံခြားဇာတ်လမ်းတွဲ **လူယောင်ဆောင်သော ရွှေငါးနတ်သမီးလေး** (အပိုင်း-၃၂) (ဇာတ်သိမ်းပိုင်း)

ပြန်/ဆက်ဦးစီးဌာန စာအုပ်ထုတ်ဝေ

ရန်ကုန် အောက်တိုဘာ ၁၈

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စီစဉ်ထုတ်ဝေသော **"ဆင်များနှင့်အတူ"** စာအုပ်ကို ၂၀၀၈ခုနှစ် အောက်တိုဘာလတွင် ထုတ်ဝေလိုက်သည်။**(အောက်ပုံ)**



ထိုစာအုပ်သည် ကိုလိုနီခေတ်မြန်မာနိုင်ငံရှိ ဘုံဘေဘားမားသစ်ကုမ္ပဏီတွင် ၂၇နှစ်အကြာ အမှုထမ်းဆောင်ခဲ့သော ဒုတိယဗိုလ်မှူးကြီး ဂျေ၊ အိပ်ချ်၊ ဝီလီယံ၏ ကိုယ်တွေ့မှတ်တမ်း Elephant Bill အား ဘာသာပြန်ဆို ထုတ်ဝေခဲ့ခြင်းဖြစ်သည်။၎င်းစာအုပ်သည် မြန်မာ့သစ်တောများအကြောင်းနှင့် ဆင်များ၏သဘာဝ၊ ဆင်သမားများ၏ ဘဝများကို စိတ်ဝင်စားဖွယ် ရေးသားထားသည့် ကိုယ်တွေ့မှတ်တမ်းကြီးဖြစ်သည်။ မူရင်းစာအုပ်သည် (၁၀)ကြိမ်မက ပုံနှိပ်ထုတ်ဝေခဲ့ရသည်အထိ အောင်မြင်ခဲ့သော ကမ္ဘာကျော်စာအုပ်ကြီးဖြစ်ပြီး ဒုတိယဗိုလ်မှူးကြီး ခင်မောင်တိုး(ငြိမ်း)(မှူးခင်-ရွှေပြည်သာ)က ဘာသာပြန်ဆိုခဲ့သည်။

ဝေဝေဆာဆာ

အဆိုပါစာအုပ်တွင် ဗိုလ်ချုပ်ကြီးဖီးမာရှယ်ဆာဝီလီယမ်ဆလင်းနှင့် ဆရာချစ်နိုင်(စိတ်ပညာ)တို့၏ အမှာစာများကိုဖော်ပြထားပြီး စိတ်ဝင်စားဖွယ် ဓာတ်ပုံများဖြင့် ဝေဝေဆာဆာ ထုတ်ဝေလိုက်သည်။

"ဆင်များနှင့်အတူ" စာအုပ်ကို အမြို့မြို့အနယ်နယ်ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးများနှင့် ရန်ကုန်မြို့ရှိ စာအုပ်ဆိုင်ကြီးများတွင် တစ်အုပ်လျှင် ကျပ်၃၀၀၀ဖြင့် ဝယ်ယူနိုင်သည်။ **(သတင်းစဉ်)**

လူဝင်မှု/ပြည်သူ့အင်အားဝန်ကြီး ဗိုလ်ချုပ်စောလွင် ဝန်ထမ်းများနှင့် တွေ့ဆုံ ရည်မှန်းချက်တာဝန်များ သတ်မှတ်ကာလအတွင်းပြီးစီးရေး မှာကြား

နေပြည်တော် အောက်တိုဘာ ၁၈

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောလွင်သည် အောက်တိုဘာ ၁၂ရက်က မန္တလေးတိုင်း ညောင်ဦးမြို့ရှိ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ညောင်ဦးခရိုင် ဦးစီးဌာနမှူးရုံးခန်းမ၌ ဝန်ထမ်းများအား တွေ့ဆုံကာ စီမံကိန်းရည်မှန်းချက်တာဝန်များ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေးအတွက် တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရေးမှာကြားပြီး မြို့နယ်ရုံးမှတ်တမ်းဖိုင်တွဲများ ထိန်းသိမ်းထားရှိမှုကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ဝန်ကြီးသည် အောက်တိုဘာ၁၃ရက် ညနေပိုင်းတွင် မြင်းခြံမြို့ရှိ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန မြင်းခြံခရိုင် ဦးစီးဌာနမှူးရုံး ရုံးခန်းမ၌ ဝန်ထမ်းများအား တွေ့ဆုံပြီး မှတ်တမ်းဖိုင်တွဲများ စနစ်တကျ ထိန်းသိမ်းထားရှိမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

၁၉၆၈ခုနှစ် ဥပဒေပညာဌာန အာစရိယပူဇော်ပွဲ

ရန်ကုန် အောက်တိုဘာ ၁၈

၁၉၆၈ခုနှစ် ရန်ကုန်တက္ကသိုလ် ဥပဒေပညာဌာန ကျောင်းသား ကျောင်းသူများ၏ ကထိန်သင်္ကန်းကပ်လှူပွဲနှင့် နဝမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို လာမည့် နိုဝင်ဘာ ၁၅ရက်(စနေနေ့) နံနက် ၉နာရီတွင် ရန်ကုန်တက္ကသိုလ်များမေ္ဘာရုံခန်းမ၌ ကျင်းပမည်ဖြစ်သည်။ အဆိုပါ အာစရိယပူဇော်ပွဲအတွက် လှူဒါန်းလိုသူများသည် တရားရုံးချုပ်ရှေ့နေများ ဖြစ်ကြသော ခနဖြူ ဦးစိုးမြင့် ဖုန်း-၀၉-၅၁-၅၀၄၁၈၊ ဦးချစ်လှိုင် ဖုန်း-၅၆၄၄၈၇၊ ဦးဇော်သိန်းထွန်း ဖုန်း-၀၉-၅၀-၀၀၆၉၀၊ ဦးမောင်မောင်အုန်း ဖုန်း-၆၁၀၇၂၄၊ ဦးမောင်မောင်(ဒိုက်ဦး)၊ ဒေါ်ခင်ဆွေရီနှင့် ဒေါ်ခင်လှမြင့် ဖုန်း-၂၅၂၉၂၄ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

တပ်မတော်(ကြည်း၊ ရေ၊ လေ) ဘောလုံးပြိုင်ပွဲ ဆက်လက်ကျင်းပ

ရန်ကုန် အောက်တိုဘာ ၁၈

၂၀၀၈ ခုနှစ် (၂၄)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလားအသက် ၂၁နှစ်နှင့်အောက် တပ်မတော်(ကြည်း၊ ရေ၊ လေ) ဘောလုံးပြိုင်ပွဲ ဒုတိယအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲများကို ရပခ ဇုန်(တောင်ကြီး)၌ ယနေ့ညနေပိုင်းတွင် ဆက်လက်ကျင်းပသည်။

(ခခ)အုပ်စု တောင်ကြီးမြို့ ပြည်နယ်အားကစားကွင်း၌ ကျင်းပသော ပြိုင်ပွဲတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ်အသင်းက ကာကွယ်ရေးဝန်ကြီးဌာနစခန်းမှူးရုံးအသင်းကို သုံးဂိုး-တစ်ဂိုးဖြင့်လည်းကောင်း၊ (ခခ) အုပ်စု ယင်းအားကစားကွင်း၌ ကျင်းပသောပြိုင်ပွဲတွင် တပ်မတော်(ရေ) အသင်းနှင့် အမှတ်(၅၅) ခြေမြန်တပ်မဌာနချုပ်အသင်းတို့သည် ဂိုးမရှိသရေဖြင့် လည်းကောင်း အသီးသီး အနိုင်ရရှိသွားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လက်ပံတန်းမြို့မဈေး၌ ဆားရောင်းချမှု စစ်ဆေး

လက်ပံတန်း အောက်တိုဘာ ၁၈

ပဲခူးတိုင်း(အနောက်ပိုင်း) လက်ပံတန်းမြို့ မြို့မဈေးအတွင်း ရောင်းချလျက်ရှိသော ဆားရောင်းချမှုဆိုင်များတွင် အိုင်အိုဒင်းဆားပါဝင်မှု ရှိမရှိကို အောက်တိုဘာ၂ရက်က မြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်း၍ ကွင်းဆင်း စစ်ဆေးမှုများ ဆောင်ရွက်ကြကြောင်း သိရသည်။ (၁၇၅)

ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် အာဆီယံနိုင်ငံများ၏ နားလည်မှုစာချွန်လွှာ အာဆီယံကျန်းမာရေးဝန်ကြီးများ အစည်းအဝေးက အတည်ပြု

ကူးစက်ရောဂါနှင့် ပြန်လည်ဦးမော့လာသော ကူးစက်ရောဂါများ ကာကွယ်ကုသရေးလုပ်ငန်းများပါဝင်

ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုးနှင့် တက်ရောက်ကြသူများ ဖိလစ်ပိုင်သမ္မတနိုင်ငံ မနီလာမြို့၌ ကျင်းပသော (၉)ကြိမ်မြောက် အာဆီယံကျန်းမာရေးဝန်ကြီးများ အစည်းအဝေးတွင် မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ (သတင်းစဉ်)

နေပြည်တော် အောက်တိုဘာ ၁၈

ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ဝင်များသည် ဖိလစ်ပိုင်သမ္မတနိုင်ငံ မနီလာမြို့၌ အောက်တိုဘာ ၇ရက်မှ ၁၀ရက်အထိ ကျင်းပသော (၉)ကြိမ်မြောက် အာဆီယံကျန်းမာရေးဝန်ကြီးများအစည်းအဝေး၊ တတိယအကြိမ်မြောက် အာဆီယံ+၃ ကျန်းမာရေးဝန်ကြီးများအစည်းအဝေးနှင့် ဒုတိယအကြိမ် အာဆီယံ+တရုတ်ကျန်းမာရေးဝန်ကြီးများ အစည်းအဝေးများသို့ တက်ရောက်ခဲ့ကြသည်။

အမှာစကားပြောကြား

ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုးသည် အောက်တိုဘာ ၉ရက်တွင် ကျင်းပခဲ့သော (၉)ကြိမ်မြောက် အာဆီယံကျန်းမာရေးဝန်ကြီးများ အစည်းအဝေးသို့ တက်ရောက်၍ အမှာစကား ပြောကြားသည်။

အတည်ပြု

အဆိုပါ အစည်းအဝေးတွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် အာဆီယံနိုင်ငံများ ရေးဆွဲသည့် နားလည်မှု စာချွန်လွှာကို အတည်ပြုကြသည်။ အဆိုပါနားလည်မှု စာချွန်လွှာတွင် ကူးစက်ရောဂါများနှင့် ပြန်လည် ဦးမော့လာသော ကူးစက်ရောဂါများ ကာကွယ်ကုသရေးလုပ်ငန်းများ၊ ကူးစက်ရောဂါမဟုတ်သော ရောဂါများ ကာကွယ်ကုသရေးလုပ်ငန်းများ၊ အခြေခံကျန်းမာရေးလုပ်ငန်းများ၊ အစားအသောက် ကွပ်ကဲရေးလုပ်ငန်းများနှင့် အာဟာရလုပ်ငန်းများ၊ ကျန်းမာရေးစနစ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ၊ ရာသီဥတုပြောင်းလဲမှုကြောင့် ဖြစ်ပေါ်လာတတ်သောရောဂါများ ကာကွယ်ကုသခြင်းလုပ်ငန်းများ၊ သဘာဝဘေးဒဏ်ကြောင့် ဖြစ်ပေါ်လာနိုင်သည့် ရောဂါများ ကြိုတင်ကာကွယ်ပြင်ဆင်ခြင်းလုပ်ငန်းများ၊ နယ်စပ်ဒေသအပါအဝင် နိုင်ငံတကာ စီးပွားရေးလုပ်ငန်းများ ကူးလူးဆက်ဆံမှုကြောင့် ဖြစ်ပေါ်လာနိုင်သည့် ရောဂါများ ကြိုတင်ကာကွယ်ခြင်းလုပ်ငန်းများနှင့် တိုင်းရင်းဆေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းတို့ပါဝင်သည်။

ဆက်လက်ကျင်းပ

တတိယအကြိမ် အာဆီယံ+၃ ကျန်းမာရေးဝန်ကြီးများ အစည်းအဝေးကို အောက်တိုဘာ ၁၀ရက်တွင် ဆက်လက်ကျင်းပသည်။

အဆိုပါ တတိယအကြိမ် အာဆီယံ+၃ ကျန်းမာရေးဝန်ကြီးများ အစည်းအဝေးတွင် ပြန်လည်ဦးမော့လာသော ကူးစက်ရောဂါများ ကာကွယ်ကုသရေးလုပ်ငန်းများ အပိုင်း(၂)၊ တိုင်းရင်းဆေးလုပ်ငန်းများ၊ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ၊ သက်ကြီးရွယ်အိုများ အိမ်တိုင်ရာရောက် ပြုစုစောင့်ရှောက်ခြင်းလုပ်ငန်းများ၊ ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်ကုသဆေးများနှင့် ကာကွယ်ရေးပစ္စည်းများ စုဆောင်းထားရှိခြင်းလုပ်ငန်းများနှင့် အစားအသောက် ကွပ်ကဲရေးလုပ်ငန်းများကို အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဂျပန်နိုင်ငံနှင့် ကိုရီးယားသမ္မတနိုင်ငံတို့ ပူးပေါင်းဆောင်ရွက်ကြရန် ဆုံးဖြတ်ကြသည်။

တက်ရောက်

ဒုတိယအကြိမ် အာဆီယံ+တရုတ် ကျန်းမာရေးဝန်ကြီးများ အစည်းအဝေးကို အောက်တိုဘာ ၁၀ရက် ညနေပိုင်းတွင် ကျင်းပရာ သဘာပတိ ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုး တက်ရောက်၍ အမှာစကား ပြောကြားသည်။

ရှေ့လုပ်ငန်းစဉ်ချမှတ်

အဆိုပါ အစည်းအဝေးတွင် အေအိုင်ဒီအက်စ်ရောဂါ တိုက်ဖျက်ရေးအတွက် ဓာတ်ခွဲခန်းလုပ်ငန်းများ၊ ကြက်ငှက်တုပ်ကွေးရောဂါရှာဖွေရေးအတွက် ဓာတ်ခွဲခန်းလုပ်ငန်းများ၊ လူတွင်ဖြစ်ပွားတတ်သည့် တုပ်ကွေးရောဂါများ ကြိုတင်ကာကွယ်ခြင်းလုပ်ငန်းများ၊ တိုင်းရင်းဆေးလုပ်ငန်းများ၊ သဘာဝဘေးဒဏ်ကြောင့် ဖြစ်ပေါ်လာနိုင်သည့်ရောဂါများ ကြိုတင်ကာကွယ်ပြင်ဆင်ခြင်းလုပ်ငန်းများနှင့် သွားနှင့်ခံတွင်းရောဂါကာကွယ်ကုသခြင်းလုပ်ငန်းများနှင့် စပ်လျဉ်း၍ အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့ ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်ရေးတို့အတွက် ကျန်းမာရေးသတင်းအချက်အလက်များဖလှယ်ခြင်းနှင့် သင်တန်းများပို့ချခြင်း၊ ပညာရပ်ဆိုင်ရာ အတွေ့အကြုံများ ဖလှယ်ခြင်းတို့ကို တက်ရောက်လာသော အာဆီယံ+တရုတ် ကျန်းမာရေးဝန်ကြီးများနှင့် အကြီးတန်းအရာရှိကြီးများက ဆွေးနွေးကြပြီး ရှေ့လုပ်ငန်းစဉ်များကို ချမှတ်ခဲ့ကြသည်။

ပြန်လည်ရောက်ရှိ

ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုးနှင့် အဖွဲ့ဝင်များသည် အောက်တိုဘာ၁၃ရက်တွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိခဲ့ကြသည်။

(သတင်းစဉ်)

ဒဂုံမြို့သစ်(မြောက်ပိုင်း) ပြန်/ဆက်ဦးစီးဌာန နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့်ဟောပြောပွဲ ကျင်းပ

ရန်ကုန် အောက်တိုဘာ ၁၈

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သော နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲ အခမ်းအနားကို အောက်တိုဘာ ၉ရက် နံနက်၁၀နာရီက အမှတ်(၃၂)ရပ်ကွက် အလင်းရောင် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်၌ ကျင်းပသည်။

ဟောပြောဆွေးနွေး

အခမ်းအနားတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်လှလှဌေး**(အောက်ပုံ)**က စာကြည့်တိုက်၏ အခန်းကဏ္ဍအရေးပါပုံ ခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေးပြီး ရပ်ကွက်ဥက္ကဋ္ဌ ဦးဝင်းမောင်နှင့် အဖွဲ့ဝင် ဦးဇော်ဝင်းနိုင်တို့က ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ကြည့်ရှုလေ့လာ

ဆက်လက်၍ အခမ်းအနားတက်ရောက်လာကြသူများနှင့် စာကြည့်တိုက်ကော်မတီဝင်များက ပြသထားသော နံရံကပ်စာစောင်နှင့် ဓာတ်ပုံများကို စိတ်ဝင်စားစွာ ကြည့်ရှုလေ့လာကြသည်။ **(မြို့နယ် ပြန်/ဆက်)**

❑ ရှေ့ဖုံးမှ

(၁၆)ကြိမ်မြောက်မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ၏ ဝါသနာရှင်(ပထမတန်း)အမျိုးသား မဟာဂီတအဆိုပြိုင်ပွဲနှင့် အခြေခံပညာအဆင့် အသက်(၁၀)နှစ်မှ (၁၅)နှစ်အထိ အမျိုးသမီး မဟာဂီတ အဆိုပြိုင်ပွဲတို့ကို နံနက်ပိုင်းနှင့် မွန်းလွဲပိုင်းတို့တွင် နေပြည်တော် ရေဆင်းတက္ကသိုလ် နယ်မြေရှိ စိုက်ပျိုးရေးတက္ကသိုလ် စုဝေးခန်းမ၌ ဆက်လက် ကျင်းပရာ အဆိုအကဲဖြတ်လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ လက်ထောက်ညွှန်ကြားရေးမှူး(ငြိမ်း) တေးသံရှင်ဒေါ်တင်တင်မြနှင့် အဖွဲ့ဝင် များက ကြီးကြပ်၍ မဟာဂီတအဆိုအကဲဖြတ်ခေါင်းဆောင် ဒေါ်သင်းသင်း မြတ်နှင့် အဖွဲ့ဝင်များက အကဲဖြတ်အမှတ်ပေးကြသည်။

မဟာဂီတအဆိုပြိုင်ပွဲ

နံနက်ပိုင်းတွင် ဝါသနာရှင် (ပထမတန်း)အမျိုးသား မဟာဂီတအဆိုပြိုင်ပွဲ၌ စိုးအမျှန်မှူး (ပတ်ပျိုး)သီချင်းဖြင့် တနင်္သာရီတိုင်းမှ ဦးပြည့်ဖြိုးလင်း၊ ရခိုင် ပြည်နယ်မှ ဦးကိုကိုနိုင်၊ မန္တလေးတိုင်းမှ ဦးပို၊ ရန်ကုန်တိုင်းမှ ဦးတင်ဦးလှိုင်နှင့် ဦးစောဝင်း၊ ဧရာဝတီတိုင်းမှ ဦးကျော်ကျော်ဟန်နှင့် ပဲခူးတိုင်းမှ ဦးမင်းဟန် တို့က သီဆိုပြိုင်ပွဲဝင်ကြသည်။

မွန်းလွဲပိုင်းတွင် အခြေခံပညာအဆင့် အသက်(၁၀)နှစ်မှ(၁၅)နှစ်အထိ အမျိုးသမီး မဟာဂီတ အဆိုပြိုင်ပွဲ၌ ညာသပြေဘောင်(ကြိုး) သီချင်းဖြင့် စစ်ကိုင်းတိုင်းမှ မဖြူနှင်းခိုင်(ခ) မြန်မာပြည်ဗိုလ်မ၊ မန္တလေးတိုင်းမှ မသက်ထား ခင်၊ မွန်ပြည်နယ်မှ မအိသန္တာ၊ရန်ကုန်တိုင်းမှ မနေဇင်နှင်းထက်၊ ကရင်ပြည် နယ်မှ မသဲနုအေး၊ ချင်းပြည်နယ်မှ မမေသူသူထွန်း၊ ပဲခူးတိုင်းမှ မခင်ဝတ်ရည်၊ ရခိုင်ပြည်နယ်မှ မပြည့်ပြည့်ဖြိုး၊ ရန်ကုန်တိုင်းမှ မစုယဉ်ထွန်း၊ မန္တလေးတိုင်းမှ မခင်စံပယ်၊ ကချင်ပြည်နယ်မှ မသက်ထားဖူး၊ ရှမ်းပြည်နယ်မှ မစန်းနီလာ ညိမ်းနှင့် ဧရာဝတီတိုင်းမှ မစုစုထက်အောင်တို့က သီဆိုပြိုင်ပွဲဝင်ကြသည်။

ခေတ်အကြိုက်တေး

(၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ၏ ခေတ်အကြိုက်တေး အခြေခံပညာအဆင့် အသက်(၁၅)နှစ်မှ(၂၀) အထိ အမျိုးသားအဆိုပြိုင်ပွဲနှင့် ခေတ်အကြိုက်တေးဝါသနာရှင်အဆင့် (ဒုတိယ တန်း) အမျိုးသမီး အဆိုပြိုင်ပွဲတို့ကို နေပြည်တော် ရွာတော်ရှိ အမှတ်(၇) တည်းခိုရေးစခန်း သင်တန်းခန်းမဆောင်၌ကျင်းပရာ ခေတ်အကြိုက်တေး၊အဆို၊ အကဲဖြတ်လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ မောင်သစ်မင်း၊ အတွင်းရေးမှူး ဦးဇော်ဌေးနှင့် အကဲဖြတ်အဖွဲ့ဝင်များက အကဲဖြတ် အမှတ်ပေးကြသည်။

ရှေးဦးစွာ နံနက်ဇနာရီတွင် ခေတ်အကြိုက်တေး အခြေခံပညာအဆင့် အသက်(၁၅)နှစ်မှ (၂၀)အထိ အမျိုးသား အဆိုပြိုင်ပွဲကို ကျင်းပရာ တေးရေး မြသန်းစံ၊တေးဆို ခိုင်ထူး၏ "ငြိမ်းချမ်းရေးပန်းခင်း" သီချင်းဖြင့် ရခိုင်ပြည်နယ် မှ မောင်အေးကျော်၊ မွန်ပြည်နယ်မှ မောင်ရဲဝင်းအောင်၊ ကရင်ပြည်နယ်မှ မောင်ရာဇာအောင်၊ ပဲခူးတိုင်းမှ မောင်သီဟလင်း၊ ရန်ကုန်တိုင်းမှ မောင်ထွန်း ပြည့်အောင်၊ စစ်ကိုင်းတိုင်းမှ မောင်ချမ်းဖြိုး၊ ရန်ကုန်တိုင်းမှ မောင်ဇော်နိုင်မိုး၊ မန္တလေးတိုင်းမှ မောင်ဝေယံပိုင်နှင့် မောင်ကျော်နိုင်နိုင်စိုး၊ ကချင်ပြည်နယ်မှ မောင်လတ်ရှောင်တို့ သီဆိုပြိုင်ပွဲဝင်ကြသည်။

ထို့နောက် မွန်းလွဲ၁နာရီတွင် ခေတ်အကြိုက်တေး ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသမီးအဆိုပြိုင်ပွဲကိုကျင်းပရာ တေးရေး တက္ကသိုလ်မြတ်သူ၊ တေးဆို ဆုန်သင်းပါရ်၏ "လရောင်ဆမ်းမှလန်းသောပန်း" သီချင်းဖြင့် ဧရာဝတီတိုင်းမှ ဒေါ်ချောစုစံ၊ ပဲခူးတိုင်းမှ မဝတ်ရည်ထွန်း၊ ကရင်ပြည်နယ်မှ မဇူလိုင်မြင့်၊ ရန်ကုန်တိုင်းမှ ဒေါ်နီလာ၊ မကွေးတိုင်းမှ မမြတ်ဆုငြိမ်း၊ မန္တလေး တိုင်းမှ မယဉ်မျိုးသန့်၊ ရန်ကုန်တိုင်းမှ မခင်မြသက်နှင်း၊ မန္တလေးတိုင်းမှ မသင်းသင်းခိုင်၊ ရှမ်းပြည်နယ်မှ မအယ်လ်နန်အောင်၊ တနင်္သာရီတိုင်းမှ ဒေါ်ယု ဇနစိုး၊ စစ်ကိုင်းတိုင်းမှ မမီမီခိုင်၊ ရခိုင်ပြည်နယ်မှ ဒေါ်နှင်းဆီ၊ ကချင်ပြည်နယ်မှ ဒေါ်ဇာဇာထွန်း၊ ကယားပြည်နယ်မှ မအိအိဇော်နှင့် မွန်ပြည်နယ်မှ မဖြူဖြူ အောင်တို့ သီဆိုပြိုင်ပွဲဝင်ကြသည်။

အကပြိုင်ပွဲ

(၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ ဝါသနာရှင်အဆင့်(ဒုတိယတန်း) အမျိုးသားနှင့် အခြေခံပညာ အဆင့် အသက်(၁၀)နှစ်မှ (၁၅)နှစ်အထိ အမျိုးသမီး အကပြိုင်ပွဲတို့ကို နံနက်ပိုင်းနှင့် မွန်းလွဲပိုင်းတို့တွင် နေပြည်တော် ရေဆင်းတက္ကသိုလ် နယ်မြေရှိ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ကျင်းပရာ ပြိုင်ပွဲကို အကအကဲဖြတ်လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ဦးစိန်မာဒင်၊ အတွင်းရေးမှူး ဒေါ်မူမူခင်နှင့် အကဲဖြတ်လုပ်ငန်းအဖွဲ့ဝင်များ၊ ပြည်နယ်နှင့်တိုင်းများမှ အကဲဖြတ်ဒိုင်များက ကြီးကြပ်အကဲဖြတ် အမှတ်ပေးကြသည်။

ရှေးဦးစွာ ဝါသနာရှင်အဆင့် (ဒုတိယတန်း)အမျိုးသား အကပြိုင်ပွဲကို နံနက် ၉နာရီတွင်ကျင်းပရာ ရန်ကုန်တိုင်းမှ မောင်မျိုးမြင့်အောင်၊ ပဲခူးတိုင်းမှ မောင်ဝင်းသူရိန်၊ ကယားပြည်နယ်မှ မောင်အောင်နိုင်ဦး၊ ရခိုင်ပြည်နယ်မှ ဦးလှမောင်ထွန်း၊ မွန်ပြည်နယ်မှ မောင်ချမ်းညီချမ်း၊ မကွေးတိုင်းမှ ဦးလွမ်းဇော်၊ တနင်္သာရီတိုင်းမှ မောင်ဝင်းချစ်(ခ)ဖိုးကျော်၊ ကရင်ပြည်နယ်မှ စောအဲဖိုးကျော်၊ ရန်ကုန်တိုင်းမှ မောင်စိုးသန်းထွန်း၊ မန္တလေးတိုင်းမှ မောင်ဆန်းလင်းချမ်း၊ ကချင်ပြည်နယ်မှ ဦးအောင်မြင့်(ခ)အောင်မျိုးထွန်း၊ ဧရာဝတီတိုင်းမှ ဦးစောမြ မင်းစိုး၊ မန္တလေးတိုင်းမှ မောင်စိုင်းမောင်မောင်၊ စစ်ကိုင်းတိုင်းမှ မောင်ထက် ဝေ(ခ)ဆန်းခက်၊ ရှမ်းပြည်နယ်မှ ဦးမင်းမင်းထွန်းနှင့် ချင်းပြည်နယ်မှ မောင်အောင်ဆန်းပွင့်တို့ ဝင်ရောက်ကပြယှဉ်ပြိုင်ကြသည်။

ယင်းနောက် မွန်းလွဲ၁နာရီတွင် အခြေခံပညာအဆင့် အသက်(၁၀)နှစ်မှ (၁၅)နှစ်အထိ အမျိုးသမီး အကပြိုင်ပွဲကိုကျင်းပရာ မန္တလေးတိုင်းမှ မထက် ထက်စံ၊ ချင်းပြည်နယ်မှ မဇင့်လမ်းညောင်၊ ရှမ်းပြည်နယ်မှ မခင်နှင်းဝေ၊ ပဲခူးတိုင်းမှ မမေမြတ်သွယ်၊ ကရင်ပြည်နယ်မှ နန်းလင်းစန္ဒာထွန်း၊ မွန်ပြည်နယ်မှ မမိုးမိုးသူဇာ၊ ကရင်ပြည်နယ်မှ နန်းလွန်းပိုးအိဖြူ၊ ကယားပြည်နယ်မှ မဇာဇာ မြင့်၊ မွန်ပြည်နယ်မှ မသူဇာနွယ်၊ ကချင်ပြည်နယ်မှ မထက်ထက်မိုးလွင် (ခ) နိုင်းနိုင်း၊ တနင်္သာရီတိုင်းမှ မရွှေရည်ရတနာ၊ မန္တလေးတိုင်းမှ မသီရိမေ၊ ရန်ကုန်တိုင်းမှ မရှုမဝ(ခ) ရွှန်းလဲ့ရူပါမွန်၊ စစ်ကိုင်းတိုင်းမှ မဖြိုးကျော့ခိုင်၊ ပဲခူးတိုင်းမှ မသင်းနိုင်နိုင်စံ၊ မကွေးတိုင်းမှ မခင်ယင်းမာလွင်၊ ရှမ်းပြည်နယ်မှ မလွင်ထက်ထက်စံ၊ ရန်ကုန်တိုင်းမှ မအေးမြတ်နိုးခင်၊ ရခိုင်ပြည်နယ်မှ မမိမိစိုး၊ ကချင်ပြည်နယ်မှ မအိအိထွန်း၊ ကယားပြည်နယ်မှ မမြတ်ဆုမွန်၊ ဧရာဝတီတိုင်းမှ မကျော့ကျော့ခိုင်၊ တနင်္သာရီတိုင်းမှ မဆုသဉ္ဇာမြတ်နှင့် ဧရာဝတီတိုင်းမှ မဇင်မာ အောင်တို့ ဝင်ရောက်ကပြ ယှဉ်ပြိုင်ကြသည်။

စန္ဒရားအတီးပြိုင်ပွဲ

(၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲ၏ ဝါသနာရှင်(ဒုတိယတန်း) အမျိုးသမီးစန္ဒရားအတီးပြိုင်ပွဲကို နံနက် ၉နာရီတွင် နေပြည်တော် ရေဆင်းတက္ကသိုလ်နယ်မြေရှိ သစ်တောသုတေသန စုဝေးခန်းမ၌ ကျင်းပရာ စန္ဒရားအတီးပြိုင်ပွဲ အကဲဖြတ်အဖွဲ့ ခေါင်းဆောင် ဦးနီနီ ခေါင်းဆောင်သောအဖွဲ့ဝင်များက အကဲဖြတ် အမှတ်ပေးကြပြီး ရန်ကုန် တိုင်းမှ ဒေါ်ခင်စန်းလှိုင်၊ ရှမ်းပြည်နယ်မှ ဒေါ်ဥမ္မာနွယ်၊ ပဲခူးတိုင်းမှ မတင်ဇာ အေးလွင်၊ ရန်ကုန်တိုင်းမှ ဒေါ်အေးသီတာလှိုင်နှင့် ဧရာဝတီတိုင်းမှ ဒေါ်တင် နီလာဝင်းတို့က "စိန်ကြောင်နီလာ(ပတ်ပျိုး)" သီချင်းဖြင့် ပြိုင်ပွဲဝင်ကြသည်။

ထို့နောက် မွန်းလွဲ၁နာရီတွင် အခြေခံပညာအဆင့် အသက်(၅)နှစ်မှ (၁၀)နှစ်အထိ အမျိုးသား စန္ဒရားအတီးပြိုင်ပွဲကို ဆက်လက်ကျင်းပရာ ဧရာဝတီတိုင်းမှ မောင်လွမ်းမိုးအောင်၊ ပဲခူးတိုင်းမှ မောင်လူမော်ဟိန်း၊ မန္တလေး တိုင်းမှ မောင်ကောင်းစည်သူ၊ မွန်ပြည်နယ်မှ မောင်သူရိန်ထွန်း၊ မန္တလေးတိုင်းမှ မောင်စိုင်းခေးမောင်၊ ရှမ်းပြည်နယ်မှ မောင်ဇေယျာလှိုင်ထွန်း၊ ရန်ကုန်တိုင်းမှ မောင်ဝိုင်းလမင်းအောင်နှင့် ရန်ကုန်တိုင်းမှ မောင်သန့်သူရဇော်တို့က "မေတ္တာ ရွှေရည်" ကာလပေါ်သီချင်းဖြင့် ပြိုင်ပွဲဝင်ကြသည်။

ဂီတာတီးပြိုင်ပွဲ

(၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ၏ ဝါသနာရှင်(ပထမတန်း) အမျိုးသား ဂီတာတီးပြိုင်ပွဲ၊ ဝါသနာရှင် (ပထမတန်း) အမျိုးသမီး ဂီတာတီးပြိုင်ပွဲ၊ အခြေခံပညာအဆင့် အသက်(၁၅)နှစ်မှ အသက်(၂၀)အထိ အမျိုးသား၊ အမျိုးသမီး ဂီတာတီး ပြိုင်ပွဲနှင့် အခြေခံပညာအဆင့် အသက်(၅)နှစ်မှ (၁၀)နှစ်အထိ အမျိုးသား၊ အမျိုးသမီး ဂီတာတီးပြိုင်ပွဲများကို နံနက်ပိုင်းနှင့် မွန်းလွဲပိုင်းတို့တွင် နေပြည် တော် ရေဆင်းတက္ကသိုလ် နယ်မြေရှိ စိုက်ပျိုးရေးတက္ကသိုလ် စာသင်ခန်းမ၌ ဆက်လက်ကျင်းပရာ ဂီတာ အကဲဖြတ်အဖွဲ့ခေါင်းဆောင် ဂီတာဖေဝင်းနှင့် အဖွဲ့ဝင်များက အကဲဖြတ်အမှတ်ပေးကြသည်။

နံနက်ပိုင်းတွင် ဝါသနာရှင် (ပထမတန်း)အမျိုးသား ဂီတာတီးပြိုင်ပွဲ၌ "တောမြိုင်ခြေလှမ်း(ယိုးဒယား)" သီချင်းဖြင့် မွန်ပြည်နယ်မှ ဦးသိန်းနိုင်၊ ရန်ကုန်တိုင်းမှ ဦးမြင့်ကြည်၊ မန္တလေးတိုင်းမှ ဦးသိန်းဝင်း၊ ပဲခူးတိုင်းမှ ဦးသန်းနှင့် ရန်ကုန်တိုင်းမှ ဦးလှမြင့်တို့က တီးခတ်၍ ပြိုင်ပွဲဝင်ကြသည်။

ဝါသနာရှင် (ပထမတန်း) အမျိုးသမီး ဂီတာတီးပြိုင်ပွဲတွင် "စိန်ချယ်ဖြာ ရောင်လင်း(ကြိုး)" သီချင်းဖြင့်ရန်ကုန်တိုင်းမှ မနွေဇင်ဝင်း၊ ပဲခူးတိုင်းမှ ဒေါ်ခိုင် ခိုင်မြင့်နှင့် ဧရာဝတီတိုင်းမှ ဒေါ်ဥမ္မာတို့က တီးခတ်၍ ပြိုင်ပွဲဝင်ကြသည်။

မွန်းလွဲပိုင်းတွင် အခြေခံပညာအဆင့် အသက်(၁၅)နှစ်မှ (၂၀)အထိ အမျိုးသား ဂီတာတီးပြိုင်ပွဲ၌ "ကန္တာတောခြေ(ယိုးဒယား)" သီချင်းဖြင့် ကချင်ပြည်နယ်မှ မောင်ဖြိုးမင်းဇော်၊ ရန်ကုန်တိုင်းမှ မောင်ထက်ကိုကိုလင်းနှင့် မောင်စည်သူထက်အောင်၊ ဧရာဝတီတိုင်းမှ မောင်အောင်နိုင်စိုးတို့က တီးခတ်၍ ပြိုင်ပွဲဝင်ကြသည်။

အခြေခံပညာအဆင့် အသက်(၁၅)နှစ်မှ (၂၀)အထိ အမျိုးသမီး ဂီတာတီး ပြိုင်ပွဲတွင် "တီးယွန်းအောင်စည်(ကြိုး)" သီချင်းဖြင့် ရန်ကုန်တိုင်းမှ မလဲ့လဲ့ဝင်း၊ ပဲခူးတိုင်းမှ မဖြိုးဖြိုးလင်းနှင့် ရန်ကုန်တိုင်းမှ မမိုးအိကြည်သူဆန်းတို့က တီးခတ် ၍ ပြိုင်ပွဲဝင်ကြသည်။

တီးခတ်ပြိုင်ပွဲဝင်

အခြေခံပညာအဆင့် အသက်(၅)နှစ်မှ (၁၀)နှစ်အထိ အမျိုးသားဂီတာတီး ပြိုင်ပွဲတွင် "သီတာ(ကြိုး)" သီချင်းဖြင့် ပဲခူးတိုင်းမှ မောင်သာထူးစံ၊ ရန်ကုန် တိုင်းမှ မောင်ပိုင်ဟိန်းကျော်၊ မန္တလေးတိုင်းမှ မောင်မျိုးနိုင်ဦးနှင့် ရန်ကုန်တိုင်းမှ မောင်စောစကြာအောင်တို့က တီးခတ်၍ ပြိုင်ပွဲဝင်ကြသည်။

အခြေခံပညာအဆင့် အသက်(၅)နှစ်မှ (၁၀)နှစ်အထိ အမျိုးသမီးဂီတာတီး ပြိုင်ပွဲတွင် "မေတ္တာ(ကာလပေါ်)" သီချင်းဖြင့် ရန်ကုန်တိုင်းမှ မခင်ပြည့်စုံအောင် နှင့် မသက်ထားဝေ၊ပဲခူးတိုင်းမှ မမြသြဘာခင်တို့ကတီးခတ်၍ ပြိုင်ဝင်ကြသည်။

နဲပြိုင်ပွဲ

(၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ ၏ ဝါသနာရှင်(ဒုတိယတန်း) အမျိုးသား နဲပြိုင်ပွဲကို နံနက်၉နာရီတွင် နေပြည် တော် ရေဆင်းရှိ စိုက်ပျိုးရေး သုတေသနဦးစီးဌာန စုဝေးခန်းမ၌ ကျင်းပရာ အကဲဖြတ် အဖွဲ့ခေါင်းဆောင် ဦးစာဌေး ခေါင်းဆောင်သော အကဲဖြတ်အဖွဲ့ ဝင်များက အကဲဖြတ်အမှတ်ပေးကြပြီး "ပန်းညောင်လှိုင်ဖွဲ့(ယိုးဒယား)" သီချင်း ဖြင့် စစ်ကိုင်းတိုင်းမှ ဦးဝင်းမင်းသန့်၊ ရန်ကုန်တိုင်းမှ ဦးထွန်းထွန်းဦး၊ ပဲခူးတိုင်း မှ ဦးခင်ညွန့်၊ ရန်ကုန်တိုင်းမှ မောင်ကျော်ခိုင်ဘွား၊ ရခိုင်ပြည်နယ်မှ ဦးဝင်းမောင် မောင်စိန်၊ မကွေးတိုင်းမှ ဦးမင်းဆွေ၊ မန္တလေးတိုင်းမှ ဦးပေါစံ၊ ဧရာဝတီတိုင်းမှ ဦးမျိုးမင်းသန်းနှင့် မန္တလေးတိုင်းမှ မောင်စည်သူမျိုးတို့ ပြိုင်ပွဲဝင်ကြသည်။

ယင်းနောက် မွန်းလွဲပိုင်း ၁နာရီတွင် နဲပြိုင်ပွဲကို ဆက်လက်ကျင်းပရာ အဆင့်မြင့်ပညာအဆင့် အမျိုးသားနဲပြိုင်ပွဲ၌ "ဂန္ဓမာရိပ်သာ(ပတ်ပျိုး)" သီချင်း ဖြင့် မန္တလေးတိုင်းမှ မောင်စိုးမင်းသူနှင့် မောင်ဖြိုးကိုကို၊ ရန်ကုန်တိုင်းမှ မောင်ညွှန့်အောင်တို့ ပြိုင်ပွဲဝင်ကြသည်။

ဆက်လက်၍ ဝါသနာရှင် (ပထမတန်း) အမျိုးသား နဲပြိုင်ပွဲတွင် "တောင်ဇမ္ဗူပိုင်(ယိုးဒယား)" သီချင်းဖြင့် ရခိုင်ပြည်နယ်မှ ဦးခင်မောင်ယဉ်၊ ရန်ကုန်တိုင်းမှ ဦးစိန်မောင်အိ၊ မန္တလေးတိုင်းမှ ဦးစန်းလွင်၊ ရန်ကုန်တိုင်းမှ ဦးလှဌေး၊ မကွေးတိုင်းမှ ဦးထွန်းကြိုင်၊ စစ်ကိုင်းတိုင်းမှ ဦးဇေယျာပြည့်၊ ပဲခူးတိုင်းမှ ဦးတင်မြင့်နှင့် မန္တလေးတိုင်းမှ ဦးတာနော်တို့ ပြိုင်ပွဲဝင်ကြသည်။

အကဲဖြတ်

(၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ၏ ဆိုင်း(အဖွဲ့လိုက်)ဝါသနာရှင်အဆင့်(ပထမတန်း) အမျိုးသား ပြိုင်ပွဲကို နံနက်ပိုင်းနှင့် မွန်းလွဲပိုင်းတို့တွင် နေပြည်တော် ရေဆင်းတက္ကသိုလ် နယ်မြေရှိ စိုက်ပျိုးရေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ကျင်းပရာ အတီးပြိုင်ပွဲ အကဲဖြတ်လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ဦးရည်နွယ်နှင့် အဖွဲ့ဝင်များက ကြီးကြပ်လျက် ဆိုင်းအတီး အကဲဖြတ်ခေါင်းဆောင် ဦးစိန်စတင်းနှင့် အကဲဖြတ်အဖွဲ့ဝင်များက အကဲဖြတ်အမှတ်ပေးကြသည်။

နံနက်ပိုင်းတွင် မန္တလေးတိုင်းမှ ဦးကောင်းသန့်အဖွဲ့၊ ရန်ကုန်တိုင်းမှ မြို့တော် အေးမင်းအောင်အဖွဲ့၊ မကွေးတိုင်းမှ ဦးကျော်ကျော်မိုးအဖွဲ့နှင့် မန္တလေးတိုင်းမှ ဗိုလ်ဗိုလ်သိန်းအဖွဲ့တို့ ပြိုင်ပွဲဝင်တီးခတ်ကြသည်။

ထို့နောက် မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းမှ ဦးဟိန်းရာဇာအဖွဲ့၊ စစ်ကိုင်း တိုင်းမှ ဦးစိုင်းဗိုလ်အဖွဲ့နှင့် ပဲခူးတိုင်းမှ တံခွန်မြတ်ဇင်အောင်အဖွဲ့တို့ ပြိုင်ပွဲဝင် တီးခတ်ကြသည်။ **(သတင်းစဉ်)**

အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ ပြဇာတ်ပြိုင်ပွဲ ဒုတိယပွဲစဉ်တွင် ကရင်ပြည်နယ်ပြဇာတ်အဖွဲ့ ပါဝင်ယှဉ်ပြိုင်တင်ဆက်

နေပြည်တော် အောက်တိုဘာ ၁၈

(၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ၏ ပြဇာတ်ပြိုင်ပွဲဒုတိယပွဲစဉ်ကို ယမန်နေ့ညဇနာရီတွင် နေပြည်တော် ရေဆင်းတက္ကသိုလ်နယ်မြေရှိ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ကျင်းပရာ 'လူငယ်အားမာန် မိုးယံဆီသို့' ခေါင်းစဉ်ဖြင့် ကရင်ပြည်နယ် ပြဇာတ်အဖွဲ့က ပါဝင်ယှဉ်ပြိုင်တင်ဆက်သည်။ (အပေါ်ပုံ)

ယှဉ်ပြိုင်တင်ဆက်

အဆိုပါပြိုင်ပွဲတွင် ကရင်ပြည်နယ်ကိုယ်စားပြု ပြဇာတ်အဖွဲ့၌ ဦးထွန်းမြင့် (ဇင်မိုးနှောင်း)က ကြီးကြပ်၍ ပြည်နယ်မောင်မောင်က ဒါရိုက်တာနှင့် ဇာတ်ညွှန်းရေးသားပြီး ဦးထွန်းမြင့်(ဇင်မိုးနှောင်း)က ရသသံစဉ်ဇာတ်ဝင်တေးတို့ဖြင့် တန်ဆာဆင်အလင်္ကာမြောက်ဖော်ကျူးကာ ဂီတမှူး ဦးဇော်လင်းနှင့် ရွာစားပြည်နယ်စိန်တိုး ဆိုင်းအဖွဲ့နှင့်တွဲဖက်၍ ခေါင်းဆောင်မင်းသား အုန်းမျိုးဆင့် ဦးဆောင်သောအဖွဲ့က သရုပ်ဆောင်ယှဉ်ပြိုင်တင်ဆက်ကြသည်။

ကြည့်ရှုအားပေး

အဆိုပါ ပြဇာတ်ပြိုင်ပွဲ ဒုတိယပွဲစဉ်သို့ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်သာအေး၊ (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်၊ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်၊ သိပ္ပံနှင့်နည်းပညာ ဝန်ကြီးဌာနဒုတိယဝန်ကြီး ဦးကျော်စိုး၊ လုပ်ငန်းကော်မတီအတွင်းရေးမှူးနှင့် ကော်မတီဝင်များ၊ ဗဟိုအကဲဖြတ်ပညာရှင်များ၊ ပြည်နယ်နှင့် တိုင်းများမှ အကဲဖြတ်ပညာရှင်များ၊ တာဝန်ရှိသူများ၊ မြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာကို ချစ်မြတ်နိုးကြသော ပြည်သူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

(သတင်းစဉ်)

အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဝင်များ သွားလာမှုလွယ်ကူချောမွေ့ရေး မော်တော်ယာဉ်များပြေးဆွဲပေးနေ

နေပြည်တော် အောက်တိုဘာ ၁၈

(၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲသို့ လာရောက်ကြသည့် ပြည်နယ်နှင့်တိုင်းများမှ ပြိုင်ပွဲဝင်များနှင့် ပြိုင်ပွဲအသီးသီးသို့ သွားရောက်ကြည့်ရှုအားပေးကြမည့် ပြည်သူများ လွယ်ကူ ချောမွေ့စွာသွားလာနိုင်ရေးအတွက် နေပြည်တော်ရှိ ရွာတော်အမှတ်(၇) တည်းခိုရေးစခန်းနှင့် ရေဆင်းတက္ကသိုလ်နယ်မြေရှိ စိုက်ပျိုးရေးတက္ကသိုလ်၊ သစ်တောတက္ကသိုလ်၊ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်များရှိ ပြိုင်ပွဲ ကျင်းပသည့် နေရာများအရောက် နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းမှု ကော်မတီက အားမာန်သစ် မော်တော်ယာဉ်လိုင်းနှင့် ရွှေမြို့တော်မော်တော် ယာဉ် လိုင်းတို့ဖြင့် ပြေးဆွဲပေးလျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အနုပညာမျိုးဆက်သစ်တွေ လက်ဆင့်ကမ်းဝေနေတဲ့ အတီးအမှုတ် အဆိုနှင့် အကပြိုင်ပွဲ

အနုပညာစွမ်းပြကြစို့

* အဆို အက အရေး အတီး၊
ပြိုင်ပွဲကြီး ကျင်းပနေပြီ။

* တိုင်းနှင့် ပြည်နယ်အနှံ့၊
မြေပြန့်နှင့် တောင်ပေါ်မကျန်၊
အားသန်ရာ ဝင်ပြိုင်ဦး (အုန်း)
အနိုင်အရှုံးက အရေးမကြီး၊
စည်းလုံးခြင်းသာ ပဓာန၊
သဘာဝအလှ စုံစုံညီ။

* အနုပညာခရီးလမ်း၊
တစ်ထီးတစ်နန်း ဆက်လျှောက်၊
နည်းစနစ်မပျောက်အောင် ကြိုးစား၊
အမျိုးသားယဉ်ကျေးမှု၊
အစဉ်တွေးရှုလျက် သာယာကြည်၊
ကမ္ဘာတည်စေဖို့ ဒို့အရေး။

* မျိုးဆက်သစ်တွေမွေးဖွား၊
တိုးတက်ရစ်စေ သား,မြေးများ၊
အရေးထားကာ ထိန်းသိမ်း
ဟို,ဒီ…မယိမ်းဖို့ ဂရုစိုက်၊
လူမှုစရိုက်တွေ ပြုပြင်၊
အနုအယဉ်…အစဉ်တိုးတက်၊
အရိုးပေါ် အရွက်မဖုံးရအောင်၊
ခြယ်မှုန်းကာ စင်တင်ပြဖို့၊
အထင်ကရ အဆို အက စုံလင်၊
တစ်ပုံတစ်ပင် အရေး အတီးတွေနှင့်၊
အဝေးအနီးမကွာ ခင်စွာလှမ်းလို့၊
ပညာစွမ်းပြကြစို့လေး။ ။

(၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးအား ဂုဏ်ပြုလျက်-

စောငယ်ငယ်(မိုးညှင်း)

ဝါသနာရှင်(ပထမတန်း) အမျိုးသား နှဲပြိုင်ပွဲတွင် မကွေးတိုင်းမှ ဦးထွန်းကြိုင်၏ တီးမှုတ်ယှဉ်ပြိုင်ဟန်။

လက်စွမ်းပြတီးခတ်

အခြေခံပညာအဆင့် (၅-၁၀)နှစ် စန္ဒရားတီးပြိုင်ပွဲတွင် မွန်ပြည်နယ်မှ မောင်သူရိန်ထွန်း လက်စွမ်းပြတီးခတ်ယှဉ်ပြိုင်သည်မှာ....။

ဝါသနာရှင် (ပထမတန်း) အမျိုးသားနှဲပြိုင်ပွဲတွင် ရန်ကုန်တိုင်းမှ ဦးလှမြွေး ဤသို့ ပြိုင်ပွဲဝင်ခဲ့သည်။

အခြေခံပညာအဆင့် (၅-၁၀)နှစ် ဂီတာပြိုင်ပွဲတွင် ရန်ကုန်တိုင်းမှ မောင်ပိုင်ဟိန်းကျော်၏ ယှဉ်ပြိုင်တီးခတ်ဟန်မှာ....။

အဆိုပြိုင်

မဟာဂီတဝါသနာရှင်အဆင့် (ပထမတန်း)အမျိုးသားအဆိုပြိုင်ပွဲတွင် တနင်္သာရီတိုင်းမှ ဦးပြည့်ဖြိုးလင်း ပါဝင်ယှဉ်ပြိုင်စဉ်။ (သတင်းစဉ်)

ကြည့်ရှုအားပေး

အခြေခံပညာအဆင့် (၁၀-၁၅)နှစ်(အမျိုးသမီး) အကပြိုင်ပွဲကို ပြည်သူများ ဤသို့ ကြည့်ရှုအားပေးကြသည်။

ဓာတ်ပုံမှတ်တမ်း
တင်စိုး (မြန်မာ့အလင်း)

ကျန်းမာရေးနှင့်နီးနွယ်သော ထောင်စုနှစ်ဖွံ့ဖြိုးရေး

ရည်မှန်းချက်ပန်းတိုင်များ ရောက်ရှိရေးအတွက် မြန်မာနိုင်ငံ၏ ကြိုးပမ်းချက်များ (၁)

ပါမောက္ခဒေါက်တာပိုင်စိုး

ထောင်စုနှစ် ဖွံ့ဖြိုးရေးရည်မှန်းချက်ပန်းတိုင်များ

ပြည်ထောင်စုမြန်မာနိုင်ငံတော် အစိုးရသည် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရာတွင် နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေး ဦးတည်ချက်များ ချမှတ်ဆောင်ရွက်လျက်ရှိပါသည်။ ကျန်းမာရေးမူဝါဒ များကို ပိုမိုပီပြင်စွာ အကောင်အထည်ဖော်နိုင်ရန်နှင့် ကျန်းမာရေးဖွံ့ဖြိုး တိုးတက်မှု လုပ်ငန်းများကို ဦးဆောင်လမ်းညွှန်မှု ပြုနိုင်ရန်အတွက် အမျိုးသား ကျန်းမာရေးကော်မတီကို ကျန်းမာရေးနှင့်နီးနွယ်နေသည့် အခြားဝန်ကြီးဌာန များမှ အကြီးအကဲများပါဝင် စေလျက် ဖွဲ့စည်းထားပါသည်။ နိုင်ငံတော်၏ လူမှုရေးဦးတည်ချက်တစ်ရပ် ဖြစ်သော “တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေး နှင့် ပညာရည်မြင့်မားရေး” ရည်မှန်းချက်အောင်မြင်စေရန် ကျန်းမာရေး လုပ်ငန်းများ ပီပီပြင်ပြင် အကောင်အထည်ဖော်နိုင်ရန် အမျိုးသားကျန်းမာရေး ကော်မတီက ဦးဆောင်လမ်းညွှန်မှုပေးလျက်ရှိပါသည်။ ဤသို့ ဦးဆောင်ပေးမှု အောက်တွင် ကမ္ဘာ့ကုလသမဂ္ဂက ရည်မှန်းထားသော ထောင်စုနှစ်ဖွံ့ဖြိုးရေး ရည်မှန်းချက်ပန်းတိုင်များ (Millennium Development Goals) မှ ကျန်းမာရေးနှင့်နီးနွယ်သည့် ရည်မှန်းချက်ပန်းတိုင်များ အောင်မြင်မှုရရှိရေး အတွက်လည်း ဆောင်ရွက်လျက်ရှိပါသည်။

ကျန်းမာရေးနှင့်နီးနွယ်သည့် ထောင်စုနှစ် ရည်မှန်းချက်ပန်းတိုင်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

- ရည်မှန်းချက်ပန်းတိုင် (၁) ဆင်းရဲနွမ်းပါးမှုနှင့် စားနပ်ရိက္ခာ ချို့တဲ့မှုများ ပပျောက်စေရန်
- ရည်မှန်းချက်ပန်းတိုင် (၄) ကလေးသေဆုံးမှုနှုန်း လျှော့ချရန်
- ရည်မှန်းချက်ပန်းတိုင် (၅) မိခင်ကျန်းမာရေးမြှင့်တင်ရန်
- ရည်မှန်းချက်ပန်းတိုင် (၆) အိပ်ချ်အိုင်ဗွီ / အေအိုင်ဒီအက်စ်ရောဂါ၊ ငှက်ဖျားရောဂါနှင့်အခြားရောဂါများအား တိုက်ဖျက်ရန်
- ရည်မှန်းချက်ပန်းတိုင် (၇) ပတ်ဝန်းကျင် ရေရှည်တည်တံ့ ခိုင်မြဲရေး ဆောင်ရွက်ရန်
- ရည်မှန်းချက်ပန်းတိုင် (၈) ဖွံ့ဖြိုးတိုးတက်မှုအတွက် ပူးပေါင်း ဆောင်ရွက်ရန်

ဆင်းရဲနွမ်းပါးမှုနှင့် စားနပ်ရိက္ခာချို့တဲ့မှုများ ပပျောက်စေရန်

ထောင်စုနှစ် ဖွံ့ဖြိုးရေးရည်မှန်းချက်ပန်းတိုင်(၁)မှာ “ဆင်းရဲနွမ်းပါးမှုနှင့် စားနပ်ရိက္ခာချို့တဲ့မှုများ ပပျောက်စေရန်”ဖြစ်ပြီး ကျန်းမာရေးနှင့်နီးနွယ်သည့် အညွှန်းကိန်း(indicator)အဖြစ် “သတ်မှတ် ကိုယ်အလေးချိန်စံညွှန်းအောက် လျော့နည်းနေသော ငါးနှစ်အောက်ကလေး ရာခိုင်နှုန်း”ကို သတ်မှတ်ထားပြီး ၂၀၁၅ခုနှစ်တွင် ၁၉ ဒသမ ၃ ရာခိုင်နှုန်း ရောက်ရှိရန် မျှော်မှန်းထားပါသည်။ လောလောဆယ် မြန်မာနိုင်ငံ၏ ကျန်းမာရေး ကိန်းဂဏန်းများအရ သတ်မှတ် ကိုယ်အလေးချိန်စံညွှန်းအောက်ရောက်နေသည့် ငါးနှစ်အောက်ကလေးများတွင် ယောကျ်ားလေး ၃၁ဒသမ၁ရာခိုင်နှုန်းရှိပြီး မိန်းကလေး ၃၂ ဒသမ ၆ရာခိုင်နှုန်း ရှိပါသည်။ မြို့ပေါ်တွင် ၂၆ဒသမ ၆ရာခိုင်နှုန်းရှိပြီး ကျေးရွာတွင် ၃၃ဒသမ ၆ ရာခိုင်နှုန်းရှိပါသည်။ အသက်အရွယ်အပိုင်းအခြားအရ နှစ်နှစ်မှငါးနှစ်ကြား ကလေးများတွင် အများဆုံးတွေ့ရပါသည်။ ဤအခြေအနေကို ပိုမိုတိုးတက် လာစေရန် ကျန်းမာရေးကဏ္ဍအနေဖြင့် တစ်နှစ်အောက်ကလေးများအား တစ်လတစ်ကြိမ်၊ သုံးနှစ်အောက်ကလေးများအား သုံးလတစ်ကြိမ်ကိုယ်အလေး ချိန်ချိန်၍ စောင့်ကြပ်ခြင်း၊ ဆေးများဝေငှခြင်း၊ အာဟာရပညာပေးခြင်းများကို အခြေခံ ကျန်းမာရေးဝန်ထမ်းများက အောက်ခြေအဆင့်တွင် ဆောင်ရွက်လျက် ရှိကြပါသည်။

မြန်မာနိုင်ငံအစိုးရက ဆောင်ရွက်လျက်ရှိသည့် ဆင်းရဲနွမ်းပါးမှုလျော့ပါး ရေး နည်းဗျူဟာများတွင် လမ်းများဖောက်ခြင်း၊ တံတားများ ဆောက်ခြင်း၏ အကျိုးသက်ရောက်မှုကို အရှေ့တောင်အာရှဒေသဆိုင်ရာ ကမ္ဘာ့ကျန်းမာရေး အဖွဲ့ရုံးက အောက်ပါအတိုင်း သုံးသပ်ပြထားပါသည်-

“၁၉၈၈ ခုနှစ်မှစ၍ ၂၀၀၅ ခုနှစ်အတွင်း နိုင်ငံအတွင်း တံတားသစ် ပေါင်း ၁၆၄ စင်း ဖောက်လုပ်ခဲ့ပြီးဖြစ်သည်။ ဤတံတားများသည် ထပ်ဆင့် ညွှန်းပို့သည့်လူနာများ အချိန်မီသွားရောက်နိုင်ရေး၊ မူလတန်းမှ တက္ကသိုလ် အဆင့်အထိ ပညာရေး လက်လှမ်းမီစေရေးတို့ကို အကျိုးပြုမည်ဖြစ်သည်။ ကုန်စည်စီးဆင်းမှု သွက်လက်စေခြင်းဖြင့် ပြည်သူလူထု၊ အထူးသဖြင့် ဝင်ငွေနည်းပါးသည့် ပြည်သူများ၏ စီးပွားရေး ဖွံ့ဖြိုးလာစေမည်။ ပညာရေးနှင့် စီးပွားရေးသည် ကျန်းမာရေးနှင့် ကျန်းမာရေးစနစ် ဖွံ့ဖြိုး တိုးတက်စေမှုကို တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက်၍ အကျိုးသက်ရောက်စေမည် ဖြစ်သည်။”

စားနပ်ရိက္ခာ ဖူလုံမှုရှိစေရန် မြန်မာနိုင်ငံ၏ ဆောင်ရွက်ချက်များနှင့် ပတ်သက်၍လည်း အောက်ပါအတိုင်း သုံးသပ်ပြထားပါသည်-

“မြန်မာနိုင်ငံ၏ လက်ရှိလူဦးရေကို ၅၅ဒသမ၄သန်းခန့်ဟု ၂၀၀၅ ခုနှစ်တွင် ခန့်မှန်းထားပြီး ၂၀၁၀ ပြည့်နှစ်တွင် သန်း ၆၀ ရှိမည်ဟု မျှော်မှန်းထားပါ သည်။ ထိုသို့ လူဦးရေတိုးလာသဖြင့် စားနပ်ရိက္ခာ ပိုမိုလိုအပ်လာမည် ဖြစ်သည်။ ရိက္ခာလိုအပ်ချက် ဖြည့်ဆည်းနိုင်ရန် မြေယာဖွံ့ဖြိုးအောင် ဆောင်ရွက်ခြင်းနှင့် သီးနှံတိုးချဲ့စိုက်ပျိုးခြင်းဖြင့် ဆောင်ရွက်ပေးပါမှ နွမ်းပါးမှုနှင့်စားနပ်ရိက္ခာချို့တဲ့မှုကိုကာကွယ်နိုင်မည် ဖြစ်သည်။ ၁၉၉၀- ၂၀၀၂ခုနှစ်အတွင်း လယ်ယာ ၂၀၉၃၂၁၉ ဧကကို ရေဖြန့်ဝေပေးနိုင်ရန် ဆည်ပေါင်း ၁၅၀ တည်ဆောက်ခဲ့သည်။ မြစ်ရေ တင် လုပ်ငန်းပေါင်း ၂၆၅ ခုဖြင့် စိုက်ပျိုးမြေဧကပေါင်း ၂၈၂၁၀၈ ဧကကို ရေဖြန့်ဝေပေး နိုင်ရန် ၁၉၉၅-၂၀၀၂ခုနှစ်အတွင်းဆောင်ရွက်ခဲ့ သည်။ဤသို့တည်ဆောက်ခဲ့သည့် ဆည်များ၊ မြစ်ရေတင်လုပ်ငန်းများ ကြောင့် စားနပ်ရိက္ခာ ပိုမိုထုတ်လုပ်လာနိုင်မည်ဖြစ်ပြီး နွမ်းပါးမှု လျော့ကျ စေခြင်းသို့ ဦးတည်သွားပါမည်။”

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ မြန်မာနိုင်ငံကျန်းမာရေးနှင့် ပတ်သက်ပြီး ရေးသားထားသော အစီရင်ခံစာတစ်ခုတွင် **မြန်မာနိုင်ငံတွင် အစားအစာထုတ်လုပ်မှု ပမာဏသည် မြန်မာနိုင်ငံ၏ လူဦးရေအတွက် လုံလောက်သည့်အပြင် ပိုလျှံသည့် အဆင့်သို့ ရောက်ရှိနေပြီဖြစ်ကြောင်း၊ လူတစ်ဦးချင်းစီ၏ စားသုံးနိုင်မှု ကယ်လိုရီ ပျမ်းမျှပမာဏမှာ ၂၉၀၀ကယ်လိုရီ ရှိနေပြီဖြစ်သဖြင့် လူတစ်ဦးချင်း အမှန်တကယ် လိုအပ်သော ပမာဏရရှိနေပြီဖြစ်ကြောင်း** ဖော်ပြထားပါသည်။

မြန်မာမိခင်များနှင့် ကလေးသူငယ်များ၏ အာဟာရအခြေအနေ မြှင့်တင်ရေး လုပ်ငန်းများတွင် ကျန်းမာရေးဝန်ကြီးဌာန၊ အခြားနီးနွယ်သော ဝန်ကြီးဌာနများ၊ ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် အစိုးရမဟုတ်သော ပြည်တွင်းပြည်ပမှ အဖွဲ့အစည်းများ၊ မြန်မာနိုင်ငံ၏ အာဟာရဖွံ့ဖြိုးရေးလုပ်ငန်းများ အရှိန်အဟုန်ကို မြှင့်တင်ရန် ရည်မှန်းချက် ပူးပေါင်းပါဝင် ဆောင်ရွက်လျက် ရှိပါသည်။

ပြည်သူများ အာဟာရပြည့်ဝမျှတစွာ စားသုံးတတ်သည့်ဓလေ့များ ထွန်းကား လာရေးတို့ကို ရည်မှန်းချက်များအဖြစ်ချမှတ်ကာ အာဟာရဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။ ကလေးသူငယ်များ ဗီတာမင်အေချို့တဲ့မှု အန္တရာယ်မှ ကင်းဝေးရေးအတွက် တစ်နိုင်ငံလုံးရှိ အသက်ခြောက်လမှငါးနှစ်အောက် ကလေး များအား ခြောက်လတစ်ကြိမ် အင်အားပြည့် ဗီတာမင်အေဆေးလုံး တိုက်ကျွေး လျက်ရှိနေပါသည်။

မွေးပြီးမိခင်များကိုလည်း မွေးပြီးတစ်လအတွင်း အင်အားပြည့် ဗီတာမင်အေ ဆေးလုံး တိုက်ကျွေးလျက် ရှိနေပါသည်။ သံဓာတ်ချို့တဲ့ သွေးအားနည်းမှုကို ကာကွယ်ရန်အတွက် ကိုယ်ဝန်ဆောင်အမျိုးသမီးများ၊ ပျိုဖော်ဝင် အလယ်တန်းနှင့် အထက်တန်းကျောင်းသူများကို သံဓာတ်ဆေးပြားများကိုလည်း တိုက်ကျွေးလျက် ရှိပါသည်။ ဗီတာမင် ‘ဘီဝမ်း’ ချို့တဲ့ရောဂါ (သူငယ်နာဘယ်ရီဘယ်ရီရောဂါ) ကာကွယ်ရေးလုပ်ငန်းတွင် ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်တိုင်းအား ဗီတာမင် ‘ဘီဝမ်း’ဆေးပြားကို မမွေးဖွားမီတစ်လနှင့် မွေးပြီးနောက်သုံးလအထိ တိုက်ကျွေး နေပြီဖြစ်ပါသည်။

သန်ကောင်ရောဂါကာကွယ်ရေး စီမံချက်အနေဖြင့် အသက်နှစ်နှစ်မှ ငါးနှစ် အတွင်း ကလေးများနှင့် မူလတန်းကျောင်းသားအရွယ် ကလေးများအားလုံးကို တစ်နှစ်လျှင် နှစ်ကြိမ်၊ ကိုယ်ဝန်သုံးလအထက် အမျိုးသမီးများကို မီးမဖွားမီကာလ အတွင်းတစ်ကြိမ် သန်ချဆေးများ အခမဲ့တိုက်ကျွေးလျက်ရှိပါသည်။

ပြည်သူအများ၏ အာဟာရအခြေအနေ မြင့်မားလာစေရေးအတွက် ဆောင်ရွက်ရာတွင် ဗီတာမင်အစုံပါဝင်သည့် ဆေးများတိုက်ကျွေးခြင်း၊ အာဟာရ ဓာတ် ဖြည့်စွက်ထားသည့် အစားအစာများ ထုတ်လုပ်စားသုံးစေခြင်း၊ အာဟာရ ပညာပေးခြင်းဟူသည့် နည်းလမ်းမျိုးစုံကို အသုံးပြုလျက်ရှိပါသည်။

အိုင်အိုဒင်းချို့တဲ့မှုကို ကာကွယ်ရန်အတွက် အိုင်အိုဒင်းဆားကို နိုင်ငံသားတိုင်း စားသုံးနိုင်ရန် ဆောင်ရွက်ပေးလျက်ရှိပါသည်။

ကျေးရွာများတွင်လည်း ကျေးရွာအာဟာရဘဏ်များ ဖွင့်လှစ်ခြင်းဖြင့် ကျေးရွာ နေပြည်သူများ၏ အာဟာရကောင်းမွန်လာစေပါသည်။ ရပ်ကွက်များအတွင်း၌လည်း စေတနာရှင် ပြည်သူတို့၏ ပါဝင်မှုဖြင့် ကလေးသူငယ်များအတွက် အာဟာရ ကျွေးမွေးစောင့်ရှောက်ရေးဌာနများ ဖွင့်လှစ်ထားရှိပြီး တစ်ဖက်တစ်လမ်းမှ ဆောင်ရွက်ပေးနေကြပါသည်။

သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် အစားအစာများကို အာဟာရမျှတ မှန်ကန်စွာ စားသုံးခြင်းနှင့်ကလေးသူငယ်များကိုလည်း အာဟာရမျှတ မှန်ကန်စွာ ကျွေးမွေးခြင်းဖြင့် အာဟာရချို့တဲ့သောကလေးငယ် များလျော့နည်း ပပျောက် သည်အထိ ဖြစ်လာပေတော့မည်ဖြစ်ပါသည်။

“မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ ၁၉၉၉-၂၀၀၀ ပြည့်နှစ်တွင် တစ်ဦးချင်းဝင်ငွေကျပ် ၁၇၉၄ ရှိခဲ့ရာမှ ၂၀၀၁ ခုနှစ်တွင် ကျပ် ၆၈၉၀၂ သို့ တိုးတက်ခဲ့သည်။ မြန်မာနိုင်ငံ၏ ဆက်သွယ်ရေး ဖွံ့ဖြိုး တိုးတက်မှု တံတားများ၊ လမ်းများ၊ မီးရထားလမ်းများ အသစ်တည်ဆောက်မှုတို့ကြောင့် မကြာမီ အနာဂတ်ကာလအတွင်း မြန်မာနိုင်ငံတော်၏ GDP လည်း တိုးတက် လာမည်ဟု မျှော်မှန်းရပါသည်။ ၁၉၈၈ ခုနှစ် နိုဝင်ဘာလတွင် ပြည်ပရင်းနှီးမြှုပ်နှံမှု ဥပဒေပြဋ္ဌာန်းခဲ့ပြီးနောက် ၂၀၀၅ ခုနှစ် မတ်လ စာရင်းဇယားအရ မြန်မာနိုင်ငံတွင် ပြည်ပရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာ ၇၇၅၀သန်းရှိကြောင်း သိရှိရသည်။”

ကလေးသေဆုံးမှုနှုန်းလျှော့ချရန်

ထောင်စုနှစ် ဖွံ့ဖြိုးရေးရည်မှန်းချက်ပန်းတိုင်(၄)မှာ “ကလေးသေဆုံး မှုနှုန်းလျှော့ချရန်”ဖြစ်ပြီး ကျန်းမာရေးနှင့်နီးနွယ်သည့် ညွှန်းကိန်းများ အဖြစ် အောက်ပါအတိုင်း သတ်မှတ်ထားပါသည်-

- အသက်(ငါးနှစ်အောက်) ကလေးသေဆုံးမှုနှုန်း(အရှင်မွေး ၁၀၀၀လျှင်)
- အသက်(တစ်နှစ်အောက်)ကလေးသေဆုံးမှုနှုန်း(အရှင်မွေး ၁၀၀၀လျှင်)
- အသက်(တစ်နှစ်အောက်)ကလေးများတွင် ဝက်သက်ရောဂါကာကွယ် ဆေးထိုးနှံပြီး အရေအတွက်

၁၉၉၀ ပြည့်နှစ်တွင်ရှိသော ကလေးသေဆုံးမှုနှုန်းကို ၂၀၁၅ ခုနှစ် တွင် သုံးပုံနှစ်ပုံ လျှော့ချရန် ရည်မှန်းထားပါသည်။

မြန်မာနိုင်ငံတွင် အသက်ငါးနှစ်အောက် ကလေးသေဆုံးမှု နှုန်းများအား နှစ်အလိုက်နှိုင်းယှဉ်ကြည့်ရာ ကျဆင်းလျက်ရှိသည်ကို တွေ့ရပါသည်။ အသက် ငါးနှစ်အောက်ကလေးသေဆုံးမှုနှုန်းသည် ၁၉၉၅ခုနှစ်တွင်အရှင်မွေး၁၀၀၀လျှင် ၈၂ဒသမ၄သေဆုံးနေရာမှ ၂၀၀၃ခုနှစ်တွင် အရှင်မွေး ၁၀၀၀လျှင် ၆၆ဒသမ ၁အထိ ကျဆင်းခဲ့ကြောင်းတွေ့ရှိနိုင်ပါသည်။ သို့သော် အသက်တစ်နှစ်အောက် ကလေးသေဆုံးမှုနှုန်းမှာမူ သိသာစွာ ကျဆင်းမှုမရှိကြောင်း တွေ့ရှိရပါသည်။ အသက်တစ်နှစ် အောက်ကလေးသေဆုံးမှုနှုန်းမှာ အရှင်မွေး၁၀၀၀လျှင် ၄၉မှ ၅၅အတွင်းရှိနေကြောင်း တွေ့ရှိရပါသည်။

၂၀၀၃ခုနှစ်၌ မြန်မာနိုင်ငံတွင် တစ်ပြည်လုံးအတိုင်းအတာဖြင့်ဆောင်ရွက် ခဲ့သော အသက်ငါးနှစ်အောက် ကလေးသေဆုံးမှု စစ်တမ်းကောက်ယူရာတွင် သေဆုံးမှုစုစုပေါင်း၏ ၈၇ ရာခိုင်နှုန်းသည် ကျေးလက်ဒေသတွင်ဖြစ်ကြောင်း၊ သေဆုံးမှု စုစုပေါင်း၏ ၇၃ ရာခိုင်နှုန်းသည် အသက်တစ်နှစ်အောက်တွင် သေဆုံးမှုဖြစ်ကြောင်း၊ အသက်တစ်နှစ်အောက်သေဆုံးမှု၏ ၇၀ ရာခိုင်နှုန်းသည် မွေးပြီး ပထမသုံးလအတွင်း၌ဖြစ်ကြောင်း တွေ့ရှိခဲ့ရပါသည်။

ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဦးစီးဌာနသည် ယခင် နည်းဗျူဟာ များနှင့် လုပ်ဆောင်ချက်များမှရရှိသော သင်ခန်းစာ၊ အချက်အလက်များပေါ် မူတည်၍ ကလေးကျန်းမာရေးနှင့်ပတ်သက်ပြီး ငါးနှစ်တာနည်းဗျူဟာစီမံကိန်း (၂၀၀၅-၂၀၀၉)ကို အကျိုးတူပူးပေါင်း ဆောင်ရွက်သူများ၏ အကြံဉာဏ်နှင့် အတွေ့အကြုံများပေါ်တွင် အခြေခံ၍ ရေးဆွဲခဲ့ပါသည်။ ၎င်းစီမံကိန်းကို အဆင့် တိုင်း၌ အကောင်အထည် ဖော်ဆောင်ရွက်လျက်ရှိပြီး မျိုးဆက်ပွားကျန်းမာရေးနှင့် ပတ်သက်သော ငါးနှစ်တာ နည်းဗျူဟာစီမံကိန်း၊ ပျိုရွယ်သူ ကျန်းမာရေးနှင့် ပတ်သက်သော ငါးနှစ်တာ နည်းဗျူဟာစီမံကိန်းတို့နှင့်အတူ လက်တွဲအကောင် အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

ထောင်စုနှစ် ကျန်းမာရေးရည်မှန်းချက်များ ပြည့်မီရန် အောက်ဖော်ပြပါ အခန်းကဏ္ဍများအား အဓိကထားအားဖြည့်ဆောင်ရွက်လျက်ရှိပါသည်-

(၁) ကျေးလက်ဒေသကျန်းမာရေးဖွံ့ဖြိုးမှု

(၂) သွားလာမှုခက်ခဲသော ဒေသများတွင် ရှိပြီးစွမ်းအားစုများအား အကျိုးရှိစွာ အသုံးချနိုင်ရေး

(၃) အခြေခံမွေးကင်းစ ကျန်းမာရေးစောင့်ရှောက်မှု

(၄) အရေးပေါ်ကုသမှုများအတွက် ညွှန်းပို့သော ဝန်ဆောင်မှုများ ပေးနိုင်ရေး

(၅) မိသားစုအတွင်း လိုက်နာကျင့်သုံးရမည့် အဓိကအချက်များနှင့် ပြည်သူလူထု ပူးပေါင်းပါဝင်မှုကို တိုးတက်စေရေး

(၆) အကျိုးတူပူးပေါင်းဆောင်ရွက်သူများ၊ ဦးစီးဌာနများ၊ အဖွဲ့အစည်း များအတွင်း လုပ်ငန်းရပ်များ ထပ်နေခြင်း မရှိစေရန်နှင့် အကုန်အကျ နည်းပြီး အကျိုးရှိစေသည့် ရလာဒ်များ ရရှိစေရေးတို့အတွက် အတူ ပူးပေါင်းဆောင်ရွက်ကြရန်။

ထို့အပြင် ကျန်းမာရေးဦးစီးဌာနမှ မိခင်ကလေးသေဆုံးမှုနှင့် ကလေး သေဆုံးမှုနှုန်းများ လျော့နည်းစေရန် ရည်ရွယ်လျက် ပိုမိုကျယ်ပြန့်စွာ လုပ်ဆောင် နိုင်ရန် မိခင်၊ မွေးကင်းစနှင့် ကလေးကျန်းမာရေးစီမံချက်ကို ကုန်ကျစရိတ် နည်းပြီး အမြင့်မားဆုံးသော ထိရောက်မှုရှိသည့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို ဦးစားပေးအစီအစဉ်အလိုက် အမျိုးသားကျန်းမာရေးစီမံကိန်း (၂၀၀၇-၂၀၁၁)တွင် ထည့်သွင်းအကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိပါ သည်။

ပြည်သူလူထုအခြေပြု အသက်ရှူလမ်းကြောင်းရောဂါ၊ အသစ်ဖော်စပ် ထားသော ဓာတ်ဆားထုပ်များကို ဝမ်းပျက်ဝမ်းလျှောကုသခြင်း တွင်အသုံးပြုခြင်း၊ မိသားစုနှင့် ပြည်သူလူထုအတွင်း လိုက်နာကျင့်သုံးရမည့် အဓိကအချက်များကို ကျယ်ကျယ်ပြန့်ပြန့် လိုက်နာကျင့်သုံးရေး၊ ကလေးကျန်းမာဖွံ့ဖြိုးရေးလုပ်ငန်းများကို ပိုမိုအားဖြည့် ဆောင်ရွက်နိုင်ရန် ကလေးသူငယ် ရှင်သန်ရေးဆွေးနွေးပွဲများကို ဆောင်ရွက်ခြင်းအပြင် ကျေးလက်ကျန်းမာရေးဖွံ့ဖြိုးမှု၊ ပြည်သူလူထု ပူးပေါင်း ဆောင်ရွက်မှုနှင့် အခြေခံမွေးကင်းစ စောင့်ရှောက်မှုဆိုင်ရာ လုပ်ငန်းများကိုလည်း ဦးစားပေး ဆောင်ရွက်မည်ဖြစ်ပါသည်။

တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်းတွင်လည်း နမိုးနီးယားရောဂါ ဖြစ်ပွားမှုကို ကာကွယ်ရန်အတွက် ကာကွယ်ဆေးကိုလည်း ကာကွယ်ဆေးထိုး အစီအစဉ်၌ ထည့်သွင်းရန် လျာထားပါသည်။

ဗီတာမင်ဘီဝမ်းချို့တဲ့ခြင်းအတွက် စောင့်ကြပ်ကြည့်ရှုခြင်းစနစ်ကို လည်း ဆောင်ရွက်လျက်ရှိပါသည်။ ကလေးသူငယ်များတွင် အဖြစ်များသောရောဂါ များနှင့် ပတ်သက်၍ ကြိုတင်ကာကွယ်ခြင်းနှင့် ထိရောက်သည့် အချိန်မီကုသမှု များကိုလည်း အလေးထားဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံ၏ အသက်တစ်နှစ်အောက်ကလေးများတွင် ဝက်သက်ရောဂါ ကာကွယ်ဆေး ထိုးနှံပေးပြီး အရေအတွက်မှာ ၂၀၀၃ ခုနှစ်တွင် ၈၆ ဒသမ ၆ ရာခိုင်နှုန်းရှိခဲ့ရာမှ ၂၀၁၅ ခုနှစ်တွင် ၉၀ ရာခိုင်နှုန်းကျော်စေရန် စီမံဆောင်ရွက် လျက် ရှိပါသည်။

ကျောင်းနေအရွယ် ကလေးများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း များကိုလည်း ကျန်းမာရေးဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့ ပူးပေါင်း ဆောင်ရွက်လျက်ရှိပါသည်။ ၂၀၀၄ခုနှစ်အတွင်း မြန်မာနိုင်ငံတစ်ဝန်းရှိ ကျောင်း ပေါင်း ၇၅၀၀တွင် ကျောင်းသား၊ ကျောင်းသူ ၁ ဒသမ ၅ သန်းကို သန်ချဆေးများ တိုက်ကျွေးပေးခဲ့ခြင်းဖြင့် ၎င်းတို့၏ အာဟာရဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူ ပြုစေခဲ့ပါသည်။ ၂၀၀၇ခုနှစ် ဒီဇင်ဘာလအတွင်းကလည်း ကျောင်းနေကလေး ပေါင်း ၄ဒသမ ၉သန်းနှင့် မူကြိုအရွယ်ကလေးပေါင်း နှစ်သန်းကို သန်ချ ဆေးများ တိုက်ကျွေးခဲ့ပါသည်။ ။

(ဆက်လက်ဖော်ပြပါမည်။)

"လူငယ် အားကစားကလောင်ရှင်များ များများဖတ်၊ များများမှတ်၊ များများရေးဖို့ လိုပါတယ်"

မောင်ရဲဝင်း

"လူငယ် အားကစားကလောင်ရှင်တွေ ကြိုးစားရေးသားကြဖို့ လိုပါတယ်"

စစ်ကိုင်းကြည်ညွန့်

"မြန်မာ့အားကစား တိုးတက်ဖို့ မျိုးဆက်သစ်ကလောင်ရှင်များ အနေနဲ့ ပြည်ပသာမက ပြည်တွင်းအားကစားများလည်း လှုံ့ဆော် ရေးသားပေးဖို့ လိုပါတယ်"

လင်းရောင်(မင်းလှ)

❒ *ကျော်ဖုံးမှ*

အခမ်းအနား ကျင်းပရခြင်းနှင့် စပ်လျဥ်း၍ မြန်မာနိုင်ငံ အားကစားကလောင်ရှင်များ အဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာတင်ထွန်းဦးက "ကျွန်တော်တို့ ဒီအခမ်းအနားကို ရည်ရွယ်ချက်နှစ်ရပ်နဲ့ ကျင်းပတာ ဖြစ်ပါတယ်။ ပထမ ရည်ရွယ်ချက်ကတော့ မြန်မာ့အားကစား အဆင့်အတန်း တိုးတက်မြင့်မားရေးအတွက် ကလောင်အစွမ်းဖြင့် နှစ်ပေါင်းများစွာရေးသားပေးခဲ့ကြသော အားကစားကလောင်ရှင်ကြီးများကို ဂုဏ်ပြုတဲ့အနေနဲ့ ကျင်းပတာဖြစ်ပါတယ်။ ဒုတိယရည်ရွယ်ချက်ကတော့ ဒီသီတင်းကျွတ်လမှာ မြန်မာလူမျိုးတို့ရဲ့ ရိုးရာအစဉ်အလာဖြစ်တဲ့ သက်ကြီးရွယ်အို၊ အဘိုး အဘွား၊ ဆရာသမား၊ မိဘများအား ဝေလေ့ထုံးတမ်းအရ ပူဇော်ထိုက်သူကို ပူဇော်ခြင်းဖြစ်ပါတယ်။ ဒီလို အသက်၇၀နှင့်အထက် အားကစားကလောင်ရှင်ကြီးတွေကို ဂုဏ်ပြုကန်တော့တာဟာ ဒါပထမဆုံးအကြိမ် ဖြစ်ပါတယ်၊ နောင်နှစ်များမှာလဲ ယခုလို ဂုဏ်ပြုတဲ့အစီအစဉ်ကို ပြုလုပ်သွားမှာဖြစ်ပါတယ်"ဟု မြန်မာ့အလင်းသို့ ပြောကြားသည်။

အဆိုပါအခမ်းအနားသို့ တက်ရောက်လာကြသော အားကစားကလောင်ရှင်အချို့၏ မြန်မာ့အားကစားလောက ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖွင့်ဟမြွက်ဆိုသည့် စကားများကိုလည်း မှတ်သားခဲ့ရပါသေးသည်။

ကြိုးစားရေးသား

ရှေးဦးစွာ ဝါရင့် အားကစားကလောင်ရှင် စစ်ကိုင်းကြည်ညွန့်က "ကျွန်တော်တို့တုန်းက အားကစားသတင်းဆောင်းပါးတွေရေးတော့ ဒီခေတ်လို အင်တာနက်တွေ ဘာတွေ မရှိသေးဘူး၊ ဒီခေတ်မှာ လူငယ် အားကစားကလောင်ရှင်တွေ အများအပြား ပေါ်ပေါက်လာတာ တွေ့ရတယ်။ ကြိုးလည်းကြိုးစားကြပါတယ်။ တော်လည်း တော်ကြပါတယ်။ ဆက်လက်ပြီးတော့ မြန်မာ့အားကစားလောက ဖွံ့ဖြိုးတိုးတက်လာအောင် လူငယ် အားကစား ကလောင်ရှင်တွေ အနေနဲ့ ဝိုင်းဝန်းကြိုးစား ရေးသားပေးကြပါလို့ တိုက်တွန်းချင်ပါတယ်"ဟု ပြောကြားသွားသည်။

ဆက်လက်၍ ဝါရင့်အားကစားကလောင်ရှင်ကြီးတစ်ဦးဖြစ်သည့် လင်းရောင်(မင်းလှ) ကလည်း "မြန်မာ့အားကစား တိုးတက်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြဖို့ လိုအပ်သလို အားကစားကလောင်ရှင်များ အနေနဲ့လည်း ဝိုင်းဝန်းလှုံ့ဆော်ရေးသားပေးကြဖို့ လိုအပ်ပါတယ်။ သတင်းဂျာနယ်များမှာ မြန်မာအားကစားတိုးတက်ရေးသတင်းဆောင်းပါးများ လှုံ့ဆော်ရေးသားအားပေးမှု အားနည်းနေပါတယ်၊ယနေ့လူငယ်အားကစားကလောင်ရှင်များအနေနဲ့ မြန်မာ့အားကစားတိုးတက်ဖို့ ဝိုင်းဝန်းရေးသားပေးဖို့ လိုပါတယ်' ဟု ပြောကြားသည်။

အကြံပြု

တစ်ဖန် ဝါရင့်အားကစားကလောင်ရှင်ကြီးတစ်ဦးဖြစ်သည့် မောင်ရဲဝင်းက "မြန်မာ့အားကစားတိုးတက်ဖို့ဆိုတာတစ်ဦးကောင်းတစ်ယောက်ကောင်းနဲ့လုပ်လို့မရပါဘူး၊ လူငယ်မျိုးဆက်သစ် အားကစားကလောင်ရှင်တွေအနေနဲ့လည်း ဖတ်ပါ၊ မှတ်ပါ၊ လေ့လာပါ၊ ပြီးရင်ဝေဖန်အကြံပြုရေးသားပေးကြပါ"ဟု ပြောကြားသည်။

ထို့နောက် မြန်မာ့လက်ဝှေ့လောက ဖွံ့ဖြိုးတိုးတက်ရေးနှင့်စပ်လျဉ်း၍ ဝါရင့်အားကစားကလောင်ရှင်တစ်ဦးဖြစ်သည့် ထင်အောင်(ကာယပညာ)က "မြန်မာ့လက်ဝှေ့သမားတွေအနေဖြင့် မြန်မာ့ရိုးရာလက်ဝှေ့နဲ့ ထိုင်းလက်ဝှေ့ ပြိုင်ဖို့ရှိပါတယ်။ ထိုင်း လက်ဝှေ့သမားတွေက ထိုးဖောက်ကြမ်းတယ်၊ ဒါပေမယ့် ထိုင်းလက်ဝှေ့သမားတွေက အများအားဖြင့် ဝိုက်လက်သီး အသုံးများတယ်၊ သူတို့က ဝိုက်လက်သီးသုံးရင် ကိုယ်က ဝိုက်လက်သီး သုံးလို့မရဘူး၊ ဖြောင့်လက်သီး၊ အဖြောင့်ကန်ချက်တွေ သုံးရတယ်။ လုံးတာ၊ ကပ်တာ မလုပ်ရဘူး၊ ခွာထိုးဖို့လိုတယ်" ဟု လက်ဝှေ့အားကစားနှင့် ပတ်သက်၍ မှတ်သားစရာအချို့ကို ပြောပြသည်။

အဆိုပါ သက်ကြီး ဝါရင့်အားကစားကလောင်ရှင်ကြီးများအား ပူဇော်ကန်တော့ပွဲ အခမ်းအနားသို့ တက်ရောက်ကြသော အားကစား ကလောင်ရှင်ကြီးများမှာ ဆရာငြိမ်း (ဦးငြိမ်း)၊ စစ်ကိုင်းကြည်ညွန့် (ဦးကြည်ညွန့်)၊ လင်းရောင်(မင်းလှ) (ဒုတိယဗိုလ်မှူးကြီးလှမိုး-အငြိမ်းစား)၊ ထင်အောင်(ကာယပညာ) (ဦးထင်အောင်)၊ မိုးမိုးတာရောစန် (ဦးခင်မောင်သောင်း)၊ ခင်မောင်ထွေး(ပျဉ်းမနား) (ဦးခင်မောင်ထွေး)၊ မောင်ရဲဝင်း (ဦးထွန်းသာ)၊ မောင်ဆုရှင် (ဦးမျိုးသန့်)၊ တက္ကသိုလ်ကိုကိုကြီး(ဦးကိုကြီး)၊ ဗဟိုသိမ်းဆောင် (ဦးသိမ်းဆောင်)၊ တက္ကသိုလ်စိုးဝင်း (ဦးစိုးဝင်း)နှင့် ဘာမထီခင်အောင်(ဦးခင်အောင်) တို့ ဖြစ်သည်။ **(မြန်မာ့အလင်း)**

"လက်ဝှေ့မှာ တခြားပြိုင်ဘက်က ဝိုက်လက်သီး သုံးရင် ကိုယ်က အဖြောင့်ထိုး၊ အဖြောင့်ကန်ချက်တွေ သုံးဖို့ လိုပါတယ်"

ထင်အောင်(ကာယပညာ)

"ဝါရင့် သက်ကြီး အားကစား ကလောင်ရှင်ကြီးများအား ပထမဆုံး အကြိမ် ပူဇော်ကန်တော့ခြင်း ဖြစ်ပါတယ်"

ဒေါက်တာတင်ထွန်းဦး

■ ကျော်ဖုံးမှ

ငါးမန်းသွေးအတွင်း တွေ့ရှိရသော ပဋိပစ္စည်းများသည် ဆေးဝါး အမျိုးအစားသစ်များ ထုတ်လုပ်ရာတွင် အသုံးဝင်လာနိုင်သည်ဟူ၍လည်း ဆိုသည်။ ငါးမန်း၏ ပဋိပစ္စည်းများသည် အက်စစ် သို့မဟုတ် အယ်ကာလိုင်း အခြေအနေတွင် အလွန်ပူပြင်းသော အပူဒဏ်ကို ခံနိုင်စွမ်းရှိသည်ဟု ဆိုသည်။

မာဒေးကားဖိတ်ခေါ်ဘောလုံးပြိုင်ပွဲ မြန်မာအသင်းက ဘင်္ဂလားဒေ့ရှ်အသင်းကို အနိုင်ရရှိ

ရန်ကုန် အောက်တိုဘာ ၁၈

၂၀၀၈ခုနှစ် အကြိမ်(၄၀)မြောက် မာဒေးကားဖိတ်ခေါ် ဘောလုံးပြိုင်ပွဲကို ယနေ့ည ဒေသစံတော်ချိန် ၈နာရီ ၄၅ မိနစ်တွင် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ ကျင်းပသည်။

အနိုင်ရရှိ

ပြိုင်ပွဲတွင် (ခ)အုပ်စုမှ မြန်မာ့လက်ရွေးစင် ဘောလုံးအသင်းနှင့် ဘင်္ဂလားဒေ့ရှ် ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ မြန်မာလက်ရွေးစင် ဘောလုံးအသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသည်။

မြန်မာအသင်းအတွက် အနိုင်ဂိုးကို ပထမပိုင်း ၂၄မိနစ်တွင် စိုးမြတ်မင်းက သွင်းယူနိုင်ခဲ့သည်။

ယှဉ်ပြိုင်ကစားမည်

အောက်တိုဘာ၂၀ရက် ညနေပိုင်းတွင် မြန်မာအသင်းနှင့် မိုဇမ်ဘစ်အသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ **(သတင်းစဉ်)**

အာဆီယံအမျိုးသမီး ချန်ပီယံရှစ်ဘောလုံးပြိုင်ပွဲ မြန်မာနှင့်ထိုင်း တတိယလုရမည်

ရန်ကုန် အောက်တိုဘာ ၁၈

၂၀၀၈ခုနှစ် အာဆီယံ အမျိုးသမီး ချန်ပီယံရှစ်ဘောလုံးပြိုင်ပွဲ အကြိုဗိုလ်လုပွဲများကို ယနေ့ညနေပိုင်းတွင် ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ဟိုချီမင်းမြို့၌ ဆက်လက်ကျင်းပသည်။ ပြိုင်ပွဲ၏ ဒုတိယအကြိုဗိုလ်လုပွဲတွင် လက်ရှိချန်ပီယံ မြန်မာ့လက်ရွေးစင် အမျိုးသမီးဘောလုံးအသင်းနှင့် ဩစတြေးလျအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဩစတြေးလျ အသင်းက ငါးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိပြီး ဗိုလ်လုပွဲသို့ တက်ရောက်သွားသည်။

တတိယလုပွဲ

အောက်တိုဘာ ၂၀ရက် ညနေပိုင်းတွင် မြန်မာအသင်းနှင့် ထိုင်းအသင်းတို့ တတိယလုပွဲအဖြစ် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

ယင်းနေ့တွင် ဗိုလ်လုပွဲအဖြစ် အိမ်ရှင် ဗီယက်နမ်အသင်းနှင့် ဩစတြေးလျအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဘရာဇီးအသင်းနှင့် မြန်မာ့လက်ရွေးစင်ဟောင်းများ ယှဉ်ပြိုင်မည့် လေဘေားသင့်ပြည်သူများအတွက် ရန်ပုံငွေဘောလုံးပွဲ

အောက်တိုဘာ ၂၆ ရက်နှင့် ၂၈ ရက်တို့တွင် ယှဉ်ပြိုင်ကစားမည်

သတင်းမှတ်စုနှင့် ဓာတ်ပုံ - ဖိုးသော်ဇင် စာမျက်နှာဖွဲ့စည်းမှု - သောင်းရွှေ (မြန်မာ့အလင်း)

မြန်မာ့လက်ရွေးစင်အားကစား သမားဟောင်းများ လေ့ကျင့်မှုပြုလုပ်နေစဉ်။ (မြန်မာ့အလင်း)

ရန်ကုန် အောက်တိုဘာ ၁၈

ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲကို ယှဉ်ပြိုင်ဖူးသည့် ကစားသမားများ၊ လက်ရွေးစင်ဟောင်း ကစားသမားအများစု ပါဝင်လာမည့် ဘရာဇီးအသင်းနှင့် မြန်မာ့လက်ရွေးစင် ကစားသမားဟောင်းများ ယှဉ်ပြိုင်ရန် စီစဉ်ထားသည့် မုန်တိုင်းဒဏ်သင့်ပြည်သူများအတွက် ရန်ပုံငွေဘောလုံးပွဲကို မြန်မာ့ဘောလုံးပရိသတ်များ ကြည့်ရှုနိုင်ရန် တဖြည်းဖြည်း နီးကပ်လာပြီဖြစ်သလို အားပါးတရလည်း ကြည့်ရှုခွင့်ရတော့မည်ဖြစ်သည်။ ရန်ပုံငွေဘောလုံးပွဲကို မူလက တစ်ရက်တည်းသာ ကျင်းပရန် စီစဉ်ထားခဲ့သော်လည်း ယခုအခါ အောက်တိုဘာ ၂၆ ရက်နှင့် ၂၈ ရက်တို့တွင် ကျင်းပသွားမည်ဖြစ်သည်။

သီဆိုဖျော်ဖြေ

ရန်ပုံငွေ ဘောလုံးပွဲ ပထမပွဲကို အောက်တိုဘာ ၂၆ရက် ညနေ၃ နာရီခွဲတွင် သုဝဏ္ဏကွင်း၌ လည်းကောင်း၊ ဒုတိယပွဲကို အောက်တိုဘာ ၂၈ရက် ညနေ၃ နာရီခွဲတွင် အောင်ဆန်းကွင်း၌လည်းကောင်း ကျင်းပမည်ဖြစ်သည်။ အောက်တိုဘာ ၂၆ ရက်တွင် သုဝဏ္ဏကွင်း၌ကစားမည့် ရန်ပုံငွေဘောလုံးပွဲမစတင်မီ မွန်းလွဲ ၁ နာရီမှစ၍ ဂျေမောင်မောင်၊ ဂျေညီညီ၊ ဖြူဖြူကျော်သိန်း၊ ချစ်သုဝေ အစရှိသည့် အဆိုတော်များ အပါအဝင် နာမည်ကြီး အဆိုတော်များလည်း မေတ္တာဖြင့် သီဆိုဖျော်ဖြေကြမည်ဖြစ်သည်။ ကွင်းဝင်ကြေးအဖြစ် အထူးတန်းကျပ် ၅၀၀၀၊ ရိုးရိုးတန်းကျပ် ၃၀၀၀ သတ်မှတ်ထားပြီး ရရှိသော ကွင်းဝင်ကြေးများကို လေဘေးသင့်ခံရသူများသို့ လှူဒါန်းသွားမည်ဟု သိရသည်။

ပါဝင်

ရန်ပုံငွေပွဲကစားရန် ဘရာဇီးအသင်းသည် အောက်တိုဘာ ၂၅ရက်တွင် ရန်ကုန်မြို့သို့ ရောက်ရှိလာမည်ဖြစ်ပြီး မွန်းလွဲ ၂နာရီတွင် ရှစ်မိုင် လမ်းဆုံရှိ Hotel Yangon ၌ စာနယ်ဇင်း တွေ့ဆုံပွဲ ကျင်းပမည်ဖြစ်သည်။ ယင်းနေ့ ညနေပိုင်းတွင် အား/ကာသိပ္ပံ(ရန်ကုန်)နှင့် အမှတ်(၃) အခြေခံပညာကျောင်းများသို့ သွားရောက်ကာ ဘောလုံးနည်း စနစ်ပိုင်းများ သရုပ်ပြသသွားမည် ဖြစ်သည်။ အောက်တိုဘာ ၂၇ရက်တွင်မူ လေဘေးဒဏ် ခံစားခဲ့ရသော ဖျာပုံမြို့နယ်နှင့် ကွမ်းခြံကုန်းမြို့များသို့ သွားရောက်မည်ဟု သိရသည်။ ဘရာဇီးအသင်းတွင် အုပ်ချုပ်သူ တစ်ဦး၊ နည်းပြတစ်ဦး၊ ကစားသမား ၁၇ဦး လိုက်ပါလာမည်ဖြစ်သည်။ ၁၉၉၄ခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲ ပထမဆုရအသင်းမှ ပေါ်လိုဆာဂျီယို၊ ၁၉၉၈ခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲ ဒုတိယဆုရအသင်းမှ ဆီဆာဆမ်ပိုင်ယိုတို့အပြင် ဘရာဇီးလက်ရွေးစင် ဖြစ်ခဲ့ဖူးသူ ခုနစ်ဦး ပါဝင်လာမည်ဖြစ်သည်။ အောက်တိုဘာ၂၅ရက်တွင် ကျင်းပမည့်စာနယ်ဇင်းတွေ့ဆုံပွဲကို တက်ရောက်မည့် အားကစားကလောင်ရှင်များအနေဖြင့် အောက်တိုဘာ ၂၀ရက် နောက်ဆုံးထား၍ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် ဖုန်း-၅၇၇၃၆၆၊ ၅၆၁၅၃၉တို့သို့ စာရင်းပေးကြရမည် ဖြစ်သည်။

ပြင်ဆင်

မြန်မာ့လက်ရွေးစင် ဘောလုံးသမားဟောင်းများမှာလည်း ယင်းရန်ပုံငွေ ဘောလုံးပွဲကိုယှဉ်ပြိုင်နိုင်ရန်အတွက် အောက်တိုဘာ ၄ရက်မှစ၍ အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့များတွင် အောင်ဆန်းကွင်း၌ လေ့ကျင့် ပြင်ဆင်လျက်ရှိသည်။ ၁၉၉၀ ပြည့်နှစ်ဝန်းကျင်မှ လက်ရွေးစင် ကစားသမား အများစုပါဝင်နေပြီး လက်ရှိပြည်တွင်း ကလပ်များတွင်ကစားနေသော လက်ရွေးစင်ဟောင်းများလည်း ပါဝင်လျက်ရှိသည်။ ။

(မြန်မာ့အလင်း)

ဘရာဇီးအသင်း လက်ရွေးစင်ဟောင်းများ

ရန်ပုံငွေ ဘောလုံးပွဲ လာရောက်ကစားမည့် ဘရာဇီးအသင်းအား တွေ့ရစဉ်။ (မြန်မာ့အလင်း)

မြန်မာ့အလင်း လိုတိုရှင်းသတင်းများ

သက်ကြီးရွယ်အိုများနေ့ တောင်ကြီး၌ ကျင်းပ

ရှမ်းပြည်နယ်(တောင်ပိုင်း) ၂၀၀၈ခုနှစ် အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ အခမ်းအနားကို အောက်တိုဘာ ၁ရက် နံနက် ၉နာရီက တောင်ကြီးမြို့ ညောင်ရွှေဟော်ကုန်းရပ်ကွက် နဝရတ်ခန်းမ၌ ကျင်းပရာ ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ရာပြည့်က အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့နှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး တိုင်းမှူး၊ ဇနီးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက အသက်(၈၇) နှစ်အထက် အဘိုး၊ အဘွားများအား ဂါရဝဂုဏ်ပြုငွေများဖြင့် ကန်တော့ကြသည်။ (ပြည်နယ် ပြန်/ဆက်)

စာကြည့်တိုက်များ ရေရှည်တည်တံ့ရေး မြင်းမူ၌ ဆွေးနွေး

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသန်းထွန်းသည် တာဝန်ရှိသူများလိုက်ပါလျက် စက်တင်ဘာ ၂၈ရက် နံနက် ၁၀နာရီက မြင်းမူမြို့နယ် ဘိုးမင်းကြီးကင်းကျေးရွာ မုဒိတာစာကြည့်တိုက်သို့ရောက်ရှိပြီး ကျေးရွာဥက္ကဋ္ဌ ဦးလှတင်နှင့်အဖွဲ့ဝင်များ၊ စာကြည့်တိုက်အဖွဲ့ဝင်များ၊ ကျေးရွာရပ်မိရပ်ဖများ တွေ့ဆုံကာ စာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲရေး ကွင်းဆင်းဆွေးနွေးသည်။ (မြို့နယ် ပြန်/ဆက်)

ကမ္ဘာ့ဆရာများနေ့ ကော့ကရိတ်၌ ကျင်းပ

၂၀၀၈ခုနှစ် ကမ္ဘာ့ဆရာများနေ့ အခမ်းအနားကို အောက်တိုဘာ ၅ရက် နံနက်ပိုင်းက ကရင်ပြည်နယ် ကော့ကရိတ်မြို့ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း သီရိရတနာခန်းမ၌ ကျင်းပရာ ကော့ကရိတ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်ဝင်း၊ မြို့နယ်ဥက္ကဋ္ဌ ဦးတင့်လှိုင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။ (၀၀၇)

ဖွံ့ဖြိုးဝေစည်-လေးဝတီ ဓာတ်ပုံပြိုင်ပွဲ ကျင်းပမည်

ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူးကျင်းပမည့် ဖွံ့ဖြိုးဝေစည်-လေးဝတီ ရောင်စုံဓာတ်ပုံပြိုင်ပွဲအား နိုဝင်ဘာ ၁၂ ရက်တွင် စစ်တွေမြို့၌ ကျင်းပမည်ဖြစ်ရာ ပြိုင်ပွဲဝင်လိုသူများသည် နိုဝင်ဘာ ၅ရက် နောက်ဆုံးထား၍ ရခိုင်ပြည်နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး စစ်တွေမြို့သို့ ပေးပို့ရန်နှင့် ဖုန်း-၀၄၃-၂၁၉၂၃သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ (ပြည်နယ် ပြန်/ဆက်)

မြို့လှမြို့၌ သက်ကြီးဘိုးဘွားပူဇော်

မြို့လှမြို့ ရပ်မိရပ်ဖများ ဦးဆောင်၍ မြို့သူမြို့သားများက မြို့နယ်အတွင်းရှိ သက်ကြီးဘိုးဘွားများအား ပူဇော်ကန်တော့ပွဲ အခမ်းအနားကို အောက်တိုဘာ ၁၅ရက် နံနက် ၇နာရီက ဘုန်းတော်ကြီးကျောင်း၌ကျင်းပရာ သက်ကြီးဘိုးဘွား ၄၈ဦးအား တစ်ဦးလျှင်ငွေကျပ် ခြောက်ထောင်တန်ဖိုးရှိ ဝတ်စုံနှင့်ပုတီးတစ်ကုံးစီကို ပေးအပ်လှူဒါန်း ကန်တော့ကြသည်။ (မြို့နယ် ပြန်/ဆက်)

ဘားအံပညာရေးကောလိပ်၌ မီးဘေးကြိုတင်ကာကွယ်

ဘားအံမြို့ ပညာရေးကောလိပ် မီးဘေးကြိုတင်ကာကွယ်ရေး ဟောပြောခြင်းနှင့် မီးသတ်ဆေးဘူးဖြင့် မီးငြိမ်းသတ်ခြင်း လက်တွေ့သရုပ်ပြဆောင်ရွက်ခြင်းကို အောက်တိုဘာ ၂ရက် နံနက်ပိုင်းက အဆိုပါ ကောလိပ်သင်တန်းခန်းမ၌ ကျင်းပရာ ကရင်ပြည်နယ် မီးသတ်ဦးစီးအရာရှိ ဦးအောင်ကြင်ထွန်းနှင့် တပ်စုမှူးဦးလှမြင့်တို့က ဟောပြောပို့ချပြီး မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်ဆေးဘူးဖြင့် လက်တွေ့မီးငြိမ်းသတ်ခြင်း သရုပ်ပြကြကြောင်း သိရသည်။ (၀၀၈)

တိုင်းစည်ပင်ညွှန်မှူး ရေစကြို စည်ပင်လုပ်ငန်း စစ်ဆေး

မကွေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးဆန်းမော်ခင်နှင့် တာဝန်ရှိသူများသည် စက်တင်ဘာ ၃၀ ရက်က ရေစကြိုမြို့သို့ ရောက်ရှိလာကာ ရေစကြိုမြို့မဈေး မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများ၊ မြို့သောက်သုံးရေပေးဝေရေး ထပ်မံတိုးချဲ့ တည်ဆောက်မှုလုပ်ငန်းများနှင့် ပျိုးဥယျာဉ်နှင့်ပန်းခြံစိုက်ပျိုးထားမှုများ ကြည့်ရှုစစ်ဆေးကြသည်။ (၀၆၉)

စာပေဟောပြောပွဲ သူရဲသမိန်ကျေးရွာ၌ ကျင်းပ

ပဲခူးတိုင်း(အရှေ့ပိုင်း) ဝေါမြို့နယ် သူရဲသမိန်ကျေးရွာ တွဲဖက်အခြေခံပညာ အထက်တန်းကျောင်းတွင် စာပေဟောပြောပွဲကို စက်တင်ဘာ ၂၈ ရက်က ကျောင်းခန်းမ၌ ကျင်းပရာ ချစ်နိုင်(စိတ်ပညာ)က ချစ်လို့ပြောတာမှတ်ပါ၊ ရည်မှန်းချက်ရှိရမယ်၊ စာရေးဆရာ မောင်ချစ်(သူရဲသမိန်)၊ စာရေးဆရာသန်လျင်မောင်မောင်ဦးတို့က လူငယ်နှင့်မျိုးချစ် စိတ်ဓာတ်အကြောင်း ဟောပြောကြသည်။ **(မြို့နယ် ပြန်/ဆက်)**

ပူတာအို၌ စာကြည့်တိုက်မှတ်ပုံတင်လက်မှတ်ပေးအပ်

ပူတာအိုမြို့နယ်အတွင်း ဖွင့်လှစ်ခဲ့သည့် မူလာရှီဒီအုပ်စု ခီဆီဒီကျေးရွာပွင့်ဦး စာကြည့်တိုက်နှင့် အဒေဒီကျေးရွာ ချောင်းဆုံစာကြည့်တိုက်တို့၏ စာကြည့်တိုက်မှတ်ပုံတင် သက်သေခံလက်မှတ်များ ပေးအပ်ပွဲကို စက်တင်ဘာ ၅ရက် နံနက် ၁၀နာရီကကျင်းပရာ ပူတာအိုခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူးဦးခင်ဆန်ခင်က တာဝန်ရှိသူများထံ ပေးအပ်သည်။ (မြို့နယ် ပြန်/ဆက်)

ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်မှုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

ရန်ကုန် အောက်တိုဘာ ၁၈

ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်မှုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ညနေ ၃နာရီက ရန်ကုန်အရှေ့ပိုင်းခရိုင် တာမွေမြို့နယ်ရှိ မော်တော်ယာဉ်လုပ်ငန်း ပေါင်းစုံထိန်းသိမ်းရေးကော်မတီ(ရုံးချုပ်) အစည်းအဝေးခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်းလမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့် တက်ရောက် အမှာစကား ပြောကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် တာဝန်ရှိသူများက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းရေးဆိုင်ရာ ကိစ္စရပ်များနှင့် ခရီးသွားပြည်သူများ ယာဉ်အန္တရာယ် ကင်းရှင်းစွာ သွားလာနိုင်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိသည့် အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ညှိနှိုင်းဖြည့်ဆည်းပေး

ယင်းနောက် တိုင်းမှူးက လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

စွမ်းအင်ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီအား အိန္ဒိယသမ္မတနိုင်ငံ ကူးသန်းရောင်းဝယ်ရေးနှင့် လျှပ်စစ်ဝန်ကြီးဌာနမှ ဝန်ကြီးလာရောက်တွေ့ဆုံ

နေပြည်တော် အောက်တိုဘာ ၁၈

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီအား အိန္ဒိယသမ္မတနိုင်ငံ ကူးသန်းရောင်းဝယ်ရေးနှင့် လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနမှ Minister of State, H.E Dr.Jairam Rameshသည် ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံသံရုံးမှ ပထမအတွင်းဝန် Mr.Raj k.Srivastava လိုက်ပါလျက် အောက်တိုဘာ ၁၆ ရက် မွန်းလွဲပိုင်းက ရန်ကုန်မြို့ရှိ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းရုံးသို့ လာရောက်တွေ့ဆုံပြီး နှစ်နိုင်ငံစွမ်းအင်ကဏ္ဍဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြကြောင်း သတင်းရရှိသည်။ (အပေါ်ပုံ) (သတင်းစဉ်)

မီးဘေးကာကွယ်ရေး ဟောပြောပွဲနှင့် သရုပ်ပြပွဲ ဘုရင့်နောင်ဈေး၌ ကျင်းပ

ရန်ကုန် အောက်တိုဘာ ၁၈

မရမ်းကုန်းမြို့နယ် မီးဘေးကြိုတင်ကာကွယ်ရေး ဟောပြောပွဲနှင့် သရုပ်ပြပွဲ အခမ်းအနားကို အောက်တိုဘာ ၁၆ ရက် နံနက် ၉ နာရီက ဘုရင့်နောင်ဈေးကြီးအတွင်းရှိ ဈေးတာဝန်ခံရုံးအနီး ကွက်လပ်၌ ကျင်းပသည်။

သရုပ်ပြ

အခမ်းအနားတွင် ရန်ကုန်မြောက်ပိုင်းခရိုင် စည်ပင်သာယာအုပ်ချုပ်ရေးမှူး ဦးထွန်းနိုင်က အမှာစကား ပြောကြားပြီး မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူးရဲကျော်သူစိုးနိုင်က မီးဘေးကြိုတင်ကာကွယ်ရေးအကြောင်း သိကောင်းစရာများ ပညာပေး ဟောပြောကာ ဘုရင့်နောင်မီးသတ်တပ်ဖွဲ့စခန်းဦးစီးမှူး ဦးကျော်မြင့်ရီက မီးငြိမ်းသတ်ပုံ သတ်နည်း သရုပ်ပြ ရှင်းလင်းကြောင်း သိရသည်။ (၁၁၁)

အင်တာနက်နှင့် အီးမေးလ်သင်တန်း ဖွင့်မည်

ရန်ကုန် အောက်တိုဘာ ၁၈

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် အမျိုးသမီးများလူနေမှုဘဝမြှင့်တင်ရေးလုပ်ငန်းအဖွဲ့နှင့် **Information Channel (i-Channel)**တို့ ပူးပေါင်းစီစဉ်မှုဖြင့် **Internet** နှင့် **e-mail** သင်တန်းအမှတ်စဉ်(၁၄/၂၀၀၈)ကို နိုဝင်ဘာ၃ရက်မှ စတင်၍ ရုံးရက်ကြာ ဖွင့်လှစ်သင်ကြားမည် ဖြစ်သည်။

သင်တန်းသူ အမျိုးသမီး၃၀သာ လက်ခံသင်ကြားမည်ဖြစ်ပြီး သင်တန်းလျှောက်လွှာများကို မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် ဖုန်း-၂၅၂၅၈၉၊ အောင်ဆန်းအားကစားပြိုင်ကွင်း အနောက်ဘက်တန်းတွင် ရယူ၍ အောက်တိုဘာ ၃၁ရက် နောက်ဆုံးထားပြီး ပြန်လည်ပေးပို့ရမည်ဖြစ်သည်။ (အမျိုးသမီးရေးရာ)

ဗဟန်းမြို့နယ် ပြန်/ဆက် ဦးစီးဌာနကြီးမှူး နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်နှင့် ဟောပြောပွဲ ကျင်းပ

ရန်ကုန် အောက်တိုဘာ ၁၈

ဗဟန်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သော နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲ အခမ်းအနားကို အောက်တိုဘာ ၁၅ရက် နံနက်၁၀နာရီက သာသနာ့ရိပ်သာရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ ကျင်းပရာ မြို့နယ်ဦးစီးမှူး ဒေါ်အေးအေးဆင့်နှင့် သာသနာ့ရိပ်သာရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသူရတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ရှေးဦးစွာ သာသနာ့ရိပ်သာရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသူရ**(ဝဲပုံ)**က အဖွင့်အမှာစကား ပြောကြား၍ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဒေါ်အေးအေးဆင့်က စာကြည့်တိုက်ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် ပညာမြင့်မှလူမျိုးမြင့်မည် ခေါင်းစဉ်ဖြင့် ဟောပြောသည်။**(မြို့နယ် ပြန်/ဆက်)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၉-၁၀-၂၀၀၈ (တနင်္ဂနွေနေ့)

AM & PM

၇:၀၀-၁:၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇:၀၅-၁:၀၅	**သီလနှင့်ပညာ** တရားတော် (သီတဂူဆရာတော်ဒေါက်တာ အရှင်ဉာဏိဿရ)
၇:၄၅-၁:၄၅	Sunday Talk [မျိုးမြတ်သူ၊ ကိုကို (စက်မှုတက္ကသိုလ်)]
၈:၁၅-၂:၁၅	ဆီအုန်းစိုက်ပျိုးထုတ်လုပ်ခြင်း
၈:၂၀-၂:၂၀	Soccer Update
၈:၄၀-၂:၄၀	ပြင်ဦးလွင်မှာ အုံ့မခန်းနွဲ့ပျော် တန်ဆောင်တိုင်ပွဲတော်
၉:၁၀-၃:၁၀	ပြည်တွင်းသတင်းအကျဉ်း
၉:၂၀-၃:၂၀	မီကို၏ ဒုတိယအကြိမ် ကံထူးရှင်များနှင့် တွေ့ဆုံခြင်း
၉:၃၀-၃:၃၀	တေးဂီတအစီအစဉ်
၉:၃၅-၃:၃၅	နိုင်ငံတကာသတင်းအကျဉ်း
၉:၄၀-၃:၄၀	Euro Goals
၁၀:၀၀-၄:၀၀	တေးဂီတအစီအစဉ်
၁၀:၀၅-၄:၀၅	မိုးလေဝသခန့်မှန်းချက်
၁၀:၁၀-၄:၁၀	မော်လမြိုင်တောင်ရိုးတန်းမှာ သပ္ပာယ်ထင်ရှားဦးဇိနဘုရား
၁၀:၂၅-၄:၂၅	ပြည်တွင်းသတင်းအကျဉ်း
၁၀:၃၅-၄:၃၅	တိရစ္ဆာန်လေးတွေမွေးကြမယ်
၁၀:၅၀-၄:၅၀	တေးဂီတအစီအစဉ်
၁၀:၅၅-၄:၅၅	ကလေးများအတွက် ပါးစပ်ထဲမှ သွားကလေးများအကြောင်း သိကောင်းစရာ (ဒေါက်တာမိုလာ)
၁၁:၁၀-၅:၁၀	နိုင်ငံတကာသတင်းအကျဉ်း
၁၁:၁၅-၅:၁၅	တေးဂီတအစီအစဉ်
၁၁:၂၀-၅:၂၀	အနုပညာရုပ်ဝန်းမှရင်ခုန်သံများ **ချစ်တော့ချစ်တယ် အလိုမလိုက်ဘူး**
၁၁:၅၀-၅:၅၀	ထူးထူးခြားခြား ရာသီဥတုဖြစ်စဉ်များ
၁၂:၀၀-၆:၀၀	ခြေခြေမြစ်မြစ် နှစ်နှစ်ကာကာချစ်တဲ့ ကာလပေါ်တေးအရသာ (စန္ဒရားတင်ဝင်းလှိုင်၊ ကိုမြသိန်း)
၁၂:၂၅-၆:၂၅	International Video Topics (လေယာဉ်မတော်တဆ ဖြစ်စဉ်များ၏ နောက်ကွယ်၌)
၁၂:၅၅-၆:၅၅	တေးဂီတအစီအစဉ်
၁:၀၀-၇:၀၀	MRTV-4 အပိတ် Logo၊

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Barclay Premier League **ဘောလုံးပွဲစဉ်များ**

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၈:၂၅	Hull City-West Ham	STAR SPORTS (Live)
၉:၂၅	Stock City-Tottenham	ESPN (Live)

မိုက်ခဲကျောက်ပွင့် (မြန်မာပြည်သား)။

● *ကျော်ဖုံးမှ*

မုံရွာမြို့သည် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်၍ စီးပွားရေးအချက်အချာကျသော အထင်ကရမြို့ကြီး တစ်မြို့ဖြစ်သော်လည်း မြန်မာ့ရိုးရာလက်ဝှေ့ စိန်ခေါ်ပွဲများ မကျင်းပဖြစ်ခဲ့သည်မှာ ဆယ်စုနှစ်တစ်ခုစာမျှ မကတော့ပြီ။ ၁၉၉၅ ခုနှစ်က ကျင်းပခဲ့သော ထိုစဉ်က ပထမတန်းချန်ပီယံ ရွှေရှုံ(ဘားအံ)နှင့် အောင်အောင်ထွန်း(မန္တလေး)တို့ ၁၂ချီ စိန်ခေါ်ပွဲ ယှဉ်ပြိုင်ထိုးသတ်ခဲ့ကြသည့်ပွဲကြီးနောက် ဗိန်းဗောင်းသံဆိတ်သုဉ်းကာ မုံရွာမြို့မှ ရိုးရာလက်ဝှေ့ဝါသနာရှင်တို့လည်း တီဗွီဖန်သားပြင်မှ ပွဲများကိုသာ ကြည့်ရှုအားပေးနေကြရသည်။

ပြည်နယ်နှင့်တိုင်း ရွှေတံဆိပ်ရှင် အကောင်းဆုံး လက်ဝှေ့သမား၊ ကိုရီးယားပြန် ဒေါဂျစ်။

ဈေးကွက်

ယနေ့ချိန်ခါသည် မြန်မာ့ရိုးရာလက်ဝှေ့ကို ကမ္ဘာ့မာရှယ်အတ် ဈေးကွက်သို့ ထိုးဖောက်နေရာယူပြီး လက်သီးဖြင့် အကဲဖ်အီး ရှာဖွေနိုင်မည့် အလားအလာကောင်းများ ပေါ်ထွက်နေသကဲ့သို့ မြန်မာ့ရိုးရာ လက်ဝှေ့ပညာရပ်ကို ဥရောပ မာရှယ်အတ် သမားများက တလေးတစားရှိနေသည့်အခါဖြစ်ပေရာ မုံရွာနယ်တစ်ခွင်၌ မြန်မာ့ရိုးရာ လက်ဝှေ့ပွဲများကျင်းပ၍ ဒေသခံ ရွက်ပုန်းသီး လက်ဝှေ့သမားလေးများ ဖော်ထုတ်မည့် စစ်ကိုင်းတိုင်း အားကစားနှင့် ကာယပညာကော်မတီ၏ အစီအစဉ်က သင့်မြတ်လျော်ကန်လှသည်ဟု ဆိုရမည်။ မြို့ခံလက်ဝှေ့ဝါသနာရှင်တို့လည်း လတ်ဆတ်သော ဗိန်းဗောင်းသံကြားတွင် အပြင်းအထန် ရင်ဆိုင်ယှဉ်ပြိုင်ကြမည့် ယောကျ်ားဘသားတို့၏ ဆုတ်တကက်လှုပ်ရှားတိမ်းရှောင်ပယ်ထိုး လက်သီးမိုးရွာပုံများကို မျက်ဝါးထင်ထင် ရှုမြင်ရပေတော့မည်။

နေ့စဉ် ငါးချီစိန်ခေါ်ပွဲကြီး သုံးပွဲ၊ လေးချီ အထူးပွဲလေးပွဲနှင့် ဒေသခံလက်ဝှေ့သမားတို့၏ သုံးချီအထူးပွဲများဖြင့် ကျင်းပသွားမည်ဖြစ်ရာ ပထမနေ့ ငါးချီစိန်ခေါ်ပွဲများအဖြစ် ကျော်ဝင်းလေး(ဘိလပ်မြေစက်ရုံ)နှင့် ကြယ်လေး(မြန်မာပြည်သား)၊ မိုက်ခဲကျောက်ပွင့် (မြန်မာပြည်သား)နှင့် ရန်နိုင်အောင် (တောင်ကလေး)၊ ဒေါဂျစ်(လယ်ယာဆည်မြောင်း)နှင့် ရွှေထွန်းယုံ(ဘိလပ်မြေစက်ရုံ)တို့ ရင်ဆိုင်ထိုးသတ်ကြမည်ဖြစ်သည်။

စိန်ခေါ်ပွဲကြီး

ပထမနေ့ အဓိက စိန်ခေါ်ပွဲကြီးအဖြစ် ယှဉ်ပြိုင်မည့် ပြည်နယ်၊တိုင်း ရွှေတံဆိပ်ရှင် အကောင်းဆုံး လက်ဝှေ့သမား၊ ကိုရီးယားပြန် ဒေါဂျစ်နှင့် ပြည်နယ်၊ တိုင်း ရွှေတံဆိပ်ရှင် ရွှေထွန်းယုံတို့သည် မွန်ပြည်နယ် လမိုင်းမြို့တွင် တစ်ကြိမ်၊ မန္တလေး အောင်မြေမန္တလာပြိုင်ပွဲရုံ၌ တစ်ကြိမ် တွေ့ခဲ့ကြဖူးသဖြင့် ယခုမုံရွာပွဲက တတိယအကြိမ် တွေ့ကြခြင်းဖြစ်သည်။ ပထမအကြိမ်တွေ့ကြစဉ်က ငါးချီအပြီး ငါးမိနစ်ဆက်ယှဉ်ကြသော်လည်း ပညာ၊ သက်လုံ၊ မာဂုဏ်ချင်းမျှနေသည့်အတွက် ပွဲစီစဉ်သူများနှင့် ပရိသတ်၏ ဆန္ဒဖြင့် သရေပွဲဖြစ်ခဲ့ရသည်။ ဒုတိယအကြိမ် တွေ့ကြသောပွဲ၌ ရွှေထွန်းယုံ၏ တံတောင် ရိုက်ချက်ကြောင့် ဒေါဂျစ်မျက်ခုံးကွဲခဲ့သော်လည်း သရေပွဲဖြစ်ခဲ့ပြန်သည်။ နှစ်ဦးစလုံးက အသည်းကောင်းခွဲကောင်းကြပြီး သတိတမံ ဉာဏ်မြေကတုတ် ပညာစွမ်းချွန်းကဲ့သို့ အုပ်နိုင် ကြသူများဖြစ်ရာ မုံရွာပရိသတ်များ နှစ်ခြိုက်မည့်ပွဲဖြစ်နိုင်ပေသည်။

စစ်ကိုင်းမြို့မှ နာမည်ကျော် ပထမတန်းလက်ဝှေ့သမားကြီး စစ်ကိုင်းကျောင်းသား၏ အန္တေဝါသိကတပည့်တစ်ဦးဖြစ်ပြီး မော်ဘီမြန်မာပြည်သားကလပ်အရောက်တွင် မိုက်ခဲကျောက်ပွင့်ဟု နာမည်တွင်ခဲ့သူနှင့် တောင်ကလေးမှ ရန်နိုင်အောင်တို့က ရန်ကုန်တွင်ရှိခဲ့ကြသော ရာဇဝင်ကြွေးအတွက် မုံရွာ၌ စာရင်းရှင်းကြမည်ထင်သည်။ ရန်ကုန်သုဝဏ္ဏတွင် မိုက်ခဲကျောက်

ရန်နိုင်အောင်(တောင်ကလေး)။

ပွင့်က ထိုးလုံးသတ်ပေါက်အလှအပများဖြင့် တိုက်စစ်ဖွင့်နိုင်ခဲ့သော်လည်း တောင်ကလေးအဖွဲ့သားပီပီ မာဂုဏ်မြင့်သော ရန်နိုင်အောင်က ပြောင်ဗလာဒူးများဖြင့် ပူးသတ်သည့်အတွက် ကြိုးဝိုင်းထဲမှ မိုက်ခဲ လူတွဲဆင်းခဲ့ရသည်။ သို့ဖြစ်၍ ယခုပွဲ၌ မိုက်ခဲကျောက်ပွင့်က တိုင်းဂုဏ်ဆောင်ရင်း ရှုံးကြွေးကို စာရင်းရှင်းရပေလိမ့်မည်။

ဒုတိယနေ့

ဒုတိယနေ့တွင် ငါးချီစိန်ခေါ်ပွဲများအဖြစ် ပြည်နယ်၊ တိုင်း ရွှေတံဆိပ်ရှင် ခိုင်လင်း(မျိုးဇာနည်)နှင့် ပြည်နယ်၊ တိုင်းရွှေတံဆိပ်ရှင်အောင်ဒီပ (အလင်းရောင်) ပြည်နယ်၊ တိုင်း ရွှေတံဆိပ်ရခဲ့ရုံသာမက အကောင်းဆုံး လက်ဝှေ့သမားဆုရခဲ့ခြင်းတည်းဟူသော ဂုဏ်ပုဒ်ပါဝင်တူညီနေကြသည့် ဒိန်း(မြန်မာသွေးသစ်)နှင့် မိုက်တိုင်စန်(အလင်းရောင်)၊ ရွှေခါးပတ်ချန်ပီယံ (၂၀၀၇) ရန်ကြီးအောင်(မြို့တော်စည်ပင်)နှင့် ရွှေခါးပတ်ချန်ပီယံ(၂၀၀၆) ကြယ်လင်းအောင်(တောင်ကလေး)တို့ ရင်ဆိုင်ထိုးသတ်ကြမည်ဖြစ်သည်။

အဓိကစိန်ခေါ်ပွဲကြီး

အဓိကစိန်ခေါ်ပွဲကြီးယှဉ်ပြိုင်မည့် ရန်ကြီးအောင်နှင့် ကြယ်လင်းအောင်တို့က ကြယ်လင်းအောင်၏ ဇာတိရွာဖြစ်သော အိန္ဒုကျေးရွာတွင် တွေ့ဆုံယှဉ်ပြိုင်ခဲ့ကြပြီး သရေပွဲ ဖြစ်ခဲ့သော်လည်း အိမ်ရှင်ကြယ်လင်းအောင်၏ အရပ်(ဒေသ)ပရိသတ်အားပါဝင်သော တိုက်စစ်ကို ရန်ကြီးအောင် အလူးအလဲခုခံခဲ့ရသည်။ သဲသဲမဲမဲ ယှဉ်ပြိုင်ခဲ့ကြရာ ကြိုးဝိုင်းအပြင်သို့ စဉ်ထွက်၍ မြေပြင်ပေါ်ပြုတ်ကျသည်အထိပင် ဖြစ်ခဲ့ကြသည်။ ထိုပွဲတွင် အနိမ့်သရေသဘော သက်ရောက်ခဲ့ရသော ရန်ကြီးအောင်က မုံရွာပွဲကို ကြားကွင်းဟု သဘောထားကာ ကြယ်လင်းအောင်ကို အရပ် (ရန်ကြီးအောင်က ၅ပေ ၉ လက်မ၊ ကြယ်လင်းအောင်က ၅ပေ ၄လက်မ)အားကိုးဖြင့် တိုက်စစ်ဖွင့်သွားမည်ဟု ယူဆရသည်။

ဒိန်းနှင့်မိုက်တိုင်စန်တို့က နှစ်ဦးစလုံး လက်သီးကောင်းကြသူများဖြစ်သည်။ ဒိန်းက ညာဖြောင့်တစ်လုံး အပိုင်သုံးတတ်ပြီး မိုက်တိုင်စန်ကတော့ တွဲလုံးဖြင့် ဖွင့်ဝင်တတ်သည်။ Calsome Challenge Fight-1 တွင် ကျော်ဆန်း(မိုးသောက်ကြယ်)ကို ပွဲသိမ်းလိုက်သော မိုက်တိုင်စန်၏ ကန့်လန့်ဒူးကို သတိမထားပါက ဒိန်းဒုန်းခနဲ ကျသွားနိုင်သဖြင့် မိုက်တိုင်စန်ဖွင့်အဝင်၌ ညာဖြောင့်ဖြင့်တင်နိုင်ဖို့ ကြိုးစားရမည့်ပွဲဖြစ်သည်။

ဘယ်ဖြောင့်တစ်လုံးကို ပွဲသိမ်းထိုးလေ့ရှိသော ခိုင်လင်း (မျိုးဇာနည်)နှင့် သူရဲကောင်းကလပ်မှ ခွဲသတ္တိ တစ်ဖြစ်လဲ အောင်ဒီပ(အလင်းရောင်) တို့ပွဲကလည်း လူငယ်လက်တက်ချင်း တွေ့ကြသည့်ပွဲဖြစ်သည်။ အောင်ဒီပသည် သူ့ခွဲသတ္တိဘဝက လပွတ္တာတွင် အရှုံးပေးခဲ့ရသော ကျော်ခေါက် (ဒေါင်းမြန်မာ)ကို ပြီးခဲ့သည့် Calsome Challenge Fight-1 တွင် အလဲထိုးဖြင့် ပွဲသိမ်းကာ နာမည်သစ်ဖြင့် အကျိုးပေးကြောင်း ပြခဲ့သည်။ ယခုမုံရွာပွဲက အောင်ဒီပအမည်ဖြင့် ဒုတိယပွဲဖြစ်ပေရာ သူက မညာတမ်းရန်းမည်ဖြစ်သကဲ့သို့ ခိုင်လင်းကလည်း နောက်ဆုတ်ခဲ့သည့် ပွဲမှတ်တမ်းမရှိသူ ဖြစ်သောကြောင့် မျက်တောင်မခတ်တမ်း စောင့်ကြည့်ရပေလိမ့်မည်။

ကူညီပံ့ပိုး

အထက်ပါပွဲများကို ထက်လင်း တိုင်းရင်းဆေးဝါးလုပ်ငန်းက ကူညီပံ့ပိုးမှုများပြုလုပ်ကြောင်းသိရပြီး ရုံဝင်ကြေး အထူးတန်း ကျပ် ၅၀၀၀၊ ရိုးရိုးတန်း ကျပ် ၃၀၀၀ သတ်မှတ်ထားကြောင်းလည်း သိရသည်။ ။ **(မြန်မာ့အလင်း)**

ချယ်လ်ဆီးနှင့်မန်ယူ အိမ်ကွင်း၌ ဂိုးမိုးအပြိုင်ရွာ လီဗာပူးနှင့်အာဆင်နယ် ရလဒ်ကောင်းအဖြေရှာ

မြင့်မောင်စိုး စုစည်း၍ မြင့်စိုး စာမျက်နှာဖွဲ့စည်းသည်

လန်ဒန် အောက်တိုဘာ ၁၈

အင်္ဂလိပ်ပရီမီယာလိဂ်ပွဲစဉ်(၈) ပြိုင်ပွဲများကို အောက်တိုဘာ၁၈ရက် ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့ရာ ချယ်လ်ဆီးက မစ်ဒယ် ဘရော့အိမ်ကွင်း၌ ငါးဂိုးပြတ်ဖြင့်နိုင်ပြီး အမှတ်ပေးဇယားတွင် ဆက်လက်ဦးဆောင်လျက်ရှိသည်။

ချယ်လ်ဆီးအသင်း၏ အဖွင့်ဂိုးကို ကာလူးက ပွဲစပြီး ၁၄မိနစ်အကြာတွင် သွင်းယူခဲ့သည်။ ယင်းနောက် ဒုတိယပိုင်းတွင် ချယ်လ်ဆီးအသင်း အတွက် ဒုတိယမြောက်ဂိုးကို ဘယ်လက်တီက ကိုက် ၃၀အကွာမှ မနားတမ်းကန်သွင်းခဲ့သည်။ ချယ်လ်ဆီးတို့ ဂိုးများများရရှိရေး မစ်ဒယ်ဘရော့ နောက်တန်းကို ဆက်တိုက်ထိုးဖောက်ကစားခဲ့ရာ ကာလူးက ဒုတိယမြောက်ဂိုးသွင်းယူပေးခဲ့ပြန်သည်။ ချယ်လ်ဆီးအသင်းအတွက် စတုတ္ထမြောက် အနိုင်ဂိုးကို လမ်းပတ်က ခေါင်းတိုက်ဂိုးဖြင့် သွင်းယူပေးခဲ့သည်။ ပွဲချိန် ၆၇မိနစ်တွင် အနယ်ကာ ကန်သွင်းသောဘောလုံး တိုင်ထိ ပြန်ထွက်လာစဉ် မာလူဒါ ပြေးကန်သွင်းလိုက်သဖြင့် ချယ်လ်ဆီးတို့ မစ်ဒယ်ဘရော့ အသင်းကို ငါးဂိုးပြတ်ဖြင့်နိုင်ပြီး ပွဲသိမ်းခဲ့သည်။

လီဗာပူးအသင်းအတွက် ချေပဂိုးကို တိုက်စစ်မှူးဒက်ကွတ်က ဤသို့သွင်းယူခဲ့သည်။ (သတင်းစဉ်)

ချယ်လ်ဆီးအသင်းသည် ထိုသို့ ဂိုးပြတ်အနိုင်ရရှိခြင်းမှာ ပွဲအစမှအဆုံး လျှင်လျှင်မြန်မြန်ဖြင့် အကောင်းဆုံး ထိန်းချုပ် ကစားနိုင်ခဲ့ခြင်းကြောင့် ဖြစ်သည်။ ချယ်လ်ဆီးအသင်း ကစားသမားများ ဖြစ်ကြသည့် ကာလူး၊ မာလူဒါ၊

အနယ်ကာကန်သွင်းသည့်ဘောလုံး မစ်ဒယ်ဘရော့ဂိုးတိုင်ထိပြီး ထွက်လာစဉ် မာလူဒါက ဤသို့ ချယ်လ်ဆီးအတွက် သွင်းယူခဲ့သည်။

ဘိုစင်ဝါနှင့် ဝိန်းဘရစ်တို့၏ ခံစစ်ကို မကျော်လွှားနိုင်၍ မစ်ဒယ်ဘရော့တို့ ချေပဂိုးသွင်းယူ နိုင်ခဲ့ခြင်း မရှိချေ။

အာဆင်နယ်-အဲဗာတန်

ပရီမီယာလိဂ် ထိပ်သီးအသင်း တစ်သင်းဖြစ်သည့် အာဆင်နယ်အသင်းသည်လည်း အိမ်ကွင်း၌ အဲဗာတန်ကို ခြေစွမ်းပြကစားပြီး ချယ်လ်ဆီးကဲ့သို့ နိုင်ပွဲအဖြေ ထုတ်နိုင်ခဲ့သည်။

သို့သော် အဲဗာတန်တို့ အဝေးကွင်း ကစားခဲ့ရသော်လည်း ပွဲစပြီး ကိုးမိနစ်အတွင်းမှာပင် ဦးဆောင်ဂိုး သွင်းယူနိုင်ခဲ့သည်။ အာစင်ဝင်းဂါး၏ လူငယ်များ ချေပဂိုးသွင်းနိုင်ရေး အကြိတ်အနယ် ထိုးဖောက် ကစားနေချိန်မှာပင် ပထမပိုင်း ပွဲပြီးသွားသည်။

ဒုတိယပိုင်း

ဒုတိယပိုင်းတွင် အာဆင်နယ် လူငယ် ကစားသမားများတိုက်စစ်အား မြှင့်တင်ကစားခဲ့ရာ ပွဲစပြီး သုံးမိနစ်အတွင်းမှာပင် နာဆရီက ကိုက်၂၀ အကွာမှ မြေနိမ့်ဘောဖြင့် ချေပဂိုး သွင်းယူလိုက်သည်။ ယင်းနောက် အာဆင်နယ် ကစားသမား ဗန်ပါစီက ဖာဘရီဂတ်စ် ဖြတ်တင်ပို့သည့်ဘောလုံးမှတစ်ဆင့် ခေါင်းတိုက် သွင်းယူခဲ့၍ အာဆင်နယ်တို့ ဒုတိယမြောက်ဂိုး ရရှိသွားသည်။

အာဆင်နယ်အသင်းအတွက် တတိယ ဂိုးကို ပွဲသိမ်းခါနီးတွင် လူစားဝင်လာသူ ဝေါကော့တ်က ဒီယာဘီနှင့် အပေးအယူ ကစားပြီး သွင်းယူပေးနိုင်ခဲ့သည်။ ယင်းပွဲစဉ်တွင် အာဆင်နယ်တို့ ပထမပိုင်း၌ ဂိုးပေါက် ပျောက်နေခဲ့သော်လည်း ဒုတိယပိုင်းတွင် အကွက်ကျကျ လျင်လျင်မြန်မြန် ထိုးဖောက် ကစားနိုင်ခဲ့သဖြင့် အနိုင်ရရှိခဲ့ခြင်း ဖြစ်သည်။

လီဗာပူး-ဝီဂန်

ပရီမီယာလိဂ်ပွဲစဉ်(၈)အနိုင်ရသည့် အသင်းကြီးများတွင် ရာဖေးလ်ဘင်နီတက်ဇ်၏ အနီရောင် လီဗာပူးအသင်းလည်းပါဝင်သည်။ အိမ်ကွင်း အသာစီးအနိုင်ယူ ကစားမည်ဆိုသည့် ရည်ရွယ်ချက်ဖြင့်ပြင်ဆင်ထားသည့် လီဗာပူးတို့ကို ဝီဂန်ကစားသမား အမာဇာကီက ပွဲစပြီး ၂၉မိနစ်အကြာ၌ ဦးဆောင်ဂိုးသွင်းယူခဲ့၍ အငိုက် မိသွားသည်။ ယင်းဂိုးသွင်းပြီး ငါးမိနစ်အကြာ လီဗာပူး တိုက်စစ်မှူး ဒက်ကွတ်က ချေပဂိုး ပြန်လည်သွင်းယူခဲ့သည်။ လီဗာပူးတို့ ဝီဂန်ကို အဖွင့် ဦးဆောင်ဂိုး ပေးလိုက်ရခြင်းမှာ ဒန်နီရယ်အက်ဂါ၏ အမှားကြောင့်ဖြစ်သည်။ ဒုတိယပိုင်း ပြန်စချိန်တွင် ဇာကီ၏ ဂိုးဖြင့် ဝီဂန်က ဦးဆောင်ဂိုး ပြန်လည်သွင်းယူခဲ့ပြန်သည်။ လီဗာပူးတို့ ချေပဂိုးသွင်းနိုင်ရေး တစ်သင်းလုံး အရှိန်မြှင့်တင်ကစားနိုင်ခဲ့ရာ ရီယာက ချေပဂိုးသွင်းယူပေးနိုင်ခဲ့သည်။ လီဗာပူးအသင်း၏ အနိုင်ဂိုးကို ပွဲချိန်၈၅မိနစ်တွင် တိုက်စစ်မှူး ဒက်ကွတ်က ထပ်မံ သွင်းယူပေးနိုင်ခဲ့သည်။

မန်ယူ-ဝက်စ်ဘရွန်း

မန်ယူတို့ ပထမပိုင်း တစ်ချိန်လုံး ဂိုးပေါက်ပျောက်နေခဲ့ရာမှ ဒုတိယပိုင်းတွင် ရွန်နေ၊ စီရိုနယ်ဒို၊ ဘာဘာတော့ဗ်နှင့် နာနီတို့က ဂိုးများဆက်တိုက်သွင်းပြီး အောင်ပွဲ ဂိုးပြတ်ခံနိုင်ခဲ့သည်။

ဝက်စ်ဘရွန်း ကစားသမားများ ဒုတိယပိုင်းတွင် ဖာဂူဆန်၏ နည်းဗျူဟာ အပြောင်းအလဲကြောင့် ခံစစ်ဖြင့် တစ်ချိန်လုံး ကာကွယ် ကစားခဲ့ကြရသည်။ ချေပဂိုးသွင်းယူရန် အကြိတ်အနယ်ကြိုးစားခဲ့သော်လည်း မန်ယူနောက်တန်းကို ကျော်လွှားနိုင်ခြင်း မရှိ၍ ဝက်စ်ဘရွန်းတို့ လက်လျှော့ခဲ့ရခြင်းဖြစ်သည်။ ။

အခြားပွဲရလဒ်

အက်စ်တွန်ဗီလာ	**၀-၀**	**ပို့စ်မောက်**
ဘော်လ်တန်	**၀-၀**	**ဘလက်ဘန်း**
ဖူလ်ဟမ်	**၀-၀**	**ဆန်းဒါးလန်း**

(အင်တာနက်)

မန်ယူကစားသမား စီရိုနယ်ဒို ဝက်စ်ဘရွန်းဂိုးသမားကို ကျော်ဖြတ်၍ ဒုတိယဂိုး ဤသို့သွင်းယူခဲ့သည်။



ရမည်းသင်းမြို့နယ်၌ စာပေအားမာန်စာကြည့်တိုက်ဖွင့်

ရမည်းသင်း အောက်တိုဘာ ၁၂

ရမည်းသင်းခရိုင် ရမည်းသင်းမြို့နယ် ဘွက်ကျေးရွာအုပ်စု တူးကုန်းကျေးရွာ စာပေအားမာန် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားကို အောက်တိုဘာ ၅ရက် နံနက်၁၀နာရီက အဆိုပါစာကြည့်တိုက်ရှေ့၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင် ဦးစီးအရာရှိ ဦးချိမောင်နှင့် တူးကုန်းကျေးရွာမှ အလှူရှင် ဦးဝင်းမြိုင်(ရွှေလုပ်ငန်းရှင်)တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ခရိုင်ဦးစီးအရာရှိ ဦးချိမောင်က ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် ရေရှည်တည်တံ့ခိုင်မြဲရေး လုပ်ငန်းများ ဆွေးနွေးသည်။

ထို့နောက် အလှူရှင်များက စာအုပ်များ လှူဒါန်းရာ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးလှအောင်က လက်ခံပြီး**(ယာပုံ)** စာကြည့်တိုက် အလှူရှင် ဦးဝင်းမြိုင်နှင့် ဥက္ကဋ္ဌဦးလှအောင်တို့က စာကြည့်တိုက်အတွက် စာအုပ်များ ထပ်မံဝယ်ယူမည့် အစီအစဉ်ကို ရှင်းလင်းတင်ပြကြောင်းသိရသည်။ **(ခရိုင် ပြန်/ဆက်)**

ကန့်ဘလူမြို့၌ မိတ်ဆက်ခြေစမ်းဘောလုံးပြိုင်

ကန့်ဘလူ အောက်တိုဘာ ၂

ကန့်ဘလူမြို့နယ် အားကစားနှင့် ကာယပညာကော်မတီ၏ အစီအစဉ်ဖြင့် ကန့်ဘလူမြို့နယ် လက်ရွေးစင်ဘောလုံးအသင်းနှင့် ကောလင်းမြို့နယ် လက်ရွေးစင်ဘောလုံးအသင်းတို့၏ မိတ်ဆက်ခြေစမ်းပွဲကို စက်တင်ဘာ၁ရက် ညနေက ကန့်ဘလူမြို့နယ် အားကစားကွင်း၌ ကျင်းပရာ ကောလင်းမြို့နယ် လက်ရွေးစင်ဘောလုံးအသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားကြောင်း သိရသည်။ (၀၂၇)

ဘားအံမြို့ ကန်သာယာအတွင်း ငါးမျိုးစိုက်ထည့်

ဘားအံ အောက်တိုဘာ ၁၂

ကရင်ပြည်နယ် ငါးလုပ်ငန်း ဦးစီးဌာနက ကြီးမှူးကျင်းပသည့် ကန်သာယာအတွင်း ငါးမျိုးစိုက်ထည့်ပွဲ အခမ်းအနားကို အောက်တိုဘာ ၁ရက် နံနက် ၁၁နာရီက ဘားအံမြို့ ကန်သာယာ၌ ကျင်းပသည်။

အခမ်းအနားတွင် ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးမောင်မောင်နှင့် အဖွဲ့ဝင်များ၊ ပြည်နယ်၊ ခရိုင်နှင့်မြို့နယ်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းဝင်များက ကရင်ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာန ပြည်နယ်ဦးစီးဌာနမှူး ဦးလှဌေးမှ ပေးအပ်သော ငါးကောင်ရေငါးသိန်းကို ဘားအံမြို့ ကန်သာယာအတွင်း၌ ငါးမျိုးစိုက်ထည့်ပေးကြောင်း သိရသည်။

(အပေါ်ပုံ) (ခရိုင် ပြန်/ဆက်)

ပဲခူးတိုင်း(အရှေ့ပိုင်း) ညွှန်ကြားရေးမှူး ဦးခင်မောင်ချို စက်တင်ဘာ ၂၃ရက်က ကျောက်တံခါးမြို့နှင့် သာယာကုန်း ကျေးရွာဆက်သွယ်သော ကျေးလက်လမ်း ဂဝံခင်းခြင်းလုပ်ငန်း ကိုကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးလွန်းတင်နှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးမောင်မောင်နိုင်မင်း တို့က ရှင်းလင်းတင်ပြစဉ်။

(မြို့နယ် ပြန်/ဆက်)

ဆိပ်ဖြူမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ပျိုးဥယျာဉ်တွင် ပန်းအလှပင်များ ပျိုးထောင်မှုကို စက်တင်ဘာ ၂၉ရက်က မကွေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးဆန်းမော်ခင်နှင့်အဖွဲ့ ကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ တန့်ဆည်၌ အဘိုး၊ အဘွားများအား ကန်တော့

တန့်ဆည် အောက်တိုဘာ ၈

တန့်ဆည်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူး၍ မြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့များ ပူးပေါင်း၍ အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ အထိမ်းအမှတ် သက်ကြီးဘိုးဘွားများအား ပူဇော်ကန်တော့ပွဲကို အောက်တိုဘာ ၁ရက် နံနက် ၁၀နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ပြောကြား

ရှေးဦးစွာ အဘိုး၊ အဘွားများနှင့် တက်ရောက်လာကြသော မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များအား မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခွန်စိုးလွင်က အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ကျင်းပရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသော ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်း အဖွဲ့ဝင်များက သက်ကြီးအဘိုး၊ အဘွားများအား အလှူငွေ၊ ဆေးဝါးနှင့် အသုံးအဆောင်ပစ္စည်းများဖြင့် ကန်တော့ကြသည်။

ဆက်လက်၍ တန့်ဆည်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းတို့ ကြီးကြပ်မှုဖြင့် အဘိုး၊ အဘွားများအား ဆေးဝါး ကုသပေးကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

နမ့်ခမ်းမြို့၌ စာဖတ်သူတိုးပွားရေး သုတ၊ ရသ စာအုပ်မျိုးစုံလှူဒါန်း

နမ့်ခမ်း အောက်တိုဘာ ၈

ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ခမ်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စာဖတ်သူ တိုးပွားရေးအတွက် ရည်ရွယ်၍ စာအုပ်ပြပွဲနှင့် ဟောပြောပွဲကို စက်တင်ဘာ ၂၇ရက် မွန်းလွဲ ၂နာရီက အခြေခံပညာ အထက်တန်းကျောင်းခွဲ(နောင်စန့်ကုန်း)ရှိ ရွှေလီရတနာခန်းမ၌ ကျင်းပသည်။

ဟောပြော

ရှေးဦးစွာမြို့နယ်ပညာရေးမှူး ဒေါ်မြလွင်က အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ်ဦးစီးမှူး ဦးသိန်းအောင်က ရည်မှန်းချက်ရှိရမယ် ခေါင်းစဉ်ဖြင့် ဆွေးနွေးဟောပြောကာ ကျောင်းစာကြည့်တိုက်အတွက် သုတ၊ ရသစာအုပ်မျိုးစုံအုပ် ၃၀ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ စာအုပ်ပြပွဲကျင်းပရာ ကျောင်းသား ကျောင်းသူ ၂၅၀လေ့လာဖတ်ရှုခဲ့ကြကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

သုံးခွမြို့နယ်၌ ပညာပါရမီစာကြည့်တိုက်ဖွင့် ပရိဘောဂ၊ အလှူငွေနှင့် စာအုပ်မျိုးစုံလှူဒါန်း

သုံးခွ အောက်တိုဘာ ၁၆

ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ် ရဲနွဲ့ကျေးရွာ ပညာပါရမီ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် အဆောက်အအုံဖွင့်ပွဲကို အောက်တိုဘာ ၁၄ရက်က ကျင်းပရာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနဦးစီးအရာရှိ ဦးစန်းလွင်ဦး၊ အလှူရှင် ဒေါက်တာမြင့်သိန်းနှင့် ကျေးရွာဥက္ကဋ္ဌ ဦးစိုးဟန်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ကြသည်။ **(အောက်ပုံ)**

ဆက်လက်၍ ဟောပြောပွဲနှင့် စာဖတ်ဝိုင်းကျင်းပရာ ခရိုင်ဦးစီးအရာရှိဦးစန်းလွင်ဦးက စာကြည့်တိုက်ဖွင့်လှစ်ရသည့် ရည်ရွယ်ချက်များကို ရှင်းလင်းပြီး စာဖတ်ဝိုင်းတွင် မဝင်းဝင်းဌေးက ယဉ်ကျေးသူခေါင်းစဉ်ဖြင့်လည်းကောင်း၊ မသင်းသင်းစုက ဆေးဖက်ဝင် ဟင်းနုနယ်ပင်ခေါင်းစဉ်ဖြင့်လည်းကောင်း ဆွေးနွေးကြပြီး မြို့နယ်ဦးစီးမှူး ဦးညွန့်ရွှေက ပြန်လည်သုံးသပ်တင်ပြသည်။

လှူဒါန်း

ထို့နောက် ပညာပါရမီစာကြည့်တိုက်အတွက် ရန်ကုန်မြို့နေဦးစောလှိုင်၊ ဒေါ်ခင်ညှိသင်း (လုကမ္ဘာပရိဘောဂမိသားစု)က ငွေကျပ် ၁၀သိန်းတန်ဖိုးရှိ မှန်ဗီရို၊ စာရေးစားပွဲ၊ ကုလားထိုင်များ၊ စာဖတ်စားပွဲ၊ ခုံတန်းရှည်နှင့် ပရိဘောဂများ၊ ကျေးရွာနေပြည်သူများကငွေကျပ်နှစ်သိန်း၊ သုံးခွမြို့နေ ဦးစိုးမြင့် (မြေစာရင်းဦးစီးဌာန)၊ ဒေါ်စန်းတင့်မိသားစုက ဒီဂျစ်တယ်ရေဒီယိုတစ်လုံး၊ ဦးစိုးလှိုင်၊ ဒေါ်ကြည်ကြည်အေး (သမဦးစီးဌာန၊ ဦးစီးအရာရှိမိသားစု)က ငွေကျပ်တစ်သောင်းနှင့် စုပေါင်း လှူဒါန်းသည့် စာအုပ်မျိုးစုံ ၁၃၂၅ အုပ်တို့ကို လှူဒါန်းပြီး ခရိုင်ဦးစီးအရာရှိ ဦးစန်းလွင်ဦးက အလှူရှင်များကိုယ်စား ဦးမျိုးနိုင်အား ဂုဏ်ပြုလွှာများ ချီးမြှင့်ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

စစ်မှုထမ်းဟောင်းများနှင့် သားသမီးများအား ဂုဏ်ပြုထောက်ပံ့ငွေ ဟသ်ာတ၌ ပေးအပ်

ဟင်္သာတ အောက်တိုဘာ ၈

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဟင်္သာတမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့က မြို့နယ်ရှိ စစ်မှုထမ်းဟောင်း အဖွဲ့ဝင် အသက် (၇၅)နှစ် အထက်ရှိ စစ်မှုထမ်းဟောင်းများနှင့် ၂၀၀၈ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသော စစ်မှုထမ်းဟောင်း သားသမီးများအား ဂုဏ်ပြုထောက်ပံ့ငွေ ပေးအပ်ပွဲကို အောက်တိုဘာ ၂ရက် နံနက် ၉နာရီက ဟင်္သာတမြို့နယ် စည်ပင်သာယာရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ထောက်ပံ့

အခမ်းအနားတွင် မြို့နယ်စစ်မှုထမ်းဟောင်းစည်းရုံးရေးကော်မတီဥက္ကဋ္ဌဗိုလ်ကြီးခင်မောင်မြင့်(ငြိမ်း)က အမှာစကားပြောကြားပြီး စစ်မှုထမ်းဟောင်းအဖွဲ့ဝင် အသက် (၇၅)နှစ်အထက်ရှိ စစ်မှုထမ်းဟောင်းများ **(အပေါ်ပုံ)**နှင့် ၂၀၀၈ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ တွင် ထူးချွန်စွာ အောင်မြင်ကြသော စစ်မှုထမ်းဟောင်း သားသမီးများအား ဂုဏ်ပြုထောက်ပံ့ငွေများ ပေးအပ်ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

တောင်ငူမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အငယ်တန်းအင်ဂျင်နီယာ(၂) ဦးဝဏ္ဏမောင်နှင့် ဝန်ထမ်းများ ဗိုလ်မှူးဖိုးကွန်းလမ်း ဘေးဝဲယာ မြက်ခင်းအလှပြုပြင်ခြင်းလုပ်ငန်း ဆောင်ရွက်မှုကို စက်တင်ဘာ ၂၉ရက်က အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးမင်းလွင်စိုး ကြီးကြပ်ဆောင်ရွက်ပေးစဉ်။

(ခရိုင် ပြန်/ဆက်)

ပြည်ထောင်စုမြန်မာနိုင်ငံတော်
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ
ပစ္စည်းဝယ်ယူရောင်းချရေးအဖွဲ့

ချိပ်ပိတ်ဈေးနှုန်းလွှာခေါ်ယူခြင်း

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၏ လုပ်ငန်းသုံးအတွက်လိုအပ်သော အောက်ဖော်ပြပါပစ္စည်းများအား သိုလှောင်ရုံ အရောက်ကျပ်ငွေဖြင့် ဝယ်ယူရန် ချိပ်ပိတ်ဈေးနှုန်းလွှာများ ဖိတ်ခေါ်အပ်ပါသည်-

စဉ်	ပစ္စည်းအမျိုးအစား	အရေအတွက်
(က)	55 KW မော်တာပန့်	၄ စုံ
(ခ)	ကျောက်ချဉ်	၁၀၀၀ တန်

ဈေးနှုန်းလွှာပိတ်ရက်မှာ ၃၀-၁၀-၂၀၀၈ရက် ညနေ ၄နာရီဖြစ်ပြီး ဈေးနှုန်းတင်သွင်းလွှာ ပုံစံတစ်စုံလျှင် ကျပ်၂၀၀၀(ကျပ်နှစ်ထောင်တိတိ)နှုန်းဖြင့် ဘတ်ဂျက်နှင့် ငွေစာရင်းဌာန၊ ပစ္စည်းဝယ်ယူရောင်းချရေးဌာနစုတွင် ဝယ်ယူနိုင်ပါသည်။ အသေးစိတ်အချက်အလက်များကို ဖုန်း-၃၈၈၇၃၂သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ဥက္ကဋ္ဌ
ပစ္စည်းဝယ်ယူရောင်းချရေးအဖွဲ့။

ငြင်းချက်ထုတ်ရန် သမ္မန်စာ

(တရားမကျင့်ထုံး ကိုဓဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
ရှမ်းပြည်နယ်(မြောက်ပိုင်း)တရားမရုံး၌
၂၀၀၈ ခုနှစ် တရားမကြီးအမှုအမှတ်-၁၅

ဦးစိုင်းရီ — နှင့် — ၁။ ဦးစိုင်းအောင်လှိုင်း ၂။ ဒေါ်နန်းစံခမ်း } အတူနေလင်မယား

တရားလို — တရားခံများ

မူဆယ်မြို့ ဈ/၈၁ ဈေးရပ်ကွက် ဦးစိုင်းအောင်လှိုင်းနှင့် ဒေါ်နန်းစံခမ်း (ယခုနေရပ်လိပ်စာမသိသူ)သိစေရမည်။

ဦးစိုင်းအောင်ရီက သင့်အပေါ်၌ အရောင်းပဋိညာဉ်အတိုင်း ဆောင်ရွက်ပေးစေလိုမှုနှင့် ပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာပေးစေလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်အရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ၊ ၂၀၀၈ခုနှစ် နိုဝင်ဘာ ၁၄ရက် (၁၃၇၀ပြည့်နှစ် တန်ဆောင်မုန်းလပြည့်ကျော် ၂ရက်) မွန်းမတည့်မီ ၁၀ နာရီအချိန်တွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၄င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၀၈ခုနှစ် အောက်တိုဘာ ၁၀ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ဦးကျောက်
ပြည်နယ်တရားသူကြီး။

အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
(ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း)

၁။ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန၊ ရေအားလျှပ်စစ်စီမံကိန်းများအတွက် အောက်ပါပစ္စည်းများကို မြန်မာကျပ်ငွေ၊ ဂိုဒေါင်ရောက်တန်ဖိုး D.D.P(Paung Laung)ဖြင့် ဝယ်ယူလိုပါသည်။

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
၁။	Spare Parts For Core Drill Grout Pump, Crawler Drill Air Compressor	1 Lot

၂။ ချိပ်ပိတ်တင်ဒါပိတ်ရက်မှာ ၃၁-၁၀-၂၀၀၈ ရက် မွန်းတည့် ၁၂:၀၀ နာရီ ဖြစ်ပါသည်။
၃။ ချိပ်ပိတ်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်ကို သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစတင်၍ ရုံးချိန်အတွင်း အောက်ပါဌာနတွင် လာရောက်စုံစမ်းနိုင်ပါသည်။

ပစ္စည်းဖြည့်တင်းရေးဌာနခွဲ
ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
ရုံးအမှတ်(၃၈)၊ နေပြည်တော် ဖုန်း-၀၆၇-၄၁၁၄၁၅၊ ဖက်စ်-၄၁၁၀၈၁။

တရားမပုံစံအမှတ်-၃၃

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဓဥပဒေအမိန့်-၅၊ နည်းဥပဒေ-၁နှင့်၅)
စစ်ကိုင်းတိုင်းတရားရုံး နယ်တရားမရုံး၌
၂၀၀၇ ခုနှစ် တရားမကြီးအမှုအမှတ်-၅၈

ဦးမောင်မောင်လွင် — နှင့် — ၁။ ဦးအောင်အောင်ဦး ၂။ ဒေါ်ကြည်ကြည်တင်

တရားလို — တရားခံများ

ရန်ကုန်မြို့ လသာမြို့နယ်နေ ၁။ ဦးအောင်အောင်ဦး(ဘ)ဦးချစ်ဝေ ၂။ ဒေါ်ကြည်ကြည်တင်(ဘ) ဦးသိန်းမြိုင် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက တရားခံထံမှ အလွဲသုံးစားပြုထားသည့် ငွေကျပ် ၁၈၈၅၂၀၀၀နှင့် နစ်နာကြေးငွေကျပ်သိန်း ၅၀ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်အရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့် စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၀၈ခုနှစ် နိုဝင်ဘာ ၅ရက် (၁၃၇၀ပြည့်နှစ် တန်ဆောင်မုန်းလဆန်း ၈ရက်) မွန်းမတည့်မီ ၁၀ နာရီအချိန်တွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၄င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့် နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။

၄င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့် အတူယူဆောင်လာ ရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၀၈ခုနှစ် စက်တင်ဘာ ၃၀ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ကြည်သိန်း (တ/၁၆၁၀)
တွဲဖက်တိုင်းတရားသူကြီး၊ စစ်ကိုင်းတိုင်းတရားရုံး။

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် မကန/၁၂၄၇ ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ချို၁/မကန(နိုင်)၀၄၉၀၉၁က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ပြည်နယ်ရုံး
(မြစ်ကြီးနားမြို့)။

ရှောင်လေဝေးဝေး မူးယစ်ဆေး

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် မရ/၁၂၇၆၈ အမျိုးအမည် Jialing အမျိုးအစား M/C ယာဉ်လက်ဝယ်ရှိသူ ဦးဇော်မြင့်ထွန်းဦး ၅/မရန(နိုင်)၀၀၃၁၁၀ က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ တိုင်းဦးစီးမှူးရုံး(မုံရွာ)။

အမြန်ရောင်းမည်

၁။ ၆၅ လိုင်းကား လိုင်စင်ဝင်ပြီး CNGဖိုးကျေပြီး၊ အင်ဂျင်ကိုင်ပြီး၊ နေ့စဉ်ဝင်ငွေကောင်း၊ အသင့်မောင်းနိုင်။ ဆိုဈေး ကျပ် ၁၉၉သိန်း။
၂။ သာကေတ ရတနာအိမ်ရာ (၃၀× ၃၅)ပေ 4F တိုက်သစ် 1MB၊ 1BR ရေမီးအစုံ။ ဆိုဈေးကျပ်သိန်း ၁၂၀။

ဖုန်း-၅၄၈၈၀၇။

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

မောင်အောင်သူရသောင်း ၇/ပမန(နိုင်)၁၄၇၈၁၇ သည် မိဘများ၏ ပြောဆိုဆုံးမမှုကို နာခံခြင်းမရှိ၊ မိမိဆန္ဒအလျောက် ၃-၁၀-၂၀၀၈ ရက်တွင် အိမ်ပေါ်မှ ဆင်းသွားပါသဖြင့် အမွေပြတ်စွန့်လွှတ်လိုက်ပြီဖြစ်ကြောင်းနှင့် နောက်နောင် ၄င်းနှင့်ပတ်သက်သော ကိစ္စအဝဝမှန်သမျှကို တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)
ဖခင်-ရဲအုပ်မြင့်သောင်း (ဒုမြို့နယ်မှူးပြည်မြို့နယ်) ၇/ပတတ(နိုင်)၀၄၇၀၃၃
မိခင်-ဒေါ်သန်းသန်းဝေ ၇/ပတတ(နိုင်)၀၄၇၀၃၄။

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သဃ်န်းကျွန်းမြို့နယ် မြေတိုင်းရပ်ကွက်အမှတ် ၃၀ သုဝဏ္ဏ(ဘုရားအနီး) မြေကွက်အမှတ် ၁၃၆၊ မြေကွက်တည်နေရာ အမှတ်(၁၃၆)၊ နှင်းဆီဖြူလမ်း သုဝဏ္ဏ ဒေါ်အေးမြင့်အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဒေါ်အေးမြင့်နှင့်ခင်ပွန်း ဦးအောင်သောင်း ကွယ်လွန်သဖြင့် ၁။ ဒေါ်သန်းသန်းဌေး ၁၂/တမန(နိုင်)၀၃၁၆၀၂၊ ၂။ ဒေါ်ခင်ခင်ဝင်း ၁၂/တမန(နိုင်)၀၈၉၀၉၈၊ ၃။ ဒေါ်နွဲ့နွဲ့ဝင်း ၁၂/တမန(နိုင်)၀၁၀၈၉၈၊ ၄။ ဒေါ်တင်တင်ဝင်း ၁၂/တမန(နိုင်)၀၁၆၃၉၇၊ ၅။ ဦးသူရအောင် ၁၂/တမန(နိုင်)၀၃၃၀၉၅ တို့က သားသမီးများ တော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ။

ကျိုင်းတုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတင်ဝင်း မြို့ရေပေးရေး ရေလှောင်ကန်အမိုး မိုးခြင်းကို စက်တင်ဘာ ၂၇ရက်က ကြီးကြပ်ပေးစဉ်။ (မြို့နယ်စည်ပင်)

တာမွေ အထက(၂)ကျောင်းသားဟောင်းများ မြတ်ဆရာ ကန်တော့ပွဲ ကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၁၈

၁၉၅၁ ခုနှစ်မှ ၂၀၀၇ ခုနှစ်အတွင်း ပညာသင်ကြားခဲ့သော ကျောင်းသားကျောင်းသူဟောင်းများ၏ မြတ်ဆရာကန်တော့ပွဲနှင့် တွေ့ဆုံပွဲကို ၁၃၇၀ပြည့်နှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁၀ရက် အမျိုးသားနေ့ (နိုဝင်ဘာ၂၂ရက်) နံနက်၁၁နာရီတွင် အုန်းတောခန်းမ၌ ကျင်းပမည် ဖြစ်သည်။

လှူဒါန်းနိုင်

အဆိုပါ ကန်တော့ပွဲအတွက် အလှူငွေနှင့်ပစ္စည်းများလှူဒါန်းလိုပါက ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်စန်းမြင့် ဖုန်း- ၅၄၂၃၁၇၊ ဦးလှသောင်းဦး ဖုန်း- ၅၅၂၂၉၂၊ ဦးသိမ်းဆွေမြင့် ဖုန်း-၅၅၂၂၀၀၊ ဦးအောင်ကြည် ဖုန်း-၅၅၄၇၇၂၊ ဦးသန်းနိုင်ဦး ဖုန်း-၀၉-၅၁-၀၂၄၁၀၊ ဒေါ်နီနီစိုး ဖုန်း-၅၄၀၇၃၈၊ ဒေါ်လှမြင့် ဖုန်း-၅၅၁၄၄၀နှင့် ဒေါ်တင်မြင့်ဝင်း ဖုန်း-၅၄၄၉၄၃တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

ရမ်းဗြဲမြို့ ပုလုပ်တောင် အခြေခံပညာအလယ်တန်းကျောင်းရှေ့ မျက်နှာစာခြံစည်းရိုးအုတ်တံတိုင်းအတွက် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို ဩဂုတ် ၃၁ ရက်က အဆိုပါ ကျောင်းအစည်းအဝေးခန်းမ၌ ကျင်းပစဉ်။ (၁၇၄)

လမ်းပေါက်ဖာထေးပြုပြင်

မြောင်မြို့နယ် ပရိမ္မကျေးရွာနှင့် မကျီးဘုတ်ကျေးရွာချင်း ဆက်သွယ်ထားသော ကျောက်လမ်းကို မိုးရာသီတွင် လွယ်ကူစွာသွားလာနိုင်ရေးအတွက် လမ်းပေါက်များ၊ ချိုင့်ခွက်များ ဖာထေးပြုပြင်ခြင်းကို စက်တင်ဘာ ၃၀ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ တာဝန်ခံအင်ဂျင်နီယာ ဦးဗိုလ်ဆန်းလုပ်ငန်းဆောင်ရွက်မှုကို အမှုဆောင်အရာရှိ ဦးတင့်ဝေ ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (မြို့နယ်စည်ပင်)

မိုးကြိုးပစ်၍ လူသေဆုံးမှု ကော့ကရိတ်မြို့နယ်၌ ဖြစ်ပွား

ကော့ကရိတ် အောက်တိုဘာ ၁၇

ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ် (၂)ရပ်ကွက်တွင် စက်တင်ဘာ ၃၀ ရက် ညနေက မိုးကြိုးပစ်၍ လူသေဆုံးမှုဖြစ်ပွားသည်။

ဖြစ်ပွားပုံမှာ ကော့ကရိတ်မြို့နယ် (၂)ရပ်ကွက် ခရင်းကုန်းရပ်နေ ဦးလှထွေး၏သမီးဖြစ်သူ မသန္တာဦးသည် မိုးရွာနေစဉ် အိမ်နောက်ဖေး၌ ပန်းကန်ဆေးကြောနေရာ အိမ်နောက်ဘက်ရှိ ပျဉ်းကတိုးပင်ကို မိုးကြိုးပစ်ရာမှ စက်ကွင်းထိပြီး နေရာတွင်သေဆုံးသွားသည်။ သေဆုံးသူဆွဲထားသော ဆွဲကြိုးမှာ သုံးပိုင်းပြတ်သွားပြီး ခန္ဓာကိုယ်တွင် အညိုစင်းဒဏ်ရာတစ်ခုသာတွေ့ရသည်။

ပျက်စီး

အလားတူ အမှတ်(၂)ရပ်ကွက် ကျောင်းဝင်းအတွင်း မိုးကြိုးပစ်ရာ အနီးရှိ နေအိမ်မှ တီဗွီ၊ ဒီဗွီဒီစက်နှင့် တယ်လီဖုန်းလိုင်းများ ပျက်စီးသွားကြောင်း သိရသည်။ (၀၀၇)

ပုသိမ်ခရိုင် သာပေါင်းမြို့နယ် ဝဲန်မြစ်အတွင်း ၂၀၀၈-၂၀၀၉ ခုနှစ် လုပ်ငန်းရာသီအတွက် ငါးမျိုးစိုက်ထည့်ပွဲကို စက်တင်ဘာ ၅ ရက်က သာပေါင်းမြို့ မင်္ဂလာတံတား၌ကျင်းပရာ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးမောင်မောင်ကျော်၊ ဝန်ထမ်းများနှင့် လူမှုရေးအဖွဲ့အစည်းများက ငါးမြစ်ချင်း၊ တီလားပီးယားနှင့် ငါးခုံးမကြီးကောင်ရေ တစ်သိန်းငါးသောင်း မျိုးစိုက်ထည့်ပေးစဉ်။ (မြို့နယ်ငါးဦးစီး)

မြန်မာ့အားကစားအဆင့်အတန်း တိုးတက်မြင့်မားရေး ကလောင်သွားဖြင့် မြှင့်တင်ပေးခဲ့ကြသူများ

သတင်းမြင်ကွင်း
မြင့်မောင်စိုး

ဓာတ်ပုံမှတ်တမ်း
သိန်းဝင်းလေး(မြန်မာ့အလင်း)

စာမျက်နှာဖွဲ့စည်းမှု
ဟန်စိုး

ရန်ကုန် အောက်တိုဘာ ၁၈

အားကစားလောက ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားကစားလောကအသိုင်းအဝိုင်းမှ တာဝန်ရှိသူများ၏ ကြိုးပမ်းအားထုတ်မှုများ များစွာလိုအပ်သကဲ့သို့ အားကစားကလောင်ရှင်များ၏ လှုံ့ဆော်ရေးသားပေးမှုမှာလည်း အရေးကြီးသောအခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။

ဂုဏ်ပြုကန်တော့

တစ်ချိန်က မြန်မာ့အားကစားလောက ဖွံ့ဖြိုးတိုးတက်ရေး ကလောင်အစွမ်းဖြင့် မြှင့်တင်ပေးခဲ့ကြသည့် သက်ကြီးဝါရင့် အားကစားကလောင်ရှင်ကြီးများအား ဂုဏ်ပြုကန်တော့သည့် အခမ်းအနားတစ်ရပ်ကို ရန်ကုန်မြို့ ဗိုလ်အောင်ကျော်လမ်း IHBC ခန်းမ၌ အောက်တိုဘာ၁၈ရက် ညနေပိုင်းက ကျင်းပခဲ့သည်။

စာမျက်နှာ ၁၁ ကော်လံ ၁ ❐

* ရင်သွေးငယ်များ ကျန်းမာဖို့ အကောင်းဆုံးသည် မိခင်နို့။

* မိခင်နို့ဖြင့် မလုံလောက်လျှင် နွားနို့၊ ဆိတ်နို့အသုံးဝင်။

* အစဉ်ကျိုချက် တိုက်ကျွေးပေး အသင့်မြတ်ဆုံး ကျန်းမာရေး။

လိုက်ဝယ်လ်တာဝိတ်တန်း ရွှေခါးပတ်ချန်ပီယံ (၂၀၀၆)
ကြယ်လင်းအောင် (တောင်ကလေး)

ရန်ကြီးအောင်နှင့် ကြယ်လင်းအောင်တို့၏ မြန်မာ့ရိုးရာ လက်ဝှေ့စိန်ခေါ်ပွဲကြီး မုံရွာမြို့၌ ကျင်းပမည်

သတင်းဆောင်းပါးနှင့်ဓာတ်ပုံ-ဇင်လင်းထွန်း(ခနုဖြူ)
စာမျက်နှာဖွဲ့စည်းမှု-ဝင်းချို(မြန်မာ့အလင်း)

မုံရွာ အောက်တိုဘာ ၁၈

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ၊ အားကစားဝန်ကြီးဌာန မြန်မာနိုင်ငံ ရိုးရာအားကစားအဖွဲ့ချုပ်နှင့် စစ်ကိုင်းတိုင်း အားကစားနှင့်ကာယပညာ ကော်မတီမှ ကြီးမှူးကျင်းပသော **"ရွှေတိုင်းမြေမှ စိန်ခေါ်သံ"** မြန်မာ့ရိုးရာ လက်ဝှေ့စိန်ခေါ်ပွဲကြီးကို လာမည့်အောက်တိုဘာ ၂၅ရက်နှင့် ၂၆ရက်များ တွင် မုံရွာမြို့ မိုးလုံလေလုံအားကစားရုံ၌ ယှဉ်ပြိုင်ထိုးသတ်ကြမည်ဖြစ်ရာ မစ်ဒယ်ဝိတ်တန်း ရွှေခါးပတ်ချန်ပီယံ(၂၀၀၇) ရန်ကြီးအောင် (မြို့တော်စည်ပင်)နှင့် လိုက်ဝယ်လ်တာဝိတ်တန်း ရွှေခါးပတ်ချန်ပီယံ(၂၀၀၆) ကြယ်လင်းအောင်(တောင်ကလေး)တို့၏ အဓိကစိန်ခေါ်ပွဲကြီး ပါဝင်မည် ဖြစ်သည်။

စာမျက်နှာ ၁၃ ကော်လံ ၁ ●

မစ်ဒယ်ဝိတ်တန်း ရွှေခါးပတ်ချန်ပီယံ (၂၀၀၇)
ရန်ကြီးအောင် (မြို့တော်စည်ပင်)

မြန်မာ့အလင်း အင်တာနက်ကျန်းမာရေး

ငါးမန်း၏သွေးအတွင်းရှိ ပဋိပစ္စည်း ကင်ဆာရောဂါ တိုက်ဖျက်နိုင်စွမ်းရှိ

ဆစ်ဒနီ အောက်တိုဘာ ၁၇

ငါးမန်းသွေးတွင် ပါဝင်သည့် ပဋိပစ္စည်းများသည် ကင်ဆာ တိုက်ဖျက်မှုအတွက် အသုံးဝင်လာနိုင်ကြောင်း ဩစတြေးလျ သိပ္ပံ ပညာရှင်များက ပြောကြားသည်။

ငါးမန်းများသည် လူသားများကဲ့သို့ ကိုယ်ခံစွမ်းအားရှိသည်။ သို့သော် ယင်းတို့၏ ပဋိပစ္စည်းများသည် အမှန်တကယ် ရောဂါများ တိုက်ဖျက်ရာ၌ အသုံးဝင်လိမ့်မည်ဟု ဆိုသည်။

ယုံကြည်

ယင်းပဋိပစ္စည်းများသည် ကင်ဆာကဲ့သို့ ရောဂါများ ပျံ့နှံ့ ဖြစ်ပွားခြင်းကို ဟန့်တားပေးနိုင်လိမ့်မည်ဟု သုတေသနပညာရှင်များက ယုံကြည်ထားသည်။

စာမျက်နှာ ၁၁ ကော်လံ ၅ ■

အားမာန်အပြည့်ဖြင့် ပြန်လည်နိုးထလာသော ဧရာဝတီတိုင်းက ဖျာပုံမြို့

လုပ်ငန်းများ ပုံမှန်လည်ပတ်နေပြီဖြစ်သော ဧရာဝတီတိုင်း ဖျာပုံမြို့ ဆန်စက်များ။

ရန်ကုန် အောက်တိုဘာ ၁၈

မိမိတို့သတင်းအဖွဲ့သည် လေဘေးသင့် ဧရာဝတီတိုင်း ဖျာပုံမြို့၏ ဒေသဖွံ့ဖြိုးတိုးတက်မှုများနှင့် ပုံမှန်အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုလေ့လာရန်နှင့် သတင်းဆောင်းပါးများရေးသားရန် ဖျာပုံမြို့သို့ ထပ်မံရောက်ရှိခဲ့ကြပြန်သည်။

သတင်းဆောင်းပါး
မောင်မောင်ထွေး(သတင်းစဉ်)

ဓာတ်ပုံမှတ်တမ်း
လှမိုး(သတင်းစဉ်)

စာမျက်နှာဖွဲ့စည်းမှု-ဉာဏ်ဖြိုး

ဒေးဒရဲမြို့နှင့် ဖျာပုံမြို့သည် ၁၇မိုင်ခန့်ဝေးပြီး လမ်းဘေးဝဲယာတစ်လျှောက်ရှိ စပါးခင်းတို့မှာ တချို့က မြရောင်လွှမ်းလျက်၊ တချို့က ရွှေဝါရောင်သန်းလျက် အောင်မြင်ဖြစ်ထွန်းလျက်ရှိသည်ကို တွေ့မြင်ရသည်။

ကျေးလက်၏ စီးပွားရေးဖြစ်သော စိုက်ပျိုးရေးလုပ်ငန်းများအပြင် မွေးမြူရေးလုပ်ငန်းများဖြစ်သော ဝက်၊ ကြက်၊ ဆိတ်၊ ဘဲ၊ ငါးမွေးမြူရေးလုပ်ငန်းများကိုလည်း တစ်ပိုင်တစ်နိုင်သာမက စီးပွားဖြစ်မွေးမြူထားကြသည်ကို တွေ့ခဲ့ရသည်။

စာမျက်နှာ ၅ ကော်လံ ၁ ✡

19-10 (20).pmd 1 10/19/2008, 4:19 AM